
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# ထူးမြတ်ကြယ်

# ကတ်သီးလေး

စီစဉ်သူ ဦးအောင်နိုး(မော်လမြိုင်)

စာမူခွင့်ပြုချက်အမှတ် – ၅၀၁၃၆၄၁၁၁၁

အဖုံးခွင့်ပြုချက်အမှတ် – ၅၀၁၃၅၂၁၁၁၁

ထုတ်ဝေသူ – ဦးကိုကိုမြင့် (သိန်းမင်းစာပေ)

အမှတ်(၆၃)၊ ဩဘာလမ်း၊ တာမွေမြို့နယ်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ – ဦးကျင်ရင် (၀၅၄၁၇) (ရွှေခြသေ့်ပုံနှိပ်တိုက်)

အမှတ်(၂၂၅)၊ ၃၂-လမ်း၊ ပန်းဘဲတန်းမြို့နယ်။

ထုတ်ဝေသည့်အကြိမ် – ပထမအကြိမ်၊ ၂၀၁၁၊ ဒီဇင်ဘာလ။

အုပ်ရေ/ တန်ဖိုး – ၅၀၀ အုပ်/ ၁၀၀၀ ကျပ်

ဖြန့်ချိရေး – **ခုနစ်စဉ်ကြယ်စာပေ**

အမှတ် ၁၇၅-ဘီ၊ ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉ ၇၃၀၅၁၆၆၄၊ ၀၉ ၇၃၁၂၆၃၅၈

၈၉၅.၈၃

ထူးမြတ်ကြယ်

ကတ်သီးလေး / ထူးမြတ်ကြယ် ။ - ရန်ကုန်၊

သိန်းမင်းစာပေ ၊ ၂၀၁၁ ။

- စာ ၊ ၁၃ × ၂၀ စင်တီ။

(၁) ကတ်သီးလေး

www.burmeseclassic.com

www.burmeseclassic.com

လောကကြီးမှာ ကတ်သီးကတ်သတ်အဖြစ်မျိုးတွေကို မိတ်ဆွေတို့ ကြုံဖူးကြမှာပါ။ ကြားဖူးကြမှာပါ။ ဒါမှမဟုတ် ...

ကတ်သီးကတ်သတ်လေးလွဲတာမျိုး၊ ကတ်သီးကတ်သတ်လေး ဖြစ်တာမျိုးဆိုရင်ရော ...။

သူကတော့ ... ဘယ်နေရာရောက်ရောက်၊ ဘယ်ကိုပဲသွားသွား၊ ဘာပဲလုပ်လုပ် ...

ကတ်သီးကတ်သတ်ဖြစ်တာ၊ ကတ်သီးကတ်သတ်လေးလွဲတာမျိုး ခဏခဏ ဖြစ်တတ်ပါတယ်။

ခုလည်းကြည့် ...

သူ့အဖြစ်က တကယ့်ကို ကတ်သီးကတ်သတ်ပါပဲ ....။

www.burmeseclassic.com

www.burmeseclassic.com

"ဟော့ကောင် မန်းချိုး၊ ငါ ရန်ကုန်သွားမလို့ ... မင်း လိုက်မလား"

မိုးချမ်းဆိုသောသူ့ကို သူငယ်ချင်းများက မန်းချိုးဟုသာ ခေါ်ကြသည်။

"ဘယ်သူတွေပါဦးမှာလဲ"

"ဘယ်သူမှ မပါဘူး၊ ငါတစ်ယောက်တည်းပဲ၊ ဒါကြောင့် မင်းကို ခေါ်တာ"

"မင်းက ရန်ကုန်ကို ဘာသွားလုပ်မှာလဲ ကိုတိုး"

"ငါ့ကောင်မလေးနောက်ကို လိုက်မလို့ကွ၊ သူက ရန်ကုန်ကို အလည်သွားတာ ... အဲဒါ ငါ လိုက်သွားမလို့ ... မင်းလည်း အလည်လိုက်ခဲ့ပေါ့ကွ"

"အေး၊ လိုက်မယ်ကွာ"

-----ooooo-----

www.burmeseclassic.com

www.burmeseclassic.com

အဲသလိုနဲ့ ... ရွှေဘိုသားဖြစ်တဲ့သူက ဈေးကို သံပုရာသီး သွားဝယ်ရင်း လမ်းမှာ ကိုတိုးနဲ့တွေ့ပြီး ရန်ကုန်ကို လိုက်သွားခဲ့တယ်။ သူတို့စီးလာတဲ့ကားက ရွှေဘို–ရန်ကုန် တိုက်ရိုက်ပြေးဆွဲတဲ့ကား။ ကားပေါ်ရောက်တော့ အမေ့စကားသံတချို့ကို နားမှာ ပြန်လည်ကြားယောင်လိုက်မိသေးတယ်။

“အမေ သွေးတိုးနေသလားမသိဘူး၊ ခေါင်းတွေမူးနေတယ်သားရယ်၊ ဈေးထဲမှာ သံပုရာသီးလေး သွားဝယ်ပေးစမ်းပါ”

“ဟုတ်”

------ooooo------

www.burmeseclassic.com

www.burmeseclassic.com

# [ တစ် ]

ရန်ကုန်ဆိုတာ သူတို့လူငယ်တွေအတွက် အိပ်မက်မြို့တော်မဟုတ်လား။ ရန်ကုန်မှာ အလုပ်လုပ်ပြီး နေကြည့်ချင်တယ်။ စိတ်ကူးပေါက်ပြီး ကိုတိုးနဲ့ လိုက်လာတုန်းကတော့ ယခုလို အစီအစဉ်မျိုး မရှိသေးဘူး။ နောက်မှ တက္ကသိုလ်ကျောင်းတုန်းက ခင်ခဲ့တဲ့ သူငယ်ချင်းတွေလည်း ရန်ကုန်မှာ အလုပ်နဲ့ အကိုင်နဲ့ တိုးတက်နေကြတာကို သတိရပြီး စိတ်ကူးတစ်မျိုးဖြစ်သွားတယ်။

ဈေးကို သံပုရာသီးဝယ်ဖို့ ဆိုင်ကယ်နဲ့ ထွက်လာတော့ သူ့မှာ ဟန်းဖုန်းရော၊ ပိုက်ဆံအိတ်ထဲ ငွေလေးသောင်းကျော်ကျော် ပါနေတော့ ကိစ္စက လွယ်လွယ်ကူကူပဲ အထမြောက်သွားခဲ့တယ် အဝေးပြေးကားပေါ်ရောက်နေတဲ့အခိုက် အိမ်ကို ဖုန်းဆက်တုန်းကတော့ ကိုတိုးနဲ့ အလည်လိုက်သွားတာလို့ပဲ ပြောခဲ့တာ ...။

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းထဲက သူပြောတာကိုလည်းကြားရော ... မေမေက ဘုရားကို အကြိမ်ကြိမ် တ,သံကြားရတယ်။

"ဘုရား ဘုရား၊ နင် တော်တော့်ကို ဆိုးဝါးလှပါလား မိုးချမ်းရယ်၊ နင်မို့ ဒီလို လုပ်ရက်တယ်၊ သွေးတိုးလို့မှ သံပုရာသီး သွားဝယ်ခိုင်းတာ ... ငါသာသေသွားရင် ဘယ်လိုလုပ်မှာလဲ"

"ဟာဗျာ၊ ဒါလောက်နဲ့ အမေ မသေနိုင်ပါဘူး၊ ရုပ်ပျို တိုင်းရင်းဆေး သောက်နေကျပဲ၊ အဲဒါလေး သောက်ထားလိုက် ပေါ့၊ အမေ့သမီးကျောင်းကပြန်လာမှ သွားဝယ်ခိုင်းလိုက်"

"ဘုရား ဘုရား၊ မလည်မဝယ်နဲ့ ရန်ကုန်လိုက်သွားတာ၊ နင် ပိုက်ဆံရော ပါလို့လား"

"နည်းနည်းပဲပါတယ်၊ အဲဒါ ... အမေ ငွေပို့ပေးဦး"

"အေးပါဟယ်၊ နင် လည်ပတ်ပြီးတာနဲ့ အိမ်ကိုပဲ တန်း ပြန်ခဲ့နော် မိုးချမ်း"

"ကျွန်တော် ပြန်မလာသေးဘူးအမေ၊ ရန်ကုန်မှာ သူငယ် ချင်းတွေလို အလုပ်လုပ်မယ်"

"ဘုရား ဘုရား၊ မိဝေးဖဝေးသားရယ်၊ ဒီမှာလည်း အလုပ် လုပ်လို့ ရတာပဲ၊ အလုပ်မလုပ်လည်း သားကို မပူရ၊ မပင်ရအောင် အမေတို့ ထားနိုင်နေသားပဲ"

"မဟုတ်ဖူးအမေ၊ ကျွန်တော် ရန်ကုန်မှာ နေကြည့်ချင် လို့ပါ၊ မြို့ကြီးမှာ အလုပ်လုပ်ပြီး နေချင်လို့ပါ"

"ဒီမှာသား၊ မင်းအဖေနဲ့ ပြောလိုက်ဦး"

အမေက ဖုန်းကို အဖေနဲ့ လွှဲပေးလိုက်ပါတယ်။

ခုလောက်ဆို သူ့ကို အလိုက်လိုက်ထားခဲ့မိတဲ့ အဖေ

www.burmeseclassic.com

www.burmeseclassic.com


လည်း နှောင်တတွေ ရနေလောက်ရောပေါ့။

"ဟော့ကောင် မိုးချမ်း"

"ခင်ဗျာ"

"မင်းကိုလေ ... ငါ နားကို မလည်ဘူး။ ဘယ့်နှယ် ဒီလောက် ပြည့်ပြည့်စုံစုံ နေနိုင် စားနိုင်ရဲ့သားနဲ့ ရန်ကုန်မှာ အလုပ် လုပ်ချင်ရတယ်လို့"

"ဒါက လူငယ်တွေအချင်းချင်းပဲ နားလည်လို့ရနိုင်တဲ့ စိတ်ပဲ အဖေရဲ့"

"အေးလေ၊ အဲ့ဒါကိုပြောတာပေါ့ကွ၊ ဒီမှာ ကိုယ့်အလုပ်နဲ့ ကိုယ်ရှိသားပဲ၊ ဟိုမှာမှ သူများအလုပ်လုပ်ရင် သူများမျက်နှာ ကြည့်နေရဦးမယ်"

"ရန်ကုန်မှာ နေကြည့်ချင်လို့ပါ အဖေရာ"

"ဘာပဲဖြစ်ဖြစ်လေ၊ ကိုယ့်အဖေ အလုပ်တွေ မနိုင်မှန်း သိရဲ့နဲ့ မျက်နှာလွှဲခဲပစ်သွားချင်ရသလား"

"အဲ့ဒါက ဦးကြီးအောင်လည်းရှိသားပဲ"

"ဟော့ကောင်၊ တစ်ချိန်ကျရင် ဒီအလုပ်တွေ ဦးစီးလုပ်ရမှာ မင်းလေ၊ ဦးကြီးအောင် မဟုတ်ဘူး"

"ဟုတ်ကဲ့ပါ အဖေရာ၊ ဒီကြားထဲ ကျွန်တော် အဆင်မပြေ ရင် ပြန်ခဲ့မှာပါ၊ အဖေပြောသလိုပေါ့၊ သူများအလုပ်လုပ်ပြီး သူများမျက်နှာ မကြည့်ချင်တော့တဲ့အခါ ကျွန်တော် ပြန်လာမှာပါ"

ရန်ကုန်ကို ခဏခဏအလည်ရောက်ဖူးပြီး အဲ့ဒီအချိန် ကတည်းက ရန်ကုန်မှာနေချင်တဲ့စိတ် ရှိခဲ့တာ။

အဖေ့အလုပ်တွေ ရန်ကုန်ပြောင်းဖို့ နားချကြည့်သော်


www.burmeseclassic.com

www.burmeseclassic.com


လည်း ဘယ်လိုမှ မအောင်မြင်။ ဒီမြေမှ တစ်ဖဝါးမှမခွါလိုပါတဲ့။

ခုတော့ ... အဖေတို့၊ အမေတို့ ခွင့်ပြုချက်ကို မရမယ့် အတူတူ ... ရန်ကုန်ရောက်နေတဲ့အခိုက် သူ့ဆုံးဖြတ်ချက်ကို ခိုင်ခိုင်မာမာနဲ့ ချပစ်လိုက်တယ်။

ဟုတ်တယ်။ သူဟာ ယောက်ျားပဲ။ ကိုယ့်ခြေထောက်ပေါ် ကိုယ် ရပ်တည်ကြည့်သင့်တာပေါ့။

မဟုတ်ဖူးလား မိတ်ဆွေတို့ရာ။

------ooooo------


www.burmeseclassic.com

www.burmeseclassic.com

## [ နှစ် ]

"သဒ္ဒါရယ်၊ နင်ဟာလေ အသက်လေး လက်တောက်လောက်ရှိသေး၊ နားက လေးချင်နေပြီ"

အိချောပိုက စိတ်မရှည်သလိုပြောတော့ သဒ္ဒါက ...

"စပြောကတည်းက နင်မှ သေသေချာချာပီသအောင် မပြောတာကိုး ဒေါ်အိရဲ့"

"အံမယ်၊ ခါတိုင်းလည်း အမြဲနှစ်ခါပြန်ပြောရတာကိုများနော် ... ညို"

အိချောပိုက ညိုဆိုသော နော်သပြေညိုကို စစ်ကူလှမ်းတောင်းလိုက်သည်။ ညိုက ပါးစပ်က ပြန်မဖြေအား။ ခေါင်းသာ အကြိမ်နှစ်ဆယ်လောက် ညိတ်ပြလိုက်သည်။ ညိုက ပြေင်းဖူးပြုတ်ကို သူများလုစားမှာစိုးသလို စားနေလိုက်တာ ပါးစပ်နှင့်

www.burmeseclassic.com

www.burmeseclassic.com


အပြည့်အသိပ်ပဲ။

"ကဲပါ၊ ထားပါတော့ ... နှစ်ခါပြန်ပြောလက်စနဲ့ ခုလည်း ပြန်ပြောပါဦး၊ ခုနက နင် ဘာပြောလိုက်တာလဲ ဒေါ်အိ"

"ကြုံကြွား ဒီနေ့နောက်ကျတယ်လို့"

"ဟော့ ... ပန်းကြည်နူးကို အဲသလို နာနာခေါ်နော် ဒေါ်အိ၊ သူ့ရှေ့ ယောင်ပြီးထွက်သွားမှ ဟုတ်ပေ့ဖြစ်နေမယ်"

အိချောပိုတို့သုံးယောက် သဘောကျစွာ တခွီးခွီးရယ်ကြသည်။ သဒ္ဒါက ...

"ဟဲ့ ... ညို၊ ဖြည်းဖြည်းရယ်ပါဟ၊ ဒီမှာ နင့်ပါးစပ်ထဲက ပြောင်းဖူးဖတ်တွေ ငါ့ကို စင်ကုန်ပြီ"

ညိုက ပါးစပ်ကို လက်နှင့်ပိတ်ပြီး ဆက်ရယ်သည်။ ညို့ ပုံစံကိုကြည့်ကာ သဒ္ဒါနှင့်အိချောပိုက တစ်ခါ ထပ်ရယ်ကြပြန်သည်။

ကြုံကြွားဆိုတာ ပန်းကြည်နူးကိုခေါ်ခြင်းဖြစ်သည်။ စကားပြောနေရင်း ကြုံရင်ကြုံသလိုကြွားတတ်သောကြောင့် ထိုသို့ခေါ်ခြင်းပင်။ သူငယ်ချင်းတွေဆိုပေမယ့် ပန်းကြည်နူးက မနှစ်ကမှ သဒ္ဒါတို့နှင့်လာနေခြင်းဖြစ်သည်။ အိချောပိုအဒေါ်နှင့်ပတ်သက်ပြီး ရောက်လာသူဖြစ်သည်။ အစကတော့ သဒ္ဒါတို့က သိပ်မခေါ်ချင်ပါ။ နောက် အိချောပိုအဒေါ်က အရမ်းပြောလာ၍ ခေါ်လိုက်သည်။ ကြုံကြွားခေါ် ပန်းကြည်နူးက ကျန်တဲ့နေရာတွေတော့မဆိုးလှပါ။ ပေါင်းလို့သင်းလို့ကောင်းသည်။ အဲ ... တစ်ခုပဲ ကြုံလျှင် ကြုံသလို ကြွားတတ်တာလေးက လွဲလို့ပေါ့။

"ခု ဘယ်နှစ်နာရီရှိပြီလဲ၊ အယ် ... ခြောက်နာရီခွဲပြီတော့"


www.burmeseclassic.com

www.burmeseclassic.com



အိချောပိုက သူ့ဘာသာမေးပြီး သူ့ဘာသာပဲဖြေသည်။

"ဘာဖြစ်လို့လဲ ဒေါ်အိ"

"ငါ့မောင်ဝမ်းကွဲလေးတစ်ယောက် ညနေလာမယ် ပြောတယ်ဟ၊ မလာဖြစ်တာပဲလား၊ မရှာတတ်တာလား မသိဘူး"

"သူက ရန်ကုန်မရောက်ဖူးဘူးလား"

"ရောက်ဖူးပေမယ့် သိပ်မကျွမ်းဘူးဟ"

"လိပ်စာပြောလိုက်ရင်တော့ တက္ကစီသမားက ရှာတတ်မှာပါ"

အိချောပိုက သဒ္ဒါပြောတာကို အင်းမလုပ် အဲမလုပ် ပြူးပြူးလေးကြည့်နေသည်။ သဒ္ဒါ သဘောပေါက်သွားသည်။

"ဒေါ်အိ ... ရှင်ဟာလေ ကိုယ့်ဖာသာကိုယ် ကတ်စေးနဲရတာ အားမရလို့ နင့်မောင်ကိုပါ ကတ်စေးနဲခိုင်းလိုက်တာမဟုတ်လား"

"ဟီး ... တက္ကစီခတွေက ဈေးကြီးတာကိုး၊ ပြီးတော့ ငါ့ဆောင်ရှပ်က မအူမလည်ရုပ်ထွက်နေရင် ပိုပြီးများများတောင်းမှာစိုးလို့၊ ပြီးတော့ ... ကားကြောက သင့်တယ်လေ၊ ဒါကြောင့် လိုင်းကားစီးလာဖို့ မှာလိုက်တာ"

"အဲ့ဒါနဲ့ပဲ လိုင်းကားနံပါတ်ဘယ်လောက်စီးလာပါ၊ ဘယ်မှတ်တိုင်ရောက်ရင်ဆင်း၊ ပြီးတော့ ဘယ်လိုလျှောက်လာခဲ့လို့ လမ်းညွှန်လိုက်တယ်ဆိုပါတော့"

နော်သပြေညီကတော့ သူမတို့နှစ်ယောက်ကိုကြည့်ကာ ပြောင်းဖူးပြုတ်လောက်ပင် စိတ်မဝင်စားဟန်ဖြင့် တစ်ဖက်ကို ပြန်လှည့်သွား၏။ အိချောပိုနှင့် သဒ္ဒါတို့နှစ်ယောက်သာ စကားနိုင်

www.burmeseclassic.com

www.burmeseclassic.com


လုနေကြဆဲ ဖြစ်သည်။

"ဒေါ်အိကတော့လေ၊ တကယ့်စံပါပဲ၊ ပန်းကြည်နူးကို ကြုံကြွားလို့ခေါ်သလို ဒေါ်အိကိုလည်း ဒေါ်ကပ်စေးလို့ခေါ်ရမယ်"

"အံမယ် ... ဒါဆို နင်ကရော သဒ္ဒါ၊ နင်ကကျတော့ နားအလေးချိတ်"

"ဟင်! ဘာ"

"တွေ့လား၊ တစ်ခွန်းပြောတိုင်း 'ဟင်' 'ဘာ' နဲ့ နားလေးလို့ ခေါ်ရင် နားထောင်မကောင်းလို့ ... ယဉ်ယဉ်ကျေးကျေးလေး နားအလေးချိတ်လို့ခေါ်တာ"

"ဒါဆို ငါကရော"

နော်သပြေညိုက ယခုမှ စိတ်ဝင်စားဟန်ဖြင့် ဝင်မေးသည်။

အရေးထဲ သူက နာမည်ရချင်နေသေးသည်။

"နင်ကလား? နင်က အားတိုင်းရယ်လေ"

"ဟင် ... အားတိုင်းမွေးပဲကြားဖူးပါတယ်"

"အေး ... အားတိုင်းရယ်မလုပ်ချင်လည်း အားတိုင်းမွေး လုပ်လိုက်ပေါ့၊ မတားပါဘူး"

"တော်ပြီ၊ တော်ပြီ၊ အားတိုင်းတော့ မမွေးချင်ပါဘူး၊ အားတိုင်းရယ်ပဲလုပ်တော့မယ်၊ ဟီ ဟီ"

ပြောရင်း နော်သပြေညိုက ရယ်သည်။ ညို့ကိုကြည့်ပြီး သဒ္ဒါနှင့် အိချောပိုကလည်း ရယ်ပြန်သည်။

"နေဦး ... ရယ်နေလို့မပြီးသေးဘူး၊ ငါ အောက်ဆင်ပြီး ရှုန်းဆက်လိုက်ဦးမယ်"


www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အဲဒါကောင်းတယ် ဒေါ်အိ၊ အဖြူအမည်းသိရတာပေါ့၊ ငါ လိုက်ခဲ့မယ်လေ"


အိချောပိုပြောတာကို နော်သပြေညိုက ထောက်ခံရင်း ထရပ်သည်။ သဒ္ဒါက သူမကိုကြည့်လာ၍ မြန်မြန်ခေါင်းယမ်းပြလိုက်လေသည်။

"ငါ မလိုက်တော့ဘူးလေ၊ ကြည်နူးပြန်လာရင် တံခါးဖွင့်ပေးရဦးမှာ"

"အပိုတွေ၊ ကျုံကြွားမှာ သော့ပါတာပဲ၊ သူ့ဖာသာသူ ဖွင့်ဝင်မှာပေါ့၊ ခါတိုင်းလည်း ဒီလိုပဲဟာကို၊ ခုမှ သိပ်ချစ်နေ ဟွန်း"

"ဟီး ... မဟုတ်ပါဘူး၊ ဩော် ... ပြီးတော့ နင့်မောင်လေးလာခဲ့ရင် အိမ်မှာဘယ်သူမှ မရှိမှာစိုးလို့ပါ ဒေါ်အိရဲ့ အဲဒါကြောင့်"

"ဒါဆိုရင်လည်း ရှိစေတော့ ... ရှိစေတော့"





www.burmeseclassic.com

www.burmeseclassic.com

[ သုံး ]

သူ တက္ကစီခရှင်းပေးပြီး ကားအောက်ဆင်းလိုက်သည်။ ပြီးတော့ တိုက်အမှတ်တွေကြည့်လိုက်တော့ သူရှာနေသော နံပါတ်နှင့်သိပ်မကွာတော့တာမို့ ရှေ့နည်းနည်းဆက်လျှောက်လာခဲ့၏။

ယခုရှာသောတိုက်ခန်းက ဒေါ်ကြီးတို့ပြောင်းလာတာကြာသေး။ ဟိုးအရင်သူ ရောက်ဖူးတုန်းက အခန်းတော့ မဟုတ်ပါ။ သူ ရန်ကုန်ရောက်၍ ဗလရုံးကို ဖုန်းဆက်တော့မှ လိပ်စာအသစ်ပေးခြင်းဖြစ်သည်။ ဗလက ဒေါ်ကြီးတိုက်ခန်းတွင် အတူနေသည်။

"မင်းဖာသာ တက္ကစီငှားပြီးအိမ်ကိုသွားလိုက် မန်းချိန်မှာ ဒေါ်ကြီးတော့ ရှိလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြီးဆိုတာလည်း ကျောင်းတုန်းက သူ့သူငယ်ချင်း လမန်းဒေါ်ကို ပြောခြင်းဖြစ်သည်။ သို့နှင့် သူ့ဖာသာ ဒေါ်ကြီး တိုက်ခန်းရှိရာကို ကားငှားပြီး လာခဲ့သည်။ ကိုတိုးကတော့ သူ့ကောင်မလေး ချောင်းသာသွား၍ လိုက်သွားပြီ။ ကိုတိုးနှင့်အတူ ချောင်းသာအထိ လိုက်ဖို့တော့ သူ, စိတ် မပါတော့ပါ။

ဟော ... တွေ့ပြီ။ တိုက်အမှတ် (......) တဲ့။ ဒေါ်ကြီး တို့နေတဲ့လေးထပ်တိုက်ဆိုတာ ဒါပဲဖြစ်မည်။ သူ မော့ကြည့်ပြီး အထပ်ရေလိုက်၏။ တစ် ... နှစ် ... သုံး ... လေး။ လေးထပ်မှကျနေသော ခေါင်းလောင်းကြိုးကို လှုပ်ဆွဲလိုက်သည်။

ခေါင်းလောင်းကြိုးဆွဲပြီး ခဏအကြာ ကောင်မလေး တစ်ယောက်ထွက်လာတော့ သူ, အံ့သြသွား၏။ ယောကျ်ားလေးတွေနေတဲ့အိမ်မှာ ကောင်မလေးက ဘယ်လိုလုပ်ရောက်နေပါလိမ့်။

ဪ ... သိပြီ။ ဒါလေးက ဗလရဲ့ကောင်မလေးထင်သည်။ ဒေါ်ကြီးပြောဖူးတာတော့ ဗလစွံသွားပြီဟု ပြောသည်။ စွံသွားပြီဆိုတော့ ဗလနှင့် ယူပြီးသွားပြီဟု ဆိုလိုခြင်းများလား။ ထို့ကြောင့် ... ဒေါ်ကြီးတိုက်ခန်းမှာပဲ အတူနေကြခြင်းလား။

"ဘာလဲ မသိဘူး"

အပေါ်က ကောင်မလေးလှမ်းအော်မှ သူ, အတွေးရပ်သွားသည်။

"ဒေါ်ကြီးရှိလား ... ဒေါ်ကြီး"

"ဪ ... ရှိတယ်၊ ရှိတယ်၊ တက်ခဲ့"

တက်ခဲ့ဆိုတော့ သူလည်း အပေါ်ကို တက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်ထွက်လာတာမို့ သူ့တွင် ဘာအိတ်မှ မပါတာ တော်သေးသည်။ တစ်ထပ် ... နှစ်ထပ် ... သုံးထပ် ... လေးထပ်။

"လာ လာ၊ ဝင်ခဲ့ ဝင်ခဲ့"

ဗလကောင်မလေးက တော်တော်ကြီးကို လှပါသည်။ ခါးလယ်ထိဆံပင်ရှည်လေးနှင့် အိမ်နေရင်းဂါဝန်လေးဝတ်ထား၏။ သူ အထဲဝင်ရင်း နည်းနည်းတော့ စဉ်းစားမိသည်။ ဗလနှင့် လက်ထပ်ပြီးပြီဆိုဦးတော့ ... အိမ်တွင် ဒေါ်ကြီးတစ်ယောက်တည်း ရှိလျှင် မည်သို့ သင့်တော်ပါမည်နည်း။

"ထိုင်ဦးနော် ... ဒေါ်အိက မျှော်နေတာ ... ခုပဲ အောက်ခဏဆင်းသွားတယ်"

သူ ခေါင်းညိတ်ကာ ဝင်ထိုင်လိုက်သည်။ စကားပြောတာလေးက ဝဲသလိုလိုဘာလိုလိုနှင့် ဒေါ်ကြီးကို ဒေါ်အိဆိုလား ဒေါ်ရီးဆိုလား သိပ်မသဲကွဲပါ။ ထိုင်နေရင်း မျက်စိကစားလိုက်တော့ စိတ်ထဲ မသိုးမသန့်ဖြစ်လာသည်။

ခုန အဝင်ဝမှာကတည်းက ဖိနပ်စင်ပေါ်မှာလည်း မိန်းကလေးဖိနပ်တွေချည်းပဲ တွေ့ရသည်။ ယောကျ်ားလေးဖိနပ် တစ်ရံတလေပင် မတွေ့။ ဧည့်ခန်းမှာချိတ်ထားသောဓါတ်ပုံတွေကလည်း မိန်းကလေး (၄) ယောက်တွဲရိုက်ထားသောပုံတွေ။

ပြီးတော့ ဆက်တီခုံပေါ်မှာ လျှော်ပြီးသားအဝတ်တွေရော၊ [illegible]တာကလည်း မိန်းကလေး အဝတ်အစားတွေချည်းပါပဲ။ [illegible]ဝိုင်းဝတ်သည့်အတွင်းခံတောင်ပါသေးသည်။ ဘယ်လိုပါ[illegible] သူ့ တွေးရကျပ်နေသည်။

ခဏနေတော့ ကော်ဖီခွက်ကိုင်ပြီး ကောင်မလေးပြန်

www.burmeseclassic.com



ထွက်လာသည်။

"ကော်ဖီသောက်ဦးနော်၊ ဒေါ်အိတို့ပြန်လာတော့မှာပါ"

သူ့ မအူမလည်ဖြင့် ခေါင်းသာညိတ်ပြလိုက်ရသည်။

"ဟယ်တော့ ... ဒေါ်အိကတော့လုပ်ပြီ၊ သူ့အဝတ်တွေ ရုတ်ပြီးရင် ဘယ်တော့မှ တစ်ခါတည်း အခန်းထဲယူ မသွားဘူး"

ဒေါ်ကြီးအဝတ်တွေဆိုပါလား။ ဘုရား ဘုရား ဒေါ်ကြီးက အရှင်လတ်လတ် လုံးရာကပြားပြီး ဘဝပြောင်းသွားတာများလား။ ဂျာနယ်ထဲမှာလည်း ထိုသတင်းမတွေ့မိပါ။ တစ်ခုခုတော့ မှားနေပြီထင်သည်။

"ဟို ... အာကာ ...."

သူက အာကာထင်ကျော်ရော ရှိသလားဟု မေးရန် ပါးစပ်ပြင်ရုံရှိသေး ကောင်မလေးက အဝတ်တွေယူကာ အခန်းထဲဝင်သွားပြန်သည်။ အဝတ်တွေကို အခန်းထဲထားပြီး ပြန်ထွက်လာမှ

"ဒေါ်အိက ရှင်ရောက်မလာလို့ဆိုပြီး ဖုန်းသွားဆက်တာ"

"ဗျာ"

"လိုင်းကားတော့ စီးတတ်သားပဲ၊ ရှင် ... အိမ်ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာလို့လေ၊ အဲ့ဒါ ဒေါ်အိက သူ့မောင်လေးဖြစ်တဲ့ ရှင့်ကို စိတ်ပူနေတာ"

"သူ့မောင်လေး"

သူ သံယောင်လိုက်ကာ ပြန်ပြောမိသည်။ ဒါကို ကောင်မလေးက ဘာကြောင်တာလဲဆိုသော အကြည့်ဖြင့် ကြည့်သည်။ သူ့မှာတော့ သူ့သောကနှင့်သူ။ ဘာတွေလဲဆိုပြီး ခေါင်းစားနေပြီ။

"ရှင်ကဘယ်လိုဖြစ်နေတာလဲ၊ ဟင် ရှင် ဒေါ်အိရဲ့မောင်

www.burmeseclassic.com

www.burmeseclassic.com


မဟုတ်ဖူးလား"

"ဒေါ်အိရဲ့မောင် ... အာ မဟုတ်ပါဘူး၊ ဘယ်က ဒေါ်အိလဲ၊ ဒေါ်ကြီးရဲ့ သူငယ်ချင်းတော့ ဟုတ်တယ်"

"ဟင် ... ဒါဆို ရှင်က ဘယ်သူလဲ"

"မိုးချမ်းလေ"

"မိုးချမ်း ... ဘယ်ကမိုးချမ်းလဲ"

"ဒေါ်ကြီးသူငယ်ချင်းမိုးချမ်း"

"ဒေါ်ကြီးသူငယ်ချင်း! ဒေါ်အိကိုပြောတာလား"

"ဒေါ်အိက ဘာလဲ! ဒေါ်ကြီးလား၊ ဒေါ်အိလား၊ ပီအောင်ပြောလေ"

သူနှင့်ကောင်မလေး နှစ်လုံးတည်းနှင့်တိုင်ပတ်နေသည်။ ရှုလည်တယ်ဆိုခြင်းကို ကောင်းကောင်းနားလည်သွားသလိုပင်။

ထိုအချိန်မှာပဲ တံခါးဖွင့်သံနှင့်အတူ နောက်ထပ်ကောင်မလေးနှစ်ယောက် ဝင်လာသည်။ သူ့အဖို့ ဘာတွေဖြစ်နေပြီလဲဆိုတာ စဉ်းစား၍ မရတော့ပါ။

"ဒေါ်အိ ... နင့်မောင်ဆိုတာ သူလားဟင်"

"မဟုတ်ပါဘူး၊ သူက နင့်သူငယ်ချင်း မဟုတ်ဘူးလား၊ ဒါက နင့်သူငယ်ချင်းမှတ်နေတာ သဒ္ဓါရဲ့"

"အာ ... မဟုတ်ဘူး၊ ဒါဆို ရှင်က ဘယ်သူလဲ"

"ပြောပြီးပြီလေ မိုးချမ်းလို့"

"အာ ... နာမည်ကိုပြောတာမဟုတ်ဘူး၊ ဘယ်သူ့ဆီကိုလာတာလဲလို့မေးတာ"

"ကျွန်တော့်သူငယ်ချင်းဒေါ်ကြီး(ခေါ်)လမန်းဒေ(ခေါ်)

www.burmeseclassic.com



ငြိမ်းထက်အောင်ဆီကိုလာတာလေ၊ ဒါ ဒေါ်ကြီးတို့အခန်း မဟုတ်ဘူးလား"

"ဟင် ... အဲ့ဒါ ဒီအခန်း မဟုတ်ဘူး၊ ဒါ မိန်းကလေးတွေပဲ နေတာရှင့်"

"ရှင် ဘာလာပြီး အူကြောင်ကြောင်လုပ်တာလဲ"

"မိန်းကလေးတွေချည်းနေမှန်းသိလို့ လာကြောင်တာနေမှာပေါ့"

ကောင်မလေးသုံးယောက်က သူ့ကို အချဉ်လာဖမ်းတာဟု ထင်သွားကြသည်။ ခုမှပဲ သူ့အဖြစ်ကို ငိုချင်းချချင်သွား၏။ သူ့အဖြစ်က တကယ့်ကို ကတ်သီးကတ်သတ်အဖြစ်။

"ဘာလာကြောင်ရမှာလဲဗျ! ကျွန်တော် အောက်က ကြိုးဆွဲပြီး ဒေါ်ကြီးရှိလားလို့မေးတာကို ခင်ဗျားပဲရှိတယ် တက်ခဲ့ဆိုပြီး ပြောလို့တက်လာတာ၊ ကဲ ... မဟုတ်ဖူးလား အမိရဲ့"

ဒေါ်အိနှင့် နော်သပြေညိုက သဒ္ဒါကိုကြည့်သည်။

ထိုအခါမှ သဒ္ဒါက ...

"ဟို ... ဟို သူက အောက်ကနေ ဒေါ်ကြီးလို့ပြောတာ ငါက ဒေါ်အိလို့ ကြားတာနဲ့ ... အဲ့ဒါ အဲ့ဒါ"

"တော်ပြီ သဒ္ဒါ၊ ငါ သဘောပေါက်ပြီ၊ နင့် နားကိုတော့ သွားပြမှဖြစ်တော့မယ်"

ကောင်မလေး ပေကလပ်ပေကလပ်နှင့်ငြိမ်သွားသည်။ ဒေါ်အိဆိုသောကောင်မလေးက ...

"ဒါနဲ့ ရှင်က ဘယ်အထပ်ကိုလာတာလဲ မသိဘူး"

"လေးထပ်ကို"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဒါ သုံးထပ်ပဲရှိသေးတဲ့ဟာကို"

"ဟာဗျာ၊ အဲဒါ ကျွန်တော် ဘယ်သိမလဲ၊ ကျွန်တော်က ခုမှ ရောက်တဲ့လူလေ၊ သူ ခေါ်လို့ တက်လာတာပါဆို"

သူ ခေါင်းကို စုံကုတ်မိတော့သည်။

"နေဦး၊ ရှင့်သူငယ်ချင်းက ဒီတိုက်ကိုပြောင်းလာတာ ဘယ်လောက်ရှိပြီလဲ"

"လဝက်လောက်ရှိပြီပြောတာပဲ"

"ဒါဆို အပေါ်ထပ်ဖြစ်မယ်ထင်တယ်၊ သူတို့လည်း အဲ့ဒီ အချိန်လောက်ကမှ ပြောင်းလာတာ"

"ဟုတ်လား၊ ဒါဆို ကျွန်တော် တက်မေးကြည့်လိုက်ဦး မယ်၊ ကျေးဇူးပါပဲဗျာ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

သူ တစ်ချိုးတည်း အပေါ်ထပ်လစ်ခဲ့သည်။ စိတ်လောစွာ တံခါးကို တဒုန်းဒုန်းမြည်အောင်ထုမိသည်။

"ဘယ်သူလဲကွ" ဆိုသောအသံနှင့်အတူ တံခါးလာဖွင့် သူက ဒေါ်ကြီး။ ခွေးကောင်ဟုဆိုကာ သူ့, အိမ်ထဲအတင်းဝင်၍ ဒေါ်ကြီးကို နပမ်းဖက်လုံးပစ်လိုက်မိသည်။

------ooooo------

www.burmeseclassic.com

# [ သုံး ]

"အံ့သြတယ်၊ နင့်ကိုတော့ တော်တော့်ကို အံ့သြတယ် မိသဒ္ဒါရယ်၊ ဒီလောက်တောင်ပဲ နားက အကြားမှားရသလား"

"ဟဲ့ ... သူက အောက်ထပ်က ဒေါ်ကြီးကို ပီအောင်မှ မအော်တာ၊ ငါက ဒေါ်အိပဲထင်တာပေါ့၊ ပြီးတော့ ဒေါ်အိကလဲ သူ့မောင်လေးလာမယ် ပြောထားတာကိုး"

"အဲ့ဒါနဲ့ပဲ အိမ်ပေါ်ခေါ်တင်လိုက်ရောပေါ့၊ ဘာမှန်းညာမှန်းမသိတဲ့ ယောကျ်ားလေးတစ်ယောက်ကို နင် မကြောက်ဘူးလား ဟင်"

"ကြောက်မလား! အဲ့ဒီတစ်ယောက်ကို ဒေါ်အိမောင်လေးပဲ ထင်တာပါဆို၊ သူကလည်း ဘာမှမပြောဘဲ ဝင်ထိုင်နေတယ် အံ့ပါရဲ့"

www.burmeseclassic.com

www.burmeseclassic.com



သဒ္ဓါစကားအဆုံးမှာ အိချောပိုက ရင်ဘတ်ဖိသည်။

"တကယ့်ကို နင်ကများ အံ့ရတယ်ရှိသေး၊ တော်သေးတာပေါ့ ... ဟိုက ဝင်ထိုင်ရှုပဲထိုင်နေလို့ ... ဟင်း ... ငါ မပြောလိုက်ချင်ဘူး"

"ဟွန်း ... မကြောက်သေးဘူး၊ အသက်ချင်းလဲပစ်လိုက်မှာပေါ့"

အိချောပိုစကားကြောင့် သဒ္ဓါက မျက်စောင်းထိုးသည်။ ညိုကြ ခွီးခနဲ ရယ်၏။ မကြာခင်ကမှ ပြန်ရောက်လာသော ပန်းကြည်နူးက သူတို့စကားတိုင်းကို အံ့ဩဟန်ဖြင့် နားထောင်နေသည်။ ဒေါ်အိက ...

"အသက်ချင်းလဲတာက နောက်၊ ကျော်မကောင်းကြားမကောင်းဖြစ်မှာက အရင်"

"ဒါပေမယ့် ... အဲ့ဒီလူပုံစံက သန့်သန့်ပြန့်ပြန့်ပါပဲ၊ ဟိုလိုဒီလိုတော့ ဟုတ်ပုံ မရပါဘူး"

ညိုကြ စဉ်းစဉ်းစားစားလေးဝင်ပြောသည်။ ဒေါ်အိက ညို့တို့ မျက်စောင်းထိုးကြည့်ကာ ...

"ဩော် ... ဉာဏ်ကြီးရှင်၊ ဟိုလိုဒီလိုမဟုတ်လို့သာ သဒ္ဓါအကောင်းကြီးရှိနေတာပေါ့"

ညိုကြ ရယ်တော့ ပန်းကြည်နူးကပါ ပြုံးစိစိလုပ်နေသည်။ ထိုသို့ပြုံးလျှင် ပန်းကြည်နူးကို အရမ်းလှသည်ဟု သူများတွေက ပြောကြတယ်ဆိုပဲ။ ဟိုတစ်ခါ ကြုံတုန်း ပန်းကြည်နူးက ကြွားဖူးသည်။ တကယ့်ကို ကြုံတိုင်းကြွားတတ်သော ပန်းကြည်နူးပါပဲ။ ပန်းကြည်နူးက ...

www.burmeseclassic.com



"နင်တို့ပြောတာတွေ နားထောင်နေရတာနဲ့ ငါ မေ့တော့မလို့"

ပြောရင်းဆိုရင်း ပန်းကြည်နူးက စကားစလာသည်။ သဒ္ဒါတို့သုံးယောက် ပန်းကြည်နူးဘက်ခေါင်းတွေ လှည့်သွားကြသည်။ ပန်းကြည်နူးက သူ့အိတ်ထဲက ကလစ်လှလှလေး ထုတ်ပြတာ ...

"ဒီမှာလေ ... ငါ **City Mark** ဝင်ရင်း လှလို့ ဝယ်လာတာ၊ ငါးထောင်တောင်ပေးရတယ်ဟဲ့၊ မတတ်နိုင်ဘူး၊ ကြိုက်သွားတော့လည်း ဝယ်ရတော့တာပေါ့၊ ဒီတစ်ခုတည်းကျန်တော့တာ သိလား၊ ဒါတောင် ကံကောင်းလို့ ......."

ညိုက ပါးစပ်လေးပိတ်ကာ တိတ်တိတ်ခိုးရယ်သည်။ ဒေါ်အိက ပုခုံးတွန့်ပြသည်။ သဒ္ဒါစိတ်ထဲမှ "ထို့ကြောင့် ဤအရာကို ကြုံကြွားဟုခေါ်သည်" ဟု ရွတ်နေသည်။

"ဒေါက် ဒေါက်"

ထိုစဉ်မှာပင် တံခါးခေါက်သံ မတိုးမကျယ်ကို ကြားရသည်။

"ဟော ... ဒါကမှ ဒေါ်အိမောင်လေးအစစ်ထင်တယ်"

"မဟုတ်ဘူး၊ ငါ့မောင်က မလာဖြစ်ဘူးတဲ့"

"ဩော် ... ဒါဆို ဘယ်သူပါလိမ့်"

"သွားဖွင့်မှ သိရမှာပေါ့ဟဲ့"

"အာ ... ကပ်နေကြပြန်ပြီ ... နေ နေ ကြည်နူးပဲ သွားဖွင့်လိုက်မယ်"

ကြုံကြွားထသွားသည်။ ကြုံကြွားနှင့်အတူပါလာတာက

www.burmeseclassic.com

www.burmeseclassic.com



ဟိုလူ ... မနက်က အိမ်ပေါ်ကို မှားခေါ်မိသူ။ ထိုသူရယ်၊ တခြား ယောက်ျားလေး တစ်ယောက်ရယ်။ ဒေါ်အိက ...

"ဘာတုန်းဟဲ့၊ ဘယ်သူတွေမို့ နင်က တံခါးဖွင့်ပေးရတာလဲ ကြည်နူး"

"ဟော် တော့်၊ သိဖူးလေ၊ သူက ဒေါ်အိဆီ လာတာဆိုလို့၊ ဒေါ်အိမောင်လေး ပြန်လာဖြစ်တယ် ထင်တာပေါ့"

"လာပြန်ပြီ ငါ့မောင်၊ ဒီတစ်ကောင်နဲ့ကို ဒီတစ်နေ့လုံး ရှုလည်နေတော့တာပဲ"

"ကဲ၊ ဆိုစမ်းပါဦး၊ ရှင်တို့က ဘာကိစ္စ လာရပြန်တာလဲ"

သဒ္ဒါက ခပ်ဆတ်ဆတ်လေး မေးလိုက်သည်။ မိုးချမ်းက

"ခုနတုန်းကလည်း ပြောပြီးသားပါ၊ မှတ်မိမလားတော့ သိဘူး၊ ကျွန်တော့်နာမည် မိုးချမ်း၊ ဒါကတော့ ကျွန်တော့် သူငယ်ချင်းဒေါ်ကြီး(ခေါ်) လမန်းဒေါ်"

သူမတို့တစ်တွေ အယောင်ယောင်အမှားမှား ခေါင်းညိတ်မိကြသည်။ ဘာသဘောလဲဆိုတာတော့မသိ။ လာမိတ်ဆက်တာလား၊ ဘာလား၊ ညာလား။

"ဖြစ်ပုံက ဒီလိုပါ၊ ကျွန်တော့်ကို သူငယ်ချင်းက လိပ်စာပြောတော့ လေးလွှာတဲ့၊ အဲ့ဒါ ကျွန်တော်က လွယ်လွယ်ပဲ လေးထပ်ဆိုပြီး မှတ်ထားတာ၊ အဲ့ဒီမှာ စလွဲတာပဲ၊ သုံးလွှာ၊ လေးလွှာနဲ့ သုံးထပ်၊ လေးထပ်က အဓိပ္ပါယ်ကွဲမှန်း နယ်ကလာတဲ့ ကျွန်တော် ဘယ်သိမလဲ၊ အဲဒါကြောင့် ... ကျွန်တော် လာကြောင်တာမဟုတ်ဘူးဆိုတာ လာရှင်းပြတာပဲ"

သြော် ... လိုရင်းက ဒီလို။ သူ့ မကြောင်ဘူးဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ရှင်းပြနေသော မိုးချမ်းဆိုသည့် အူကြောင်ကြောင်ငနဲကိုကြည့်ကာ မိန်းကလေးတွေက ရယ်ချင်စိတ်တွေ ကလိကလိဖြစ်နေကြသည်။ အဖြစ်အပျက်ကို ဘာမှနားမလည်သော ပန်းကြည်နူးကလွဲလျှင်ပေါ့။ ညိုကတော့ ရယ်နေပြီ။

မိုးချမ်းဆိုသူနှင့်အတူပါလာသော ဒေါ်ကြီးဆိုသူက ခေါင်းကုတ်ကာ ထပ်ရှင်းပြပြန်သည်။

"ဟို … ဒီလိုပါ၊ ကျွန်တော်တို့က ဒီကိုပြောင်းလာတာ မကြာသေးဘူး၊ မိုးချမ်းကလည်း ဒီကို တစ်ခါမှမရောက်ဖူးတော့ အဲ … ဟို … ကျွန်တော်တို့ကလည်း ယောကျ်ားလေးလူပျိုတွေ ပဲနေကြတာ၊ ဒီက လိုတဲ့အကူအညီများရှိရင် အချိန်မရွေး တံခါးလာခေါက်နိုင်ပါတယ်လို့"

ဟွန်း၊ ဘာမှလည်း မဆိုင်ပါလား။ သို့သော် … ဒါကမှ တကယ့်လိုရင်း ဖြစ်ပုံရသည်။ ပြောတာတွေက စုံနေတာပါပဲ။ ဘာတွေမှန်းမသိ။ ဘာမှလည်း မဆိုင်။ မဆိုင်တာကို ဆိုင်အောင် ဆွဲပြောသွားသည်။ အိချောပိုတို့ကလည်း အိမ်နားနီးချင်းမို့ မရိုင်းချင်၍ ပြန်ပြီး မိတ်ဆက်ရတော့သည်။ အတင်းကြီးဆိုတော့လည်း နော်။ ဘာပဲဖြစ်ဖြစ် မိန်းကလေးတွေချည်းနေတာဆိုတော့ အရေးဟာယ်၊ အကြောင်းဟာယ် အကူအညီရနိုင်လည်း မနည်းဘူး မဟုတ်လား။

"ဟုတ်ကဲ့၊ ကျွန်မက အိချောပိုပါ၊ ဒေါ်အိလို့လည်း ခေါ်ပါတယ်၊ သူကတော့ မြသဒ္ဒါယုတဲ့၊ သူက နော်သပြေညို၊ သူက ပန်းကြည်နူး"

"ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



တို့မှာ သူငယ်ချင်းနှစ်ယောက်ကျန်သေးတယ်ဗျ၊ ပြန်မလာကြသေးလို့၊ နောက်နေ့မှ ထပ်လာမိတ်ဆက်ပေးပါ့မယ်"

"ဩော် ... အင်း"

"နောက်နေ့မှ မိတ်ဆုံစားပွဲလေး လုပ်ကြတာပေါ့ဗျာ၊ ခုတော့ ပြန်ဦးမယ်နော်"

"ပြန်တော့မလို့လား၊ ဘာမှတောင် ဧည့်မခံလိုက်ရဘူး"

"ရပါတယ်ဗျာ၊ နောက်မှပဲပေါင်းစားပါ့မယ်၊ သွားပြီနော်"

"ဟုတ်ကဲ့"

မိုးချမ်းက သဒ္ဒါကို မျက်လုံးလေးနှင့် နှုတ်ဆက်သွားပါသည်။ သူတို့ပြန်သွားတော့ ဒေါ်အိက ပြုံးစိစိနှင့် သဒ္ဒါ့ကို စကားတစ်ခွန်း ပြောသည်။

"သဒ္ဒါ၊ နင့်နားက ဒီလိုကျတော့လည်း အလွဲကောင်းပဲနော်၊ တစ်ခါတည်း ကောင်လေးချောချောလေးတွေကို အိမ်ပေါ်ခေါ်ရိုက်ရောက်အောင်ကို တလွဲကြားလိုက်တာပဲ"

"ဟွန်း ... သွားပါ"

အိချောပိုစကားကို ညိုဂုက ရယ်နေပြီး ပန်းကြည်နူးက လှလှပပလေးပြုံးနေလေသည်။

သဒ္ဒါကတော့ မျက်စောင်းသာထိုးလျက်။

-----ဝဝဝဝဝ-----

www.burmeseclassic.com

www.burmeseclassic.com

## [ လေး ]

အတော်လေးမိုးချုပ်တော့ ဗလနှင့်အာကာထင်ကျော် ပြန်ရောက်လာသည်။ သူ ဒီနေ့ရောက်လာမှာကြိုသိထားသဖြင့် ဘီယာဘူးတွေ၊ အမြည်းတွေပါ တစ်ခါတည်း ဝယ်လာ၏။

ဗလနှင့် အာကာထင်ကျော် အိမ်ထဲရောက်သည်နှင့် ဒေါ်ကြီးက ...

"ဗလနဲ့အာကာ သိလား"

ဒေါ်ကြီးက ဒီနေ့အဖြစ်အပျက်ကို သိပ်ပြီး ပြောပြချင်နေသည်။ ထိုသို့ပြောဖို့ စကားစရာ ဘာမှ မပြောရသေးခင်ကပင် 'သိလား'ဆိုသောစကားက စ,သည်။ ဒါကို ... အကြောင်းသိပြီးသား ဗလနှင့်အာကာထင်ကျော်ကလည်း ...

"သိဘူး" (သံပြိုင်)

www.burmeseclassic.com

www.burmeseclassic.com


ခေါ်ကြီးမျက်နှာ ရှုံ့မဲ့သွားသည်။

"မင်းတို့ကလဲကွာ၊ ငါ အကောင်းပြောမလို့ဟာကို"

"အဲ့ဒါ တစ်ခါတည်းပြောလိုက်ပါလား' ဘာလို့ သိလား၊ မသိလား မေးနေရသေးလဲ"

"ဘာလဲ! မင်းက လမန်းဒေါ်ဆိုပြီး ကချင်သွေးနှစ်စက် လောက်ပါတာကိုပဲ ဗမာစကားမလောက်စားသလို ဟန်ရေးပြချင် တာလား"

"ဘာလဲဟ' ဗမာစကားမလောက်စားတယ်ဆိုတာ"

သူက ဗလတို့ပြောစကားကို မျက်စိလည်သွားပြီး မေး လိုက်သည်။

"ဗမာစကားကောင်းကောင်းမပြောတတ်တာကို ပြောတာ လေ"

အာကာထင်ကျော်က ရှင်းပြသည်။ ထို့နောက် ... ဗလက

"စကားပြောတယ်ဆိုတာကလဲ သူ့ဘောင်နဲ့သူပဲကွ၊ ဘယ့်နှယ် ဘာအကြောင်းအရာကို ဘယ်လို၊ ဘာဆိုတာတောင် မပြောရသေးဘူး၊ ငါတို့ကို သိလားလို့ အရင်မေးတော့ ငါတို့က ဘယ်လိုလုပ်ပြီး သိပါ့မလဲ"

"ကဲ ... တော်ပါတော့ မိကျောင်းအဖေရယ်၊ ကျွန်တော် မျိုးများပါတယ်"

သူ့, အားရပါးရ ရယ်မောမိတော့သည်။ သူငယ်ချင်းတွေ နှင့်ပြန်ဆုံရတာ တကယ်ကို ပျော်စရာကောင်းသည်။

အာကာထင်ကျော်က ...

"ကဲပါ ... ဆိုစမ်းပါဦး၊ ခုနက မင်း ဘာပြောချင်တာလဲ


www.burmeseclassic.com

www.burmeseclassic.com


ဒေါ်ကြီး"

ဒေါ်ကြီးက သူ့စကားကို ဆက်ဖို့ကြိုးစားသည်။

"ငါပြောချင်တာ မိုးချမ်းအကြောင်းကွ"

"အင်း ... ပြောပါဦး"

"ဒီကောင်က ကျောင်းတုန်းကလိုပဲ သူခြေချတဲ့နေရာမှာ ဓယားက ခင်းပြီးသား၊ ခု ရန်ကုန်ရောက်တာ ၂၄ နာရီမပြည့်သေးဘူး၊ ဇာတ်လမ်းကစနေပြီ"

ဒေါ်ကြီးနှင့်ဒေါ်အိဇာတ်လမ်းကို ဒေါ်ကြီးကပဲ ပြန်ပြောပြသည်။ သူကတော့ နားထောင်ပြီး နားကြားမှားသော ကောင်မလေးကို ရယ်ချင်နေသည်။ ကောင်မလေးနာမည်က မြသဒ္ဒါယုတဲ့။ နာမည်ရော၊ လူပါ တော်တော့်ကိုလှသော ကောင်မလေး။

"အဲ့ဒါ ငါတို့နှစ်ယောက်လည်း အောက်ထပ်ဆင်းပြီး ခပ်တည်တည်နဲ့ အခွက်ပြောင်ပြောင် သွားမိတ်ဆက်ပြီးပြီ၊ မင်းတို့နှစ်ယောက်ပဲကျန်တော့တယ်၊ ကောင်မလေးတွေက အလန်းလေးတွေကွ"

"အာ ... ဒီလိုတော့ ဘယ်ရမလဲ! ငါတို့လည်း သွားမိတ်ဆက်မယ် လာ ... ထ ... ခုသွားမယ်"

"ဟာ ... ခုတော့မလုပ်ပါနဲ့၊ မိုးချုပ်နေပြီကွ၊ ကောင်မလေးတွေချည်းနေတဲ့အခန်း၊ မကောင်းဘူးလေ၊ နောက်မှ"

"ဒါဆို အပေါ်ကို ခေါ်လိုက်မယ်ကွာ"

"ဟေ့ကောင် ဗလ၊ ဘာမှတောင်မသောက်ရသေးဘူး၊ လာရစ်မနေနဲ့နော်၊ ငါက ယောကျ်ားလေးအချင်းချင်းဆို စိတ်က သိပ်ရှည်တာမဟုတ်ဘူး"


www.burmeseclassic.com

www.burmeseclassic.com


ဒေါ်ကြီးက အတည်ပေါက်ဟောက်သည်။ သူက —

"ဗလ ကောင်မလေးကို လှမ်းတိုင်လိုက်ပေါ့ကွာ"

"ဟေး" ခနဲ ဝိုင်းအော်ကြသည်။ ဘာမှတော့မဆိုင်ပေ။

"မိုးချမ်း၊ မင်းက နယ်ပြန်သွားပြီး သတင်းမကြား၊ ဘာကြားဆိုတော့ ငါတို့က မိန်းမ ရ,နေပြီထင်တာ"

"အေးလေ၊ အစကတည်းက မင်းက စွံတဲ့ကောင်ဆိုတော့ ခုလောက်ဆို ကလေးနှစ်ယောက်အဖေဖြစ်နေလောက်ပြီပဲတွက်ထားတာ"

ဗလနှင့်အာကာက အတိုင်အဖောက်ညီနေသည်။ သူက ရယ်ကျဲကျဲဖြင့် …

"အဲ့ဒီလောက်လည်း စွတ်မတင်ပါနဲ့ကွာ၊ ငါ့မှာ ခုထိ ညည်းစားတောင် မရှိသေးဘူးကွ"

"ဤသည်လည်း အံ့ဖွယ်တစ်ပါးပဲ၊ မင်းလောက်စွံတာ တည်းမင်းပဲရှိတယ်၊ ကျောင်းတက်တုန်းကတည်းက မင်းဘေးမှာ ဝိုင်းနေတဲ့ဟာကို"

"ဘာလဲ! မင်းက ခေါင်းခေါက်ရွေးနေတာလား မိုးချမ်း"

ဗလအမေးကို သဘောကျစွာ အားလုံးရယ်ကြသည်။

သူငယ်ချင်းတွေပြောလည်းပြောစရာပင်။ ကိုယ့်ကိုယ်ကိုယ်မို့ပြော တာမဟုတ်။ မိုးချမ်းမြေ့ဆိုလျှင် ကောင်မလေးတွေက နှစ်ခါပြန်ကြည့်ခံရသောအချိန်ကို ပိုင်ဆိုင်ခဲ့ဖူးပါသည်။

နဂိုရုပ်ရည်ချောမောခြင်းနှင့် အိမ်ကပို့သမျှပိုက်ဆံကို အလျှံပယ်သုံးနိုင်ဖြုန်းနိုင်သော မိုးချမ်းက ကျောင်းမှာ တော်တော်ထင်ပေါ်ခဲ့ပါသည်။


www.burmeseclassic.com

www.burmeseclassic.com



ထင်ပေါ်တော့ စင်ပေါ်တင်ချင်သောမိန်းကလေးတွေဆို တာကလည်း ပေါမှပေါ။

သို့ပေမယ့် သူ့နှလုံးသားက တုတ်တုတ်မျှမလှုပ်ခဲ့ပါ။ ဤသည်ကိုပင် မာနမင်းသားဆိုကာ သူ့ကို အသည်းခွဲချင်သော အလှဘုရင်မတွေကိုလည်း ရှောင်ခဲ့ရသည်။ ထားပါတော့ ... ပြီးခဲ့တဲ့ အတိတ်တွေကို။

"မင်းသမီးကတော့ အောက်မှာ အဆင်သင့်ရှိပြီ၊ မင်းသား က ဘယ်လိုလဲ"

ဒေါ်ကြီးက အောက်ထပ်ကကောင်မလေးတွေကို ရည် ရွယ်ပြောတာ သူ သဘောပေါက်သည်။ သူက ...

"အင်း၊ ကျန်တဲ့သုံးယောက်တော့မသိဘူး၊ မြသဒ္ဒါယုဆိုတဲ့ ကောင်မလေးကိုတော့ ဝေးဝေးကရှောင်ရမယ်ကွ"

"ဘာဖြစ်လို့လဲ? အဲ့ဒီဟာလေးက ချစ်စရာလေးကွ"

"အေး၊ ချစ်စရာတော့ကောင်းပေမယ့် နားလေးမယ့်ပုံပဲ၊ တော်ကြာ ငါက ထီးဆို သူက ခမောက်ကြားလို့ ရှာလည်နေ ပါဦးမယ်"

"ဟေ"

"ဟုတ်လား"

------ooooo------



www.burmeseclassic.com

www.burmeseclassic.com

# [ လေး ]

"တော်ပါတော့ ကြုံကြွားရယ်"ဟုသာ ပြောပစ်လိုက်ချင်သည်။ သဒ္ဒါတို့ တိတ်တခိုးပေးထားသော ကြုံကြွားဆိုသည့်နာမည်ကိုပင် ပြန်ပြောင်းပေးရတော့မည်ထင်သည်။ ခုတော့ ... ကြုံလို့ကြွားသည့် အဆင့်ပင်မကတော့။ မကြုံကြုံအောင် တမင်ဟာတာကြီးကို လိုက်ကြွားနေသည်။

ဒီနေ့ သဒ္ဒါ ထမင်းချက်အလှည့်ကျသည်။ အလှည့်နှင့်သာပြောရသော်လည်း အမြဲပင် ဒေါ်အိချက်သည်က များပါသည်။ ဒေါ်အိက သဒ္ဒါတို့ချက်တာ စိတ်မရှည်ဟု ဆိုသည်။ လှုပ်စိ လှုပ်စိနှင့် ပြီးနိုင်မစီးနိုင် ချက်နေတာကြည့်ပြီး အသည်းယားသည်တဲ့။ ချက်တော့လည်းဟုတ်သည်။ ဒေါ်အိများ ဟင်းချက်လျှင် မြန်သလားမေးနှင့်။ ဟောတစ်ခွက်၊ ဟောတစ်ခွက်နှင့်ခဏချင်းပင်ကျက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါလေ သိလား? ရုံးက သူငယ်ချင်းတွေကပြောတယ်၊ ကြည်နူးတဲ့ နင့်တစ်ကိုယ်လုံး ခြေဆုံးခေါင်းဖျားတွက်ကြည့်ရင် ရတနာပစ္စည်းမပါဘဲနဲ့ ဆယ်သိန်းလောက်များရှိမလားတဲ့၊ အဟင်း ဟင်း ဟင်း၊ သူတို့လည်း သူတို့အထွာလေးနဲ့သူတို့ တွက် ပြရှာတယ်ထင်ပါရဲ့ သဒ္ဒါရယ်၊ ဆယ်သိန်းဘယ်ကပါ့မလဲ၊ လက် တိုင်အိတ်တစ်ခုတည်းနဲ့ကို သုံးသိန်းရှိနေပြီ၊ ကျန်တဲ့ကလစ်၊ နာရီ၊ ဖိနပ်ပါ ပေါင်းလိုက်ရင် ဆယ်သိန်းအထက်မှာပဲ"

စိတ်ကြီးရယ် ညစ်ရပါလားနော်။ သဒ္ဒါမှာ ဟင်းချက်နေ ဆဲမို့ ပြေးမရ၊ ပြုမရဖြစ်နေသည်။ မြန်မြန်ကျက်ပြီးရော ချက် လိုက်၍ မကောင်းလျှင်လည်း ဒေါ်အိက ပွစိပွစိလုပ်ဦးမည်။ ခုလည်း နားညည်းသည်။ ဒေါ်အိရဲ့တေးသံသာပါ ထပ်ဆင့် နားထောင်ရလျှင် သဒ္ဒါ့နား ခံနိုင်မည် မထင်ပါ။

ဒီတော့ ... ပန်းကြည်နူးတစ်ယောက် ကြွားချင်သလောက် သာကြွားပေတော့ သဘောထားကာ စိတ်လျှော့ထားလိုက်သည်။ ပြီးတော့ ... အနားလာကြွားနေသူကို အအားမထားဘဲ တစ်ခုခု တော့ ခိုင်းမှ ဖြစ်မည်။

"ရော့ ... ကြည်နူး၊ ဒါလေးကူသင်နော်"

စိတ်ရှိတိုင်းထိုင်ကြွားဖို့ ကင်ပွန်းချဉ်စည်းနှင့်ဇကာလေးပါ ပေးလိုက်သည်။ ကင်ပွန်းချဉ်စည်းကို ကိုင်ပြီး ကြည်နူး နည်းနည်း တော့ တွန့်သွားပုံရသည်။ သို့သော် ကြွားချင်သည့်စိတ်က အားသာ သွားပြီး ကင်ပွန်းချဉ်စည်းကို ဖြည်လိုက်သည်။

"ကြည်နူး"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်နှစ်နာရီထိုးပြီလဲဟင်"

"ရှစ်နာရီ"

"ဟင် ... နင် အလုပ် မသွားဘူးလား"

"ဒီနေ့ ပိတ်တယ်လေ၊ အဲ့ဒါပြောတာပေါ့၊ ငါ့အလုပ်က အရမ်းကောင်းပါတယ်ဆို၊ သူများတွေဆို အရမ်းအားကျတာ သိလား၊ ပိတ်ရက်လည်းများပြီး လစာလည်းကောင်းတယ်လေ၊ ငါ့အတွက်တော့ လစာက မက်စရာမရှိပါဘူး၊ ငါက အလုပ်ပဲ လုပ်ချင်တာ၊ သိတယ်မလား? လူဆိုတာ အလုပ်လုပ်နေမှ အစွမ်း အစရှိတာလေ သဒ္ဒါရဲ့"

"ဒါဆို ငါက အစွမ်းအစမရှိဘူးပေါ့"

"အင်း ... အဲ ... ဟို၊ ငါက အဲ့လိုပြောတာမဟုတ်ဘူးလေ၊ နင်က အအားနေတာမှမဟုတ်တာ ... သင်တန်းတွေ အကုန်တက် နေတဲ့ဟာ၊ ငါက ဒီအတိုင်း အလကားနေပြီး အားနေတဲ့သူကိုပြော တာပါ သဒ္ဒါရဲ့ ... အ"

"ဟယ် ... ကင်ပွန်းချဉ်ဆူး စူးပြီထင်တယ်၊ ပြစ်မ်း ပြစ်မ်း အယ် ... သွေးတောင်စို့သွားပြီ ကြည့်နူးရဲ့၊ သွား သွား အိမ်ရှေ့သွား ပြီး ဆေးထည့်လိုက် ပြီးရင် ဒီမလာနဲ့တော့ ညော်ဝင်ရင် အနာရင်း ထိခံ့မယ်"

သဒ္ဒါက နားအေးပြီးရော အကြဲကြီးကြဲလိုက်ပေမယ့် အောင်မြင်ပါ။ အဟားပင် ခံလိုက်ရသေးသည်။ ထသွားဖို့တော့ အဝေးကြီး။

"အဟင်း ဟင်း ဟင်း၊ သဒ္ဒါက သိပ်ရယ်ရတာပဲ၊ သွေး သွေးကြားရင် ရယ်နေပါဦးမယ်၊ ဒီမှာ အပ်ဖျားလောက်လေး သွေး



www.burmeseclassic.com

www.burmeseclassic.com



ထွက်တာပါ သဒ္ဒါရဲ့၊ ဒီအပ်ဖျားလောက် အနာသေးသေးလေးထဲ ဝင်ရမယ့်ညော်ဆိုရင် တော်တော်ကြီးကို ရှာဖွေပြီးမှ ဝင်ရလိမ့်မယ်"

"ဟီး ... ဟုတ်ပါရဲ့နော်"

"ဒါပြီးရင် ဘာကူလုပ်ပေးရဦးမလဲ"

"ရပြီ၊ ရပြီ၊ အသားတစ်ခွက်၊ ချဉ်ရေရယ်၊ အသီးအရွယ်ကြော်ရယ်"

သဒ္ဒါ အားတော့နာသွားသည်။ ကြည်နူးက ဘယ်လိုပဲ ကြွားကြွား သဒ္ဒါဟင်းချက်လျှင် အမြဲ ဝင်ကူ လုပ်ပေးတတ်သည်။ သဒ္ဒါနှင့် ဒေါ်အိ၊ ညီတို့သုံးယောက်ကတော့ ကြည်နူးဟင်းချက်နေလျှင် မီးဖိုခန်းသို့ ယောင်၍မျှ မသွားပါ။ ကြွားခံရမှာ ကြောက်၍ဖြစ်သည်။

ကြည်နူးနှင့်သဒ္ဒါတို့က ငယ်ပေါင်း မဟုတ်၍ သိပ်ကြီး မရင်းနှီးလှပါ။ ကြုံကြွားလို့တောင် ပေါ်တင်မခေါ်ရဲတာကြည့်။ ကြည်နူးနေရာမှာ ဒေါ်အိတို့၊ ညီတို့သာဖြစ်ပါလား ဘယ်ပြောကောင်းလိမ့်မလဲ။

"သဒ္ဒါ"

"ဟင်"

"နေ့လည်ကျရင် **Beauty Saloon** သွားပြီး **Nail Art** လုပ်မလား"

"ဟင့်အင်း၊ မလုပ်ချင်ပါဘူး၊ တို့လက်သည်း၊ ခြေသည်းတွေက မလှဘူး၊ ပုတိုတိုနဲ့ပန်းချီဆွဲပေးတဲ့လူ ထိုင်ငိုသွားလိမ့်မယ်"

"အံမယ် ... သူတို့က ဆွဲတတ်တယ် သဒ္ဒါရဲ့၊ ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com



လက်သည်း၊ ခြေသည်းကိုမဆို လှအောင်ဆွဲပေးတတ်တယ်"

"တော်ပါပြီဟာ"

"တစ်သောင်းခွဲပဲပေးရတာပါ၊ တန်ပါတယ်"

ဒုက္ခ။ သဒ္ဒါက တစ်သောင်းခွဲကို နှမြောတယ်လို့လည်း ပြောရသေးပါလား။ အလှအပဝါသနာပါပေမယ့် အဲဒီလောက် အသေးစိတ်တော့မလုပ်ချင်ပါ။ မိန်းကလေးတစ်ယောက်အဖို့ အောက်ခံမိတ်ကပ်လိမ်း၊ နှုတ်ခမ်းနီဆိုး။ ဒါဆို လုံလောက်ပြီ။ တခြား ထွေကာလီကာတွေ သိပ်မလုပ်ချင်ပေ။

"သဒ္ဒါ၊ လိုက်မယ်မဟုတ်လား"

"မလိုက်တော့ဘူး၊ စာတွေလည်းလုပ်ရဦးမယ်"

"အင်းပါ၊ ဒါဆို ကြည်နူးတစ်ယောက်တည်းပဲ သွားရတော့မှာပေါ့"

"ကြွ၊ မြန်မြန်သာကြွ" ဟု သဒ္ဒါစိတ်ထဲက ပြောနေမိလေသည်။

------ooooo------

www.burmeseclassic.com

www.burmeseclassic.com

## [ ငါး ]

"ရှားတယ် ရှားတယ်၊ ဒီလိုလူမျိုး တကယ့်ကို ရှားတယ်" အလုပ်တစ်ခုအတွက် အင်တာဗျူးသွားရန် ပြင်ဆင်နေသောသူ့ကိုကြည့်၍ ဒေါ်ကြီးက လာပွားနေခြင်းဖြစ်သည်။

"ကိုယ့်နယ်မှာ ဆရာကြီးလုပ်နိုင်ရဲ့သားနဲ့ ရန်ကုန်လာပြီး သူများအလုပ်သမားလုပ်မယ့်မင်းကို အကြီးကြီးကို အံ့သြတယ် ဟော့ကောင်၊ နေရာချင်း ဆယ်ခါပြန်လဲလိုက်ချင်တယ်"

"အဲ့ဒါ မင်းက နယ်မှာမနေဖူးသေးလို့ ဒီစကားပြောတာ ဒေါ်ကြီး၊ မင်းသာ ငါ့နေရာမှာဆို တစ်နှစ်တောင်ခံမှာ မဟုတ်ဘူး"

သူက နောက်ဆုံးအပြီးသတ် ခေါင်းကဆံပင်တွေကို တစ်ချက် နှစ်ချက် သပ်တင်ရင်းပြောလိုက်တော့ ဒေါ်ကြီးက

www.burmeseclassic.com


ခေါင်းညိတ်သည်။ ပြီးမှ ...

"အဲ့ဒါပြောတာပေါ့၊ လူ့အလိုနတ်မလိုက်နိုင် ဆိုတာ"

"စကားများမနေနဲ့ကွာ၊ အင်တာဗျူးအောင်ဖို့သာ ဆုတောင်းပေး၊ အမှန်က အလုပ်မလုပ်ချင်သေးဘူးကွ၊ တဝကြီးကို လည်ပစ်ချင်သေးတာ၊ ဒါပေမယ့် ခုခေါ်တဲ့အလုပ်လေးက မဆိုးဘူး၊ ငါကြိုက်တဲ့အလုပ်လေးမို့ လွတ်သွားမှာစိုးလို့သာ"

"သြော် ... ဟုတ်တယ်၊ ဟုတ်တယ်၊ ဒီအလုပ်မှ မရရင် မင်းက ငတ်သေတော့မှာဆိုတော့ စိုးရိမ်ရှာမပေါ့"

"ပြောတော့မယ်၊ အကြာကြီးဆက်တိုက်လည်တော့ လည်း ပျင်းလာမှာပေါ့ကွ၊ အလုပ်လေးလုပ်လိုက် ပိတ်ရက်လေး လည်လိုက်၊ ဘယ်လောက်ကောင်းလဲ၊ အလုပ်ကိုမကြောက်ပါဘူး၊ နားတမ်းလုပ်ရရင် ငြီးငွေ့တာပဲရှိတယ်"

တကယ့်ကို သူက အလုပ်လုပ်နေရတာ ကြိုက်ပါသည်။ အဲ တစ်ခုပဲ၊ နားရက်လုံးဝ မရှိတာတော့မကြိုက်။ သူ့အကျင့်က နားချိန်မရှိလျှင် တကယ့်ကို ငြီးငွေ့တတ်သူ ဖြစ်သည်။

"အေးပေါ့ကွာ၊ မင်းပြောတော့လည်း မင်းဘက်ကအမှန် ပေါ့၊ ကဲ ... သွားမယ်၊ ငါပါ တစ်ခါတည်းထွက်မယ်"

တိုက်တံခါးသော့ပိတ်ပြီး နှစ်ယောက်သား ဆင်းလာကြ သည်။ ဟိုနှစ်ကောင်က အစောကြီးကတည်းက သွားနှင့်ပြီ။ လေး ဆယ်ရောက်တော့ သဒ္ဒါတို့အခန်းလေးကိုကြည့်ကာ သူ, ပြုံးမိသေး ၏။ ဒီအခန်းရှေ့ရောက်တိုင်း အလိုလိုပြုံးချင်လာတာအမှန်ပင်။

"မန်းချိုး၊ ဟိုနှစ်ကောင် အမြဲအိမ်ပြန်နောက်ကျတာနဲ့ပဲ ကောင်မလေးတွေနဲ့ မိတ်ဆုံစားပွဲ မလုပ်ဖြစ်သေးဘူးကွာ၊ စိတ်


www.burmeseclassic.com

www.burmeseclassic.com



မကောင်းလိုက်တာ”

ဒေါ်ကြီးအပြောကြောင့် သူပင် ဝမ်းနည်းသလိုလိုဖြစ်သွားသည်။ သဒ္ဒါဆိုသောကောင်မလေးနှင့် နောက်တစ်ခါဆုံချင်ပါသေးသည်။

“မင်း ပြောသလို မိတ်ဆုံစားပွဲလုပ်ဖို့ ကောင်မလေးတွေက လက်ခံမယ် ထင်သလား ဒေါ်ကြီးရ”

“ဒါတော့ ... နားပူအောင် လုပ်ရမှာပေါ့ကွ၊ ပြီးတော့ ... ချော့သင့်ချော့၊ ခြောက်သင့် ခြောက်ရမယ်”

“ဆိုစမ်းပါဦး”

“မိန်းကလေးတွေချည်းနေတဲ့အိမ်တစ်အိမ်အတွက် အမြဲမဟုတ်တောင် တစ်ခါတစ်ရံမှာ ယောကျ်ားသားတွေရဲ့အကူအညီလိုတတ်ကြတယ်၊ ဥပမာကွာ ... မီးဖိုပျက်တာ၊ မီးလုံးကျွမ်းလို့လဲချင်တာ၊ တီဗွီအတွက် တိုင်ထောင်ချင်တာ၊ သူတို့မနိုင်တဲ့အလေးအပင်မ,ချင်တာ စသဖြင့်ပေါ့၊ အဲသလို အကူအညီမျိုးတွေကို မိန်းကလေးတွေက လိုကြတာပဲ”

ဒေါ်ကြီးပြောတာလည်း ဟုတ်သည်။ အနီ မိန်းကလေးတွေက သူတို့ လိုဘကိုကြည့်၍လည်း ယောကျ်ားသားတွေအပေါ် ခင်မင်ချင်ယောင်ဆောင်ပြီး ခေါ်ခေါ်ပြောပြော လုပ်တတ်သည်။ တချို့ မိန်းမတွေများ ပြောတာပါ။

အောက်ရောက်တော့ တက္ကစီလှမ်းတားလိုက်သည်။ အင်တာဗျူးသွားမှာဆိုတော့ နောက်ကျလျှင်မကောင်း။ လမ်းတစ်ဝက်မှာ ဒေါ်ကြီးဆင်းသွားသည်။ သူသွားမယ့်နေရာက နောက်လေးငါး မှတ်တိုင်စာလောက်လိုသေး၏။ ဒေါ်ကြီးအလုပ်နှင့် သိပ်မဝေးလှ။

www.burmeseclassic.com

www.burmeseclassic.com



သူ, သွားလိုသည့် ကုမ္ပဏီရှိရာ ရှစ်ထပ်အဆောက်အအုံကြီးရှေ့တွင် ကားလေးက ရပ်သွားသည်။

"ကျေးဇူးပါပဲ အစ်ကို၊ ဒီမှာ ကားခ"

ပြန်အမ်းငွေယူပြီး အဆောက်အအုံထဲသို့ ခပ်သွက်သွက်လေးလျှောက်သွားလိုက်သည်။ ဒီအလုပ်ကိုမရလျှင်မဖြစ်သော အခြေအနေမျိုးမဟုတ်သော်လည်း ရင်တော့ အနည်းငယ်ခုန်သည်။ လျှောက်မိမှတော့ ရချင်တာအမှန်။ **Reception** မှာ ထိုင်နေသော မိန်းမလှလေးဆီ လျှောက်သွားလိုက်တော့ ကောင်မလေးက ပျူငှါစွာပြုံးပြပြီး ...

"မင်္ဂလာပါရှင်၊ ကျွန်မ ဘာများကူညီပေးရမလဲ"

"ဩော် ... ကျွန်တော်က အင်တာဗျူးလာဖြေတာပါ၊ အင်တာဗျူးခန်း မသိလို့ တဆိတ်လောက်"

"ဟုတ်ကဲ့ ... ဒီဘက်ကနေ ညာချိုးပြီးရင် ရှေ့မှာ ခုံပြာလေးတွေချထားတဲ့အခန်းပါ၊ အစ်ကို့ထက်အရင်ရောက်နေတဲ့လူတွေလည်း ရှိပါတယ်"

"ကျေးဇူး"

သူ, လှည့်အထွက် အရိပ်တစ်ခုမြင်သဖြင့် မတိုက်မိအောင် ကိုယ်ကိုရှိန့်လိုက်သည်။ သို့သော် ... မလွတ်ပါ။ သူက ရှောင်သော်လည်း ဟိုက ဝင်တိုက်သည်။

"အင့် ... အို ... ဆောရီး"

"ရပါတယ်"

သူနှင့် တိုက်မိသောကောင်မလေးကို ဘာရယ်မဟုတ် ကြည့်မိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ခင်ဗျားက ..."

"ဩော် ... ရှင်က ..."

ကုမ္ပဏီဝတ်စုံလေးနှင့် သူမကလည်း သူ့ကို မှတ်မိပုံပေါ်သည်။ မြသဒ္ဒါယုတို့အခန်းက ပန်းကြည်နူး။

"ပန်းကြည်နူးက ဒီမှာလုပ်တာလား"

"ဟုတ်ကဲ့ ... သူကရော ဘာလာလုပ်တာလဲဟင်"

"အင်တာဗျူးလာဖြေတာ"

"ဩော် ... ရန်ကုန်ကို အလုပ်လုပ်ဖို့လာတာလား"

"ဟုတ်ကဲ့ ... ဒီ ..."

"ဒါဆို သွားဦးမယ်နော်"

ပန်းကြည်နူးက တိုးလို့တန်းလန်းနှင့် စကားဖြတ်ကာ ထွက်သွားတော့ သူ့မှာ စကားပင်ဆုံးအောင်မပြောလိုက်ရဘဲ ဆန့်တငံ့ငံ့ကြီး ကျန်ခဲ့သည်။ ဘာပဲ ပြောပြော ဒီလိုနေရာမျိုးမှာ ကိုယ်သိထားသူနှင့်လာဆုံရတာ နည်းနည်းတော့အားရှိသည်။ ခုတော့ သူ့မှာ စကားတောင် မဆုံးသေး၊ တိခနဲဖြတ်ချကာ နှုတ်ဆက်သွားသည်။ ဘာမှန်းလည်းမသိ။ အလုပ်တွေ တအားများလို့နေမှာပါဟု စိတ်ကို ဖြေလိုက်ရသော်လည်း တစ်မျိုးတော့တစ်မျိုးကြီးပါပဲ။

သူ ခေါင်းကိုခါရမ်းရင်း အင်တာဗျူးဖြေရမည့်အခန်းဘက်သို့ ဆက်လျှောက်လာခဲ့သည်။ အခန်းရှေ့တွင် သူ့လို အင်တာဗျူးလာဖြေကြသော ကျားမရောရော အယောက်နှစ်ဆယ်လောက်တွေ့ရ၏။ သူ, ခုံတစ်ခုံမှာ အသာဝင်ထိုင်လိုက်သည်။

သိပ်မစောင့်လိုက်ရပါ။ တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး၊ ခြောက်၊ ခုနစ်၊ ရှစ်ယောက်မြောက်တစ်ယောက်ထွက်အပြီးမှာ

www.burmeseclassic.com

www.burmeseclassic.com



"မိုးချမ်းမြေ့" ဆိုသော ခေါင်းစဉ်ကြောင့် သူ ထရပ်လိုက်သည်။

သိပ်ကြာကြာမဖျူးပါ။ ဆယ့်ငါးမိနစ်လောက်ပဲရှိမည်။ တစ်ပတ်ကြာလျှင် အလုပ်ခန့်မခန့်သိရအောင် ကုမ္ပဏီကို ဖုန်းဆက်စုံစမ်းနိုင်သည်ဆို၍ သူ့အလှည့်ပြီးသွားသည်။

ပြန်ထွက်လာတော့ မျက်လုံးဝေ့ကြည့်ရင်း ပန်းကြည်နူးကို ရှာမိသေးသည်။ မတွေ့။

မည်သို့ပင်ဖြစ်စေ ထိုနေ့က အင်တာဗျူးကို သူ, ကောင်းစွာ ဖြေဆိုနိုင်ခဲ့သည်။ လုပ်ငန်းနှင့်ပတ်သက်၍မေးသမျှ လုပ်ထုံးလုပ်နည်းတွေက နယ်က သူ့ဖခင်လုပ်နေကျလုပ်ငန်းတွေနှင့် သိပ်ခြားပါ။ သူ့အတွက်တော့ အင်တာဗျူးဖြေရတာ လွယ်လွန်းနေသည်။ လုပ်ငန်းသဘောတွေ အတော်အတန် နားလည်နေသည်။

သူ့ဖခင်သာသိလျှင် ရှုးလှုချည်လားဟုဆိုကာ နရင်းအုပ်ချင်စိတ်ပေါက်သွားပေလိမ့်မည်။

တကယ်တော့ ...

သူသည် နဖူးစာရှိရာ ရွာလည်ခဲ့ခြင်းဆိုတာကို ... ထိုစဉ်က သိရှိနားလည်ခြင်း မရှိခဲ့ပါပေ။

------ooooo------

www.burmeseclassic.com

www.burmeseclassic.com

# [ ခြောက် ]

ဒီနေ့ ... သဒ္ဒါ အိမ်က စောထွက်မှဖြစ်မည်။ သင်တန်းက (၇) နာရီစသည်။ အိပ်ရာထနောက်ကျတာနှင့်ပဲ အမြဲနောက်ကျ၍ ကြာတော့ သင်တဲ့ဆရာတောင် သူမကို မှတ်မိနေပြီ။ သင်တန်းက သူငယ်ချင်းတွေက သူမကို နာမည်ပေးထားသည်။ ပန်မကျူရယ်တဲ့။ **Punctual**(ပန်ကျူရယ်လ်) ရဲ့အဓိပ္ပါယ်က အချိန်မှန်တာဆိုတော့ သူမက အချိန်မမှန်တော့ ပန်မကျူရယ်လ်ဖြစ်သွား၏။

စိတ်ထဲမှာ နောက်မကျဖို့ကိုပဲ အသဲအသန်တွေးရင်း လောလောလောလောနှင့်တံခါးကို တွန်းဖွင့်လိုက်၏။ အားတော်တော်ပါသွားပုံရသည်။ တံခါးချပ်က အပြင်ကို အရှိန်နှင့်ပွင့်သွား၏။

"ဒုန်း"

"**အား**"

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေးဗျာ ... သေပါပြီ၊ နာလိုက်တာ ကျွတ် ကျွတ်"

တံခါးပြင်ရောက်၍ အော်နေတဲ့လူကိုကြည့်လိုက်တော့ မိုးချမ်း။ ရှုံ့မဲ့ပြီး ဒူးခေါင်းကို ကုန်းကုန်းကွကွ ပွတ်နေသည်။

"နေစမ်းပါဦး၊ ရှင်က ကျွန်မတို့အိမ်တံခါးပေါက်ရှေ့မှာ ဘာလုပ်နေတာလဲ"

"ဘာ ခင်ဗျားတို့ အိမ်ရှေ့လဲဗျ၊ ကျွန်တော့်ဖာသာ ကျွန်တော် အောက်ဆင်းတာ"

"ဟိုလေ ... ကိုမိုးချမ်း၊ ဆောရီးပါနော်၊ သတိမထားမိဘဲ ဖွင့်လိုက်မိလို့ပါ၊ အရမ်းနာသွားလားဟင်"

"အား ... ကျွတ် ကျွတ်၊ ခင်ဗျားကလဲ၊ အပေါ်က လူဆင်းလာတဲ့အသံတောင် မကြားဘူးလား"

"ရှင် ... သြော် ... ဟုတ်၊ မကြားမိလိုက်ဘူး"

"ဒုက္ခပဲ၊ ဒီ နာသွားတဲ့ဒူးနဲ့ကျွန်တော် အောက်ကို ဘယ်လိုဆင်းရမလဲ' ဒီမှာ ဗိုက်ကလဲ အရမ်းဆာနေပြီ"

"ရှင်! ဟို အောက်ဆင်းမလို့လား"

"ဆင်းရမှာပေါ့၊ အပေါ်မှာလည်း ဘာမှစားစရာမရှိဘူး၊ ဆိုးတောင်တွေလည်း အကုန်သွားပြီ၊ ဝယ်ခိုင်းလို့လည်း မရဘူး"

"ရှင် ... သြော် သွားကုန်ကြပြီလား'

"ခင်ဗျားကလဲ တရှင်ရှင်နဲ့၊ စိတ်ညစ်ရတဲ့အထဲ"

"ရှင် ... အဲ ... ကျွန်မ တောင်းပန်ပါတယ်၊ တကယ် စောာ်တဆပါ"

"ဟုတ်ပါတယ်၊ သိပါတယ်၊ ဒါနဲ့ မြသဒ္ဒါယုက ဘယ် သွားမလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... အဲ ... သင်တန်းသွားမလို့"

"ဒါဆို သွားလေ၊ နောက်ကျနေဦးမယ်"

"ရှင် ... နောက်ကျ ... ဟုတ် ... ဒါဆို ရှင်ကရော"

"ကျွန်တော်က ရပါတယ်၊ ဒီတိုင်း လှေကားလက်ရမ်းကို ကိုင်ပြီး ဖြည်းဖြည်းပဲ ဆင်းသွားလိုက်မယ်"

ဒီလိုကျတော့လည်း အားနာစရာ ဖြစ်နေသည်။ သဒ္ဒါက သင်တန်းနောက်ကျမှာလည်း စိုးသည်။ သဒ္ဒါ့ကြောင့်ဖြစ်ရတာဆို တော့ ဒီအတိုင်းထွက်သွားလျှင် အဘယ်သို့ ကောင်းပါမည်နည်း။

ထို့ကြောင့် ... သဒ္ဒါက ...

"ဒါဆို ဒီလိုလုပ်ပါလား"

"ဗျာ ... ဘယ်လိုလုပ်ရမှာလဲ!"

"ရှင် အောက်မဆင်းနဲ့တော့လေ၊ ကျွန်မအိမ်မှာရှိတဲ့မုန့်နဲ့ ကော်ဖီယူလာပေးမယ်၊ အိမ်ပေါ်တော့ ပြန်တက်နိုင်တယ် မဟုတ် လား"

"ဟာ ... အဲ့ဒီလိုတော့မလုပ်ပါနဲ့၊ ရပါတယ်၊ ဒီအတိုင်း ဖြည်းဖြည်းပဲဆင်းသွားပါ့မယ်၊ အခု သိပ်လည်းမနာတော့ပါဘူး"

"ရှင် ... သိပ်မနာတော့ဘူးလား! ဟုတ်လို့လား"

"တကယ်ပါ"

"ဒါဆို ဒီလိုလုပ်ပါလား"

"ကျွန်တော်ကတော့ ဟိုလိုပဲလုပ်ချင်တယ်" ဟု မပြော ဖြစ်တော့ပါ။ တရှင်ရှင်နှင့်အယောင်ယောင်အမှားမှား ရယ်နေရာ ကောင်းနေသော ကောင်မလေးကိုသာကြည့်နေမိသည်။ ခြေမှန်က သိပ်လည်းမနာလှပါ။ သူ့, တမင်စနေခြင်းသာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com


"ဟိုလေ တစ်မျိုးတော့မထင်နဲ့နော်၊ အောက်ထပ်အထိ ကျွန်မ တွဲပေးမယ်လေ"

"ဗျာ"

"အို ... ရှင်ကလဲ' တစ်မျိုးမထင်ပါနဲ့ဆို"

ဗုဒ္ဓေါ။ ထင်စရာလားဗျာ။ မိန်းကလေးက ယောကျ်ား လေးကို ထိုသို့ပြောနေတော့တစ်မျိုးကြီး။ သူကပဲ တစ်မျိုးထင်ရ ဦးမလို။ ပြောင်းပြန်။

"ကဲ ... ဘယ်လိုလဲ? တွဲမှာလား? မတွဲဘူးလား"

"ဟို ... ကျွန်တော်က အားနာလို့"

"ရပါတယ်၊ ကျွန်မကြောင့်ဖြစ်ရတာပဲ၊ လာ ... ဒီဘက်က ကျွန်မ ပုခုံးကိုကိုင်လိုက်"

"အာ ... အဲသလောက်ထိ မလိုဘူး၊ ရပါတယ်၊ ဒီတိုင်း လေးကပဲ ခင်ဗျားထိန်းပေး"

ပြောရင်း သူ့ လှေကားလက်ရမ်းကိုကိုင်ကာ ဆင်းသည်။ နည်းနည်းတော့နာပေမယ့် ကောင်မလေးပုခုံးကိုဖက်ပြီး ဆင်းရ လောက်အောင် မဟုတ်ပါ။ သူစိမ်းကောင်မလေးတစ်ယောက် အပေါ် သူ အသားမယူချင်ပါ။

သဒ္ဒါက မိုးချမ်းလက်မောင်းကို ဖေးမရင်း မိုးချမ်း စိတ် ထက်ကို လေးစားသွားရသည်။ သူမ စကားတွေက အားနာရာက ကျွန်သွားခဲ့တာမို့ မိုးချမ်းသာ အခွင့်အရေးယူမည်ဆိုပါက မငြင်း သာပါ။

" .................... "

"ရှင်"


www.burmeseclassic.com

www.burmeseclassic.com



သဒ္ဒါက အတွေးလွန်နေတာရော၊ နှစ်ယောက်လုံးပြုတ်ကျမှာ စိုးတာကြောင့်ရော အာရုံစိုက်နေတာမို့ မိုးချမ်းပြောတာကို ကြားလိုက်ပါ။ ထို့ကြောင့် ... ဒေါ်အိကပြောတာ။ သဒ္ဒါကို နားအလေးချိတ်တဲ့။

"မြသဒ္ဒါယုက ဘာသင်တန်းတက်နေတာလဲလို့"

"သဒ္ဒါလို့ပဲခေါ်ပါ၊ တက်နေတာကတော့အစုံပဲ"

"နိုင်ငံခြားသွားဖို့လား"

"အာ ... မဟုတ်ပါဘူး၊ ဒီတိုင်းတက်တာပါ"

"ရန်ကုန်စတိုင်လ်ပေါ့လေ"

"ရှင် ... ရန်ကုန်စတိုင်လ် ... ဩော် ... ရှင်ကလဲ"

"ဟုတ်တယ်လေ၊ ရန်ကုန်သူ၊ ရန်ကုန်သားတွေက သင်တန်းကို အစုံတက်ကြတာပဲဟာ"

"ဒီလိုမှမတက်ရင် သူများနောက် ကျန်ခဲ့မှာပေါ့"

"ဒါတော့ဟုတ်တယ်"

စကားပြောလိုက် တရှင်ရှင်ဖြစ်လိုက်၊ ပြန်ပြောလိုက်နှင့် အောက်ကို ရောက်လာသည်။

"ရပြီ၊ ရပြီ သဒ္ဒါ သွားတော့၊ လက်ဖက်ရည်ဆိုင်တော့ ကိုယ့်ဖာသာပဲ သွားလိုက်မယ်"

"ရှင်! အဲ ... ရရဲ့လား၊ ဟုတ် ... ဒါဆို သွားပြီနော်"

သဒ္ဒါ ခပ်သုတ်သုတ်ထွက်ခဲ့သည်။ သို့သော် ... ထိုနေ့ကလည်း သဒ္ဒါ သင်တန်း နောက်ကျပါသည်။

------ooooo------



www.burmeseclassic.com

www.burmeseclassic.com

## [ ခုနစ် ]

"ဟော့ကောင် မိုးချမ်း၊ မင်း ရန်ကုန်မှာ လည်ပတ်လို့ ဝရင် ... အိမ်ပြန်လာတော့ကွ၊ သူများလက်အောက် မဖြစ်စလောက် ... လေးနဲ့ ဝန်ထမ်းလုပ်ဖို့တော့ စိတ်ကူးယဉ်မနေနဲ့ ... ဒီမှာပဲ ... တွေက အလုပ်တွေ ကူလုပ်"

အိမ်ကို သူ့ ဖုန်းဆက်တော့ ဖခင်ဖြစ်သူက ပြောသည်။ ... နဲ့ဖို့စိတ်ကူးတော့ သူ့တွင် မရှိသေးပါ။ ကုမ္ပဏီကရသော ... ကိုသာ အဖေ သိလျှင် ထိုနေရာတွင်ပင် အသက်ထွက်သွား ... မည်။ ဒါမှ မဟုတ် ...

"အေး၊ မင်း အဲ့ဒီငွေနဲ့ပဲ လောက်အောင် စား၊ ငါ့ဆီ ... လှမ်းမှာဖို့ စိတ်မကူးနဲ့" ဟု ပြောမှာ သေချာသည်။ တကယ်



www.burmeseclassic.com

www.burmeseclassic.com



လည်း သူသာ အိမ်ငှားနေရပါက စားဖို့ပင်ကျန်မည်မဟုတ်။ ခုတော့ ... ဒေါ်ကြီးအိမ်ကပ်နေ၍ အဆင်ပြေနေသည်။ ဒါတောင် သူ့ ရတဲ့လစာကမဆိုးပါ။

"မင်း မိန်းမယူချင်ရင်လည်း ပြော၊ တစ်နယ်လုံးမှာ အချမ်းသာဆုံးလူရဲ့သမီးချော၊ သမီးလှတွေနဲ့ စပ်ဟပ်ပေးမယ်"

"တော်ပါ အဖေရာ၊ မိန်းမ ဘာလုပ်ရမှာလဲ၊ ရန်ကုန်မှာလည်း မိန်းမချော၊ မိန်းမလှတွေမှ ပေါလွန်းလို့ ... ကျွန်တော့်သူငယ်ချင်းတိုက်ခန်းအောက်မှာတောင် မိန်းမချောတွေမှ တစ်ပုံကြီးပဲ"

"ဒါဆို မင်းက ဘာတုန်း"

"ရန်ကုန်မှာ နေချင်လို့ပါဆို"

"ဟာ ... မင်းနေချင်တိုင်းနေလို့ရမလားကွ၊ မိဘရှိရာ နေရမှာပေါ့၊ ငါတို့မှာ သားဆိုလို့ မင်းတစ်ယောက်တည်းရှိတာ"

"အဖေတို့ရှိရာ ကျွန်တော်မနေချင်ရင် ကျွန်တော်ရှိတဲ့ဆီ အဖေတို့ ပြောင်းခဲ့ဗျာ"

"ဟော့ကောင်၊ မင်း ကတ်သီးကတ်သတ်လုပ်မနေနဲ့ကွ ကြာရင် မင်းစိတ်နဲ့ မင်းအမေ သေလိမ့်မယ်၊ ခုတောင် ... နေကောင်းတာမဟုတ်ဖူး"

"ကျွန်တော့်ကြောင့်တော့ မသေပါဘူးဗျာ၊ ဒါ ခန္ဓာရှိလို့ ဖြစ်တာပါ၊ အဖေနဲ့အမေ ပိုသိပါတယ်"

"ငါ ................"

ဖခင်ဖြစ်သူမှာ ဘာမှ ရှေ့ဆက်မပြောတတ်တော့ဘဲ သူ့ကို မာန်မဲဆဲဆိုလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"သုံးနှစ်ပဲ အဖေရာ၊ သုံးနှစ်နေကြည့်ပြီးရင် ကျွန်တော် ပြန်လာပါ့မယ်"

"ပြောလို့မှ မရတာ ... ပြီးရောပေါ့ကွာ၊ မင်းကတိသာ မြဲမြဲ တည်ပါစေ"

သို့နှင့် ... ဖခင်ဖြစ်သူနှင့်သူ ဈေးဆစ်၍ ရသွားသည်။ ဖခင်ဖြစ်သူကတော့ ... ငိုယိုပြသည်။ သို့သော် ... သူက တရား သဘောနှင့်ယှဉ်၍ နားလည်အောင် တရားချလိုက်တော့ ... မိခင် မှာ ကြောင်တောင်တောင်ဖြစ်ပြီး အငိုရပ်သွားလေသည်။

"ဟော့ကောင် မန်းချီး၊ မင်း အင်တာဗျူးအောင်ပြီး အလုပ် ရပြီဆို ဘယ်တော့ အလုပ်စဆင်းရမှာလဲ"

သူ့ အလုပ်ရတာ ခုမှသိသော အာကာထင်ကျော်က မေး သည်။ သူက ...

"မနက်ဖြန် စ, ဆင်းရမှာ"

"မင်း အလုပ်ရတာ ဘာကျေးမှာလဲ"

"အမ် ... အလုပ်က မနက်ဖြန်မှ စ,ဆင်းပြီး လကုန်မှ လစာရမှာ ... ဘာကျွေးရမှာလဲ"

"ကျွေးတော့ ကျွေးရမယ်ကွ၊ အိမ်မှာ အလှူအတန်း အကျွေးအမွေးလေး လုပ်တော့ ကောင်မလေးတွေကိုလည်း ဖိတ် ရတာပေါ့"

ဒေါ်ကြီးက ဝင်ပြောသည်။ ဒါလည်း ဟုတ်သားပဲ။

"ဘာပွဲလုပ်မလဲ"

"မင်း အလုပ်ရတဲ့ အထိမ်းအမှတ် ဘာညာပေါ့"

"တော်ပါ၊ အဲဒါကြီးက သိသာလွန်းပါတယ်၊ ဆွမ်းဘုပ်ဆို

www.burmeseclassic.com



တော်သေး"

"ကပ်ကွာ၊ ဆိုင်ကနေ ဒံပေါက်ဖြစ်ဖြစ်၊ ကြက်ဆီထမင်း ဖြစ်ဖြစ် ဆိုင်ကမှာလိုက်ကြတာပေါ့"

"ဒါနဲ့ ဘယ်နေ့ဖိတ်မှာလဲကွ"

သူကမေးတော့ အာကာက ...

"သူတို့အားတဲ့နေ့သွားမေးလေ၊ အားလုံးအားတဲ့နေ့မှ လုပ်တာ ကောင်းတာပေါ့"

"အကောင်းဆုံးက တနင်္ဂနွေပေါ့ကွာ"

"အင်း၊ ကောင်းတယ်"

"သွားမယ်လေ၊ သွားဖိတ်မယ်"

"မြန်မြန်လုပ်ပါ ဇလရယ်၊ နာရီလည်းကြည့်ဦး"

"ဆယ်နာရီလေ၊ ဘာလို့လဲ"

"အဲ့ဒါပြောတာပေါ့၊ မင်းဆိုတဲ့ကောင်က ဘာမှကို မသိ တာ၊ ဒီအချိန်မိန်းကလေးတွေချည်းနေတဲ့အခန်းကို တံခါးသွား ခေါက်လို့ကောင်းမလား"

"အေး၊ ဟုတ်သားပဲ၊ ငါတို့ပြန်လာတာ နောက်ကျသွား တယ်၊ ဒါဆို မနက်ကျ သွားဖိတ်ရင် ငါလိုက်မှာနော်"

အရေးထဲ စမန်ခုတ်နေသော ဇလကိုကြည့်ကာ စိတ်ကုန် တယ်ဆိုသောသဘောဖြင့် သူ့ ခေါင်းရမ်းမိသည်။

"ဟေ့ကောင် ဇလ၊ မင်း ကောင်မလေးတွေဆီ သွားချင် တာနဲ့ မိုးမြန်မြန်လင်းပါစေလို့ ဆုမတောင်းနဲ့နော်၊ ငါ အိပ်ရေး မဝဘဲနေဦးမယ်"

"လက်ရှိရည်းစားကြီး ငုတ်တုတ်ရှိနေရဲ့သားနဲ့ ... လော

www.burmeseclassic.com

www.burmeseclassic.com



ကြီးလွန်းတယ်၊ လောဘကြီးလွန်းရင် ဘာမှ မရဖြစ်တတ်တယ် နော် ဗလ"

ဒေါ်ကြီးစကားကို ဗလက ဘာမှပြန်မပြောဘဲ ပြုံးစိစိသာ လုပ်နေသည်။

မနက်ကျတော့ တကယ်ပင် ဗလတစ်ယောက် အစောကြီး ထကာ အိပ်ပျော်နေတဲ့သူတွေကို လိုက်နှိုးသည်။ ဒေါ်ကြီးက မကျေ နေပ် ပွစိပွစိပြောသည်။

"လွန်လွန်းတယ်၊ အစောကြီးရှိသေးတာကို၊ ပြီးတော့ ဦးနှောက်က တစ်စက်မှမရှိဘူး၊ လေးယောက်အပြုံလိုက်ကြီးသွား ထိုကောင်းပ့ါမလား၊ နည်းနည်းပါးပါးစဉ်းစားဦး၊ ဟိုကောင်မလေး တွေကဖြင့် ဒီချိန်ဆို ထမီလည်ပင်းစွပ်နေတုန်းနေမှာ"

"ဒေါ်ကြီးပြောတာ ဟုတ်တယ်၊ နှစ်ယောက်ပဲသွားတာ ကောင်းမယ်၊ ဒီလိုလုပ်၊ မင်းနဲ့မန်းချိုးက သူတို့ကို သိပြီးသားဆို တော့ မင်းတို့ပဲ သွားဖိတ်လိုက်ပေါ့"

"ငါပါလိုက်မယ်၊ ကောင်မလေးတွေကို ငါ ဗမြင်ဖူးသေး တော့ ... မြင်ဖူးအောင် လိုက်ကြည့်မယ်၊ ဒေါ်ကြီးပြောတော့ အလန်းစားလေးတွေဆို"

"ဗုလ္လု မင်း တွေ့ဖူးရင်ရှုး ရှူးသွားတာတော့မဟုတ်ပါဘူးနော်၊ အစောစီးစီး ငါ့လုပ်လိုက်ရ နာတော့မယ်"

"တော်ပြီ ဒေါ်ကြီး၊ မင်း လွန်လာပြီ၊ ငါ့ကိုများ ပြောဆို နေလိုက်တာ၊ ငါက အိမ်မှာခိုင်းတဲ့ကောင်လေးမို့လို့လား"

"...အေး၊ အိမ်မှာခိုင်းတဲ့ကောင်လေးတောင် မင်းလောက် ပြောဆိုရမှာ မဟုတ်ဘူး၊ ခု အာပေါက်တော့မယ်"

www.burmeseclassic.com



"မင်းနော် ... မင်း၊ ခုတလောကို ဘာတွေ ဒီလောက်မာန်တက်နေမှန်း မသိဘူး၊ လေက မိုးပေါ်ကမဆင်းဘူး"

*ခေါ်ကြီးနှင့်ဗလကိုရယ်ရတာနှင့် သူ့ မျက်လုံးကျယ်သွားသည်။* အာကာလည်း ရယ်နေရင်းမှ ...

"တော်ကြပါတော့ သားတို့ရယ်၊ အဖေ့ကိုရှေ့မှာထားပြီး ကိုက်နေလိုက်ကြတာများ၊ သူများမြင်လို့မှ မတော်"

"သေလိုက် ဝဲစား"

ခေါ်ကြီးနှင့်ဗလက တက်ညီလက်ညီကို ထောပနာပြုသည်။ အာကာက တကိကိရယ်နေ၏။ အာကာရယ်နေတာကို ကြည့်ပြီး တရှင်ရှင်နှင့်သဒ္ဒါဆိုသောကောင်မလေးကို မဆီမဆိုင် သွားသတိရမိသည်။

တစ်ယောက်တစ်ပေါက်နှင့်ဆူညံရင်း ရေချိုးတဲ့သူကချိုး၊ တံမြက်လှည်းတဲ့သူကလှည်း၊ ဝုန်းဒိုင်းကျဲရင်း မိုးစင်စင်လင်းခဲ့ပြီ။ ဗလက အခန်းတံခါးဝမှာ ခြေလှမ်းတပြင်ပြင်နှင့်ဟန်ရေးပြနေ၏။

ထို့ကြောင့် ... နားအေးပြီးရော ဗလကိုခေါ်ကာ အောက်ထပ်ဆင်းခဲ့သည်။ တံခါးခေါက်လိုက်တော့ ထွက်လာတာက သဒ္ဒါ။ သူတို့ကိုမြင်မြင်ချင်း သဒ္ဒါက နှုတ်ဆက်သည်။

"ဪ ... ကိုမိုးချမ်း၊ ဒူးသက်သာသွားပြီလား"

"ဟုတ်ကဲ့၊ သက်သာသွားပါပြီ"

"ကျွန်မတောင် မနေ့ညနေက အပေါ်တက်လာပြီး လိမ်းဆေးလာပေးဦးမလို့"

"ဪ ... ရပါတယ်၊ တက်လာတာ မဟုတ်ဘူး"

သူက ရပါတယ်ပြောပြီး တက်လာတာမဟုတ်ဖူးဟု ဆို

www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့ သဒ္ဒါက နားရှုပ်သွားပုံရသည်။

"ရှင်"

"ဆေးမယူလာလည်း လာလည်လို့ရတယ်လို့ပြောတာပါ၊ ခေါ်အိကို ခေါ်ခဲ့ပေါ့"

"အမယ်၊ တစ်ယောက်တည်းလည်းမလာပါဘူးနော်၊ ဒီက ကိုယ့်ကြောင့်ဖြစ်သွားတာမို့ပါ ... ဟွန်း"

"ဟော့ကောင် မန်းချိုး၊ ဘာတွေလဲဟ! သူ့ကြောင့် မင်းက ဘာလို့ ဒူးနာရတာလဲ! မင်း မင်း ရောက်တာမှ မကြာသေးဘူး၊ ဘာတွေလဲ"

"အာ ... ဟော့ကောင် ဖွတ်ပြောမနေနဲ့"

"ရှင်"

တော်ပါသေးရဲ့။ သဒ္ဒါများ ကြားသွားပြီလားလို့။ သိပ်သဲသဲကွဲကွဲမကြားလိုက်ဘူးထင်သည်။ 'ရှင်'ဆိုသောအသံလေး ထွက်လာ၏။ သူက ...

"ဘာမှမဟုတ်ပါဘူး၊ ဒါနဲ့ပဲ လာရင်းကိစ္စတောင် မပြောရသေးဘူး"

"ဟုတ်ပါရဲ့၊ လာလေ အထဲကို"

"ကော်ဖီလေး ဘာလေးတိုက်မှာလား"

ဗလက ဒါမျိုးတော့ အားကိုးရသည်။

"ရှင်"

"ဩော် ... ကော်ဖီတိုက်မှာလားလို့ပြောနေတာ"

"ဟုတ်ကဲ့ ... တိုက်မှာပေါ့"

သူပဲ ကြားထဲက စကားပြန်လုပ်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



“ဒေါ်အိတို့ ခဏထွက်ခဲ့ပါဦး၊ ဒီမှာ ဧည့်သည်”

အသံစာစာလေးနှင့်အော်ခေါ်လိုက်သော သဒ္ဒါပုံစံလေးက ချစ်စရာ။ တရှင်ရှင်နှင့်ဘယ်လိုအသည်းယားစရာလေးမှန်းမသိ။

ခဏနေတော့ သုံးယောက်လုံးထွက်လာသည်။ ဒေါ်အိက ပြုံးပြုံးရွှင်ရွှင်ဖြင့် ...

“ဘယ်လိုဧည့်သည်တွေလဲ! လာလည်တာ စောလှပါလား”

“ဒါတောင် အုံးမောင်းခေါက်ကတည်းကလာမလို့၊ သရဲလာခြောက်တယ်ထင်ပြီး လန့်မှာစိုးလို့ အောင့်ထားလိုက်တာ”

ဇလအပြောကို အားလုံးသဘောကျစွာ ရယ်လိုက်ကြ၏။ အဲ ... တစ်ယောက်တော့မပါ။ သူက ပန်းကြည်နူး။ မျက်နှာကို တည်သလို ပြုံးသလိုနှင့် ဘယ်လိုမှန်းမသိ။

“ဘာကိစ္စနဲ့လာတာလဲဆိုတာ မေးရမယ့်လူတွေမဟုတ်တော့ဘူးထင်တယ်နော်၊ လာလည်တာလား၊ ဒါမှမဟုတ် ကော်ဖီလာသောက်တာလား”

“ဟား ဟား ဟား ဒေါ်အိက အထူအပါးနားလည်တယ်၊ ပညာရှိမှန်းသိအောင် ခေါင်းပေါင်းစထောင်ပြတာပေါ့လေ၊ ဝါးရှကြာလာဖိတ်တာပါဗျာ”

[illegible] အပြင် မုန့်ပါလုပ်ကျွေးပါ့မယ်” [illegible]

“ဟား ဟား ဒေါ်အိနော်၊ ကျွန်တော့်ကို ပျော်အောင် မထားနဲ့”

“ဘာလို့လဲ? ပျော်ရတာမကောင်းဘူးလား”

www.burmeseclassic.com

www.burmeseclassic.com



"ပျော်ချင်လွန်းလို့ နေ့တိုင်းလာလည်မိမှာစိုးလို့"

ရယ်သံတွေကျဲသွားတော့ ကြည်နူးက ...

"ရုံးသွားဖို့ ပြင်ရဦးမယ်၊ ကျွန်မ မရှိလည်း ဖြစ်တယ် မဟုတ်လား"

"ဟဲ့ ... အစောကြီးရှိသေးတဲ့ဟာ"

ဒေါ်အိက အားနာသလို ဝင်ဟန့်သည်။ သူနှင့်ဗလ တစ်မျိုးတော့ဖြစ်သွား၏။ သူက ...

"ဟုတ်သားပဲ၊ ကျွန်တော်တို့စကားများနေတာနဲ့အလုပ်သွားမယ့်လူတောင် နောက်ကျတော့မယ်၊ လာရင်းကိစ္စတောင် မပြောရသေးဘူး၊ ဒီလိုပါ ... ကျွန်တော်တို့အခန်းမှာ တနင်္ဂနွေနေ့ကျရင် ဘုန်းကြီးဆွမ်းကပ်ပြီး အလှူအသေးစားလေးလုပ်မလို့၊ အဲဒါ လာဖိတ်တာ ... အဲဒီနေ့ကျရင် ဒီက အိမ်ရှိလူကုန်လာခဲ့ကြပါ၊ မီးခိုးတိတ်ပေါ့၊ တနင်္ဂနွေနေ့ဆိုတော့ အားလုံး အားလပ်ရက်မဟုတ်လား၊ ပြီးတော့ ... ကျွန်တော်လည်း အလုပ်ရပြီ၊ အဲဒါ လာကြွားရင်း ဆွမ်းကျွေးလာဖိတ်တာ ..."

"ဟယ် ... ဟုတ်လား"

"ကောင်းတာပေါ့"

"အလုပ်က ဘယ်မှာလဲ"

ဒေါ်အိ၊ ညို၊ သဒ္ဓါတို့သုံးယောက်က တစ်ယောက်တစ်ပေါက်ဝိုင်းမေးကြသည်။ ကြည်နူးက တုံဏှိဘာဝေ။

"အလုပ်က ဟောဒီ ပန်းကြည်နူးတို့ကုမ္ပဏီမှာပဲ"

"ဟယ် ... ဟုတ်လား"

ကြည်နူးက အံ့သြဟန်မပြသဖြင့် ဒေါ်အိတို့ကပဲ ပြန်

www.burmeseclassic.com

www.burmeseclassic.com



အံ့သြကာ ကြည်နူးကိုကြည့်၍ ...

"ကြည်နူး ... နင် ဟိုတစ်ခါပြောတဲ့ ... လက်ထောက်မန်နေဂျာ တစ်နေရာလိုတယ်ဆိုတဲ့ဟာလား"

"ဟုတ်တယ်"

"ဟာ ... မိုက်တယ်၊ အဲ့ဒီနေရာက အလုပ်ပိုင်းခက်လို့ အင်တာဗျူး တော်ရုံတန်ရုံမအောင်ဘူးတဲ့ ကိုမိုးချမ်းရဲ့၊ ကြည်နူး ပြောပြောနေလို့သိရတာ၊ လူခေါ်နေတာကြာပြီ၊ အရည်အချင်း တကယ်ရှိမှရတာ၊ ကိုမိုးချမ်းက တော်လိုက်တာ"

လက်ခုပ်လေးတီးရင်း ဝမ်းပမ်းတသာပြောနေသော သဒ္ဒါ ပုံစံလေးကို သူ စိုက်ကြည့်မိ၏။ သူ့အကြည့်ကြောင့် 'ရှင်' မလေး က ရှက်ရွံ့စွာ ခေါင်းလေးငုံ့သွား၏။ ရင်ထဲက တိတ်တခိုးခေါ် လိုက်သောနာမည်လေးကို သူ့ဖာသာ သဘောကျသွားသည်။ ဟုတ်သားပဲ။ ဘာပြောပြော တရှင်ရှင်နဲ့ဆိုတော့ ရှင်မလေးပေါ့။

"ပေါ်တော့ ကိုမိုးချမ်း"

"ရှင် ... အဲ ... ဗျာ"

သူ့ကိုကြည့်ကာ အားလုံး အုတ်အော်သောင်းနင်းရယ်ကြ သည်။ ခပ်တည်တည်ကြီးလုပ်နေတဲ့ကြည်နူးတောင် ပြုံးမလိုလို ဖြစ်သွားသည်။ သူ နည်းနည်းတော့ရှက်သွား၏။

"ဒါ ကျွန်မကို ပြောင်တာပေါ့လေ"

ရှင်မလေးက မျက်စောင်းထိုးရင်း ပြော၏။ ဒေါ်အိက...

"ကိုမိုးချမ်းပြောလည်းပြောစရာပဲ၊ အဲ့ဒီသဒ္ဒါတစ်ယောက် ဟာ ဘယ်လိုမှန်းမသိဘူး၊ သူ့ကိုပြောလိုက်ရင် တစ်ခါတည်းဘယ် တော့မှမပြီးဘူး၊ နှစ်ခါပြန်ပြောရတယ်၊ အဲ့ဒါ တကယ်မကြားတာ

www.burmeseclassic.com

www.burmeseclassic.com


ထည်း မဟုတ်ဘူး၊ အကျင့်ပါနေတာ”

“ဘယ်လို”

ဒေါ်အိပြောတာ သူ နားရှုပ်သွားသည်။

“ဒီလိုလေ၊ ကြားရဲ့သားနဲ့လဲ အကျင့်ပါပြီး ‘ရှင်’ ‘ဟင်’ ‘ဘာလဲ’ဆိုပြီး ပြန်ပြန်မေးတာ၊ အဲ့ဒါ ပြန်ထပ်မပြောဘဲနေကြည့်၊ ခုနမေးထားတာကို ပြန်ဖြေတယ်၊ ဥပမာ – သူ့ကို သဒ္ဒါ နင် ထမင်းစားတော့မလားလို့မေးရင် ဟင် ဘာလဲဆိုတာ အရင်လာမယ်၊ အဲ့ဒါ ပြန်မမေးဘဲ ပစ်ထားလိုက်၊ ခဏနေရင် အေး စားမယ်လေဆိုပြီး ဖြေရော ... ကဲ”

ရှင်မလေးက သူ့အကြောင်းပြောနေတာကို သူ့ဖာသာသူ အားမနာတမ်းရယ်နေ၏။ ဗလက ဒေါ်အိကို ရှိုးပေးရင်း တဟင်းဟင်းနှင့်ရယ်သည်။

“ကျွန်တော် ဒီကိုရောက်စကတော့ ဒေါ်ကြီးလို့မေးတာကို ဒေါ်အိလို့ကြားတာကတော့ ... အမှန်ပဲ”

သူတို့အားလုံး ရယ်ကြပြန်သည်။

ရယ်၍မှမဆုံး ရုတ်တရက် ထရပ်လိုက်သော ကြည်နူးကြောင့် ရယ်သံတွေ တို့လို့တန်းလန်းဖြစ်သွားသည်။ မျက်နှာကို ပြုံးပြုံးလေးလုပ်ထားကာ ကြည်နူးက ...

“ဒါဆို ကျွန်မ အလုပ်သွားဖို့ပြင်တော့မယ်၊ ဘယ်နေ့ဆိုတာကို ဒေါ်အိတို့ကိုပဲ ပြောထားလိုက်ပေါ့၊ အားရင်တော့ လိုက်ခဲ့ပါ့မယ်၊ ခွင့်ပြုပါဦး”

သူကတော့ ကြည်နူးစတိုင်လ်ကို ပထမတစ်ကြိမ်တွေ့ရပြီမို့ အရမ်းမအံ့သြတော့ပါ။ တစ်မျိုးပဲလို့တော့ တွေးမိသည်။ ဗလ


www.burmeseclassic.com

www.burmeseclassic.com


ကိုကြည့်လိုက်တော့ 'ဘာလဲဟ'ဆိုသောသဘောဖြင့် တွေးနေပုံရသည်။ ဒေါ်အိက အားနာဟန်ဖြင့် "အဲ့ဒီကြည်နူးကတော့လေ" ဆိုပြီး ရေရွတ်၏။

ခဏကြတော့ ညိုက ပါးစပ်လေးပိတ်ကာ တကိကိရယ်ပါတော့သည်။ ညို့ကိုကြည့်ကာ ဒေါ်အိနှင့်သဒ္ဓါလည်း လိုက်ရယ်သည်။

သူရော၊ ဗလပါ ဘာမှန်းမသိပေမယ့် နှစ်ယောက်တည်းမကျန်ခဲ့ချင်တာမို့ လိုက်ရယ်မိကြလေသည်။

------ooooo------


www.burmeseclassic.com

www.burmeseclassic.com

[ ရှစ် ]

ဒီနေ့ ... တနင်္ဂနွေနေ့။

သဒ္ဒါတို့သုံးယောက် မိုးချမ်းတို့အလှူသွားရန်ပြင်ဆင်နေသော်လည်း ကြည်နူးက တုတ်တုတ်မျှ မလှုပ်ပါ။

"ကြည်နူး၊ လုပ်လေ၊ ခဏာနေရင် ဘုန်းကြီးတွေ ကြွလာတော့မယ့်ဟာ၊ အချိန်မှီမရောက်ရင် အားနာစရာကြီး"

ဒေါ်အိက လောဆော်တော့ ကြည်နူးက ခေါင်းရမ်းကာ

"ဟင့်အင်း၊ ငါ မလိုက်တော့ဘူး၊ နင်တို့ပဲ သွားကြတော့"

"ဟယ် ... ဘာလို့လဲ"

"မလိုက်ချင်လို့"

ပေါ်တင်ကြီး ငြင်းလိုက်သဖြင့် သဒ္ဒါတို့သုံးယောက် အံ့သြ



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။

"ဘာလို့လဲ? နေမကောင်းလို့လား"

ပြေရာပြေကြောင်း မေးလိုက်ကာမှ ရရှိသောအဖြေကြောင့် ပိုဆိုးသွား၏။

"နေကကောင်းပါတယ်၊ သူတို့အိမ် မသွားချင်လို့"

သွားချင်လွန်းလို့ တက်ကြွစွာပြင်ဆင်နေသော သူမတို့သုံးယောက်တောင် ယောင်နနဖြစ်သွားသည်။ ဒေါ်အိကနည်းနည်းတင်းသွားပုံရ၏။

"သူတို့အိမ်က ဘာဖြစ်နေလို့လဲ"

"ဖြစ်တယ်မဖြစ်ဘူးဆိုတာက တစ်ယောက်နဲ့တစ်ယောက် ဘယ်တူပါ့မလဲ"

"ဘယ်လို"

ကြည်နူးပြောသော စကားကို သဒ္ဒါကောင်းကောင်းကြားပါသည်။ နားမရှင်း၍ ပြန်ထပ်မေးခြင်းဖြစ်သည်။

"ခံစားချက်ကိုပြောတာလေ၊ သူတို့ကတော့ ဘာမှမဖြစ်ဘူး၊ ဒါပေမယ့် ငါက သူတို့နဲ့မခင်ချင်ဘူး"

"မခင်ချင်ဘူး"

ဒေါ်အိက သံယောင်လိုက်သည်။ ကြည်နူးကို တကယ်ပင် နားမလည်ပါ။ ဒေါ်အိက ...

"ဟဲ့ ... မနက်ဖြန်ဆို အလုပ်အတူတူလုပ်ရမယ့်ဟာ၊ ခုကတည်းက ခင်ခင်မင်မင်ဆိုတော့ ကောင်းတာပေါ့"

"အဲ့ဒါ စိတ်ညစ်နေတာပေါ့၊ အင်တာဗျူးလာဖြတဲ့နေ့ကတည်းက လူကို အတင်းလာရောနေတာ"

www.burmeseclassic.com

www.burmeseclassic.com


"ဘာ ... ဘယ်သူက"

"ဘယ်သူရှိရမလဲ? မိုးချမ်းပေါ့၊ သိတဲ့အတိုင်း ရုံးမှာ ကိုလင်းကလည်းရှိနေတော့ တစ်မျိုးထင်သွားရင်မကောင်းဘူး"

"ဟင်"

"နောက်ဆို အလုပ်အတူတူလုပ်ရင် ဘယ်လိုလုပ်ရမလဲ မသိဘူး၊ ခုကတည်းက ကင်းအောင်နေထားမှ၊ ယောကျ်ားဆိုတဲ့ အမျိုးက မိန်းကလေးချောချောလေးမြင်တာနဲ့ရောဖို့ပဲ၊ ကိုယ်က စောင့်တတ်မှ"

ညို့ဆီက ကိုခနဲအသံတိုးတိုးလေးထွက်လာ၏။ နောက် တစ်ခါးဖြင့် ပါးစပ်ကိုအုပ်ကာ မီးဖိုဘက်ပြေးသွားသည်။ သွား ရာသို့ နေပြီထင်သည်။ ဒေါ်အိက "မှားပါတယ် ကြုံကြွားရယ်" ဆိုသော သဘောဖြင့် ဟိုဘက်လှည့်သွားသည်။

သဒ္ဒါက လည်ပင်းတွင် တစ်ခုခု နင်နေသလို ခံစားချက် များဖြင့် ကျန်ခဲ့သည်။ ဘယ်လိုပဲဖြစ်ဖြစ် မိုးချမ်းမျက်လုံးတွေက သူ့အပေါ်မှာရော တစ်မျိုးမဟုတ်လား။ ဒါကို မိန်းကလေး အသိ ဖြင့် သိသည်။ ခုတော့ ... မိုးချမ်းက ကြည်နူးကိုလည်း အတင်း ချိတ်ရောသည်တဲ့။ ဘယ်လိုသဘောမျိုးလဲ။

"ခဏဖြစ်ဖြစ် လိုက်ခဲ့ပေါ့၊ အိမ်နားနီးချင်းတွေ အားနာ စရာကြီး ကြည်နူးရယ်"

"ဘာ အားနာရမှာလဲဟ၊ ကိုလင်းလိုလူနဲ့တောင် အဲသလို နေခြင်တွေ ဘာတွေ အတူသွားတာမှ မဟုတ်တာ"

ကောင်းလေစွတကား။

ကိုလင်းဆိုတာ ကြည်နူးနှုတ်ဖျားက ခဏခဏကြားနေ


www.burmeseclassic.com

www.burmeseclassic.com


ရသောနာမည်။ ဘယ်လိုချောပြီး၊ ဘယ်လောက်ချမ်းသာတယ် စသဖြင့် ကြုံကြုံမကြုံကြုံကြွားနေကျ။ ချစ်သူတွေတော့ မဖြစ်သေး ပါ။ ဟိုဘက်ဒီဘက် အပြန်အလှန်လှေလာနေကြတုန်းအဆင့်ဝဲ သေးသည်။ သို့ပေမယ့် ကြည်နူးကိုကြည့်ရတာ ကိုလင်းဆီ ရည်စားစကားစောင့်နေပုံရသည်။ အဖြေကလည်း အဆင်သင့် ရှိပြီးသား ထင်သည်။ ဒီလိုအခြေအနေဆိုတော့ မိုးချမ်းနှင့်ဟို တစ်မျိုးထင်သွားမှာ စိုးရိမ်မည်ဆိုက စိုးရိမ်စရာပင်။

သဒ္ဒါသည် မိုးချမ်းကို အထင်ကြီးမိတာ မှားပြီလားဟု အတွေးဝင်မိ၏။ မိုးချမ်းအကြည့်လေးတွေအပေါ် သဒ္ဒါ အစိပ္ပါယ် ကောက် လွဲခဲ့ခြင်းလား မသိတော့ပေ။ သေချာတာကတော့ သဒ္ဒါစိတ်ထဲ မပျော်တော့ဘဲ လူက နုံးခွေသွားသည်။

"ကြည်နူးမလိုက်လည်း သွားမယ်လေ သဒ္ဒါ ၊ ဘာလုပ်နေ တာလဲ"

"ဟင်"

"အာ ... နင်ကတော့ လုပ်ပြီ၊ သွားမယ်လို့ ပြောတာ - ဟိုမှာ မိုးချမ်းတို့ တံခါးခေါက်နေပြီ"

သဒ္ဒါ စိတ်မပါလက်မပါ ထလိုက်ရသည်။ သဒ္ဒါတို့ သုံးယောက်အပြင်ရောက်၍ တံခါးပြန်ပိတ်တော့ မိုးချမ်းကို တွေ့ရ သည်။

"မလာရဲမှာစိုးလို့ ခုပဲ လာခေါ်တော့မလို့ ... ကြည်နူးရော ကြည်နူးမလာဘူးလား"

ဩော်ဟု သဒ္ဒါရင်ထဲမှာ တီးတိုးညည်းတွားမိသည်။ ဓာတ် ကောင်မပါဘဲ ဓာတ်ပို့တွေချည်းမို့ စိတ်ပျက်သွားပြီလားဟု


www.burmeseclassic.com

www.burmeseclassic.com



မိုးချမ်းကို အကဲခတ်လိုက်သည်။ မိုးချမ်းအမေးကို ညိုက ဖြေသည်။

"ဟုတ်တယ်၊ ဒီကိုလာခါနီးမှလေ၊ ကြည်နူးက ခေါင်းတွေ တအားမူးလို့တဲ့၊ ကြည်နူးက အဲ့ဒီလိုပဲ ခေါင်းခဏခဏမူးတတ်တယ်၊ သူက ခေါင်းမူးလာရင် အိပ်ရာထဲပဲ ခွေနေတော့တာ"

"ဟုတ်လား? တော်တော်မူးနေသလား၊ ဆေးရောတိုက်ခဲ့ရဲ့လား"

စိုးရိမ်ပူပန်ပြနေသော မိုးချမ်းကိုကြည့်ကာ သဒ္ဒါ ဘာမှန်း မသိ ဝမ်းနည်းလာသည်။ စကားသံတွေက သဒ္ဒါ့နားထဲ ဘာမှ မကြားသလို၊ နားတွေလည်း အူနေသလို ခံစားရသည်။

"ဟဲ့ ... ဒီမှာ မိုးချမ်းက နင့်ကိုမေးနေတယ် သဒ္ဒါရဲ့၊ နင်ရော နေမကောင်းဘူးလားတဲ့"

"အင်း ... အဲ ကောင်းပါတယ်"

"တွေ့လား မန်းချို၊ အဲ ... မိုးချမ်း၊ အဲဒီ သဒ္ဒါတစ်ယောက် ရဲ့လည်း ဘာမှန်းကိုမသိဘူး"

"ဒေါ်အိက အားလုံးထဲမှာ လူကြီးဆန်တယ်နော်၊ မိခင် တစ်ယောက်ရဲ့ ကြင်နာမှုတွေ ပိုင်ဆိုင်ထားတယ်၊ အဲသလို မိန်းကလေးမျိုးက သူတို့ချစ်သူအပေါ်မှာလည်း အရမ်းနားလည်ပြီး အနစ်နာခံတတ်တယ်တဲ့"

"ဟော ... မြန်မြန်လာကြ၊ ဒီမှာ အချိုပွဲတွေ မပြင်ရသေး ဘူး မန်းချို ဘာတွေ ရှိုးနေတာလဲ"

ဒေါ်ကြီးက အပေါက်ဝမှ ထွက်ကြည့်ပြီး လှမ်းအော် သည်။ ညိုက ...

"အဲဒီတစ်ယောက်ရဲ့နာမည်ကလည်း ခေါ်ရခက်လိုက်



www.burmeseclassic.com

www.burmeseclassic.com


တာ၊ ဘယ်လိုခေါ်ရမှန်းမသိဘူး"

"ဦးလေးလို့ ခေါ်ပေါ့"

သူက ထိုစကားကို တမင် လေသံမြှင့်ပြီး ဒေါ်ကြီးကြား အောင် အော်ပြောလိုက်သည်။ ဒေါ်ကြီးက ကြားသော်လည်း သူ့ ရှုပ်ရည်သူ စိတ်ချပုံမျိုးနှင့် ခပ်တည်တည်လုပ်နေသည်။

"ဟူး၊ မောလိုက်တာဗျာ၊ ခင်ဗျားတို့ကို ကောင်းကောင်း စားစေချင်တာနဲ့ ... ဆိုင်က မှာထားတာတွေအပြင် ကိုယ်တိုင် လည်း ကောင်းနိုးရာရာလေးတွေ လုပ်နေရတယ်"

ကြားထဲက အမှတ်ဝင်ယူလာသောဗလကို အားလုံး ပွဲကျ သွားသည်။ ဒေါ်အိက ဗလကို ပြုံးစိစိဖြင့် လှမ်းကြည့်သည်။ ညိုကြ တစ်ကိုယ်လုံးပင် လှုပ်ခါနေအောင် သဘောတကျရယ်နေသည်။ ရယ်သံတွေကြားမှာ သဒ္ဒါကတော့ ဘာမှ မစားရသေးဘဲ အစာ မကြေသလို နင်တင်တင် ဖြစ်နေသည်။

ထိုနေ့က ... စားကောင်းသောက်ဖွယ်မှန်သမျှ သဒ္ဒါ ပါးစပ်ထဲ အရသာမရှိပေ။ တို့ကနန်း ဆိတ်ကနန်းစားနေသော သဒ္ဒါ့ကိုကြည့်ကာ မိုးချမ်းက ...

"စားလို့ မကောင်းဖူးလား သဒ္ဒါ" ဟု မေးသည်။

"ကောင်းပါတယ်"

သဒ္ဒါက ခပ်တိုတိုပဲ ဖြေသည်။ မိန်းကလေးတွေအပေါ် ပရောပရီလုပ်တတ်သောလူမျိုးကို သဒ္ဒါ အင်မတန်မုန်းပါသည်။ နောက်ပိုင်းဆို ... မိုးချမ်းနှင့် ခပ်ကင်းကင်းနေဖို့ သဒ္ဒါ ဆုံးဖြတ် မိသည်။

"ညှော်သည်တွေ ဘယ်နှစ်ယောက် ဖိတ်ထားသလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အိကု ဘယ်သူရယ်ဟု အမည်မတပ်ဘဲ အားလုံးကို မြှုမေးလိုက်သည်။ ဒေါ်ကြီးက ...

"ရုံးက အပေါင်းအဖော်နဲ့ ဒီ အောက်ထပ်က တစ်အိမ် နှစ်အိမ်ပါပဲ၊ ဘာဖြစ်လို့လဲ"

"လူသိပ်များရင် ကူညီလုပ်ကိုင်ပေးမလို့ပါ"

"ရပါတယ်၊ အပင်ပန်းခံစရာမလိုပါဘူး၊ အဒေါ်ကြီး တစ် ယောက် ခေါ်ထားတယ်လေ"

"ဪ"

အချိုပွဲတည်ခင်းရင်း သူတို့တစ်တွေ ရောက်တတ်ရာရာ ပြောနေကြခြင်းဖြစ်သည်။ ခဏကလေးရေနွေးထိုင်သောက်ပြီး သဒ္ဒါက ပြန်ဖို့ သတိပေးသည်။ သူက ...

"ဘာအရေးကြီးသလဲ၊ ဖြည်းဖြည်းပေါ့၊ ပြန်ရင်လည်း ကြည်နူးအတွက် ထမင်းထည့်ပေးလိုက်မယ်လေ၊ နေမကောင်းလို့ လာနိုင်လည်း အိမ်မှာတစ်ယောက်တည်းကျန်ခဲ့တော့ ထမင်းစား ချက်ဖြစ်မှာမှ မဟုတ်တာ"

မိုးချမ်းက ကြည်နူးအပေါ် တော်တော်လေး ဂရုစိုက်ပါ လားဟု သဒ္ဒါစိတ်ထဲက တွေးသည်။ ရင်ထဲ တစ်မျိုးတော့ ဖြစ်မိ သည်။ ဘာမှန်းတော့ မသိ။

"လှေခါး အတက်အဆင်းမှာ သတိထားနော်၊ ခွေးလေ ခွေးလွှင့်တွေက လှေခါးတွေပေါ် တက်အိပ်ကြတယ်၊ တော်ကြာ တိုက်လိုက်မှာစိုးလို့"

အာကာထင်ကျော်က သတိပေးသည်။ ဗလက ...

"ဟုတ်ပါ့ကွာ၊ ခွေးချေးတွေလည်းပုံနေတာပဲ၊ ခွေးတွေက

www.burmeseclassic.com



လည်း ဘယ်က ခွေးတွေမှန်းကိုမသိဘူး"

"ခွေးလေ ခွေးလွင့်တွေပါလို့ ပြောနေတဲ့ဟာကို ... ဘာလျှာရှည်နေမှန်းမသိဘူး"

ဒေါ်ကြီးက ဗလကို ဟောက်သည်။

အာကာထင်ကျော်က ...

"နေဦး၊ နောက်တစ်ခါကျရင် အဲဒီခွေးတွေကို ဘယ်က ခွေးတွေလဲ သိရအောင် ငါ လိပ်စာ မေးထားလိုက်မယ်"

------ooooo------

www.burmeseclassic.com

www.burmeseclassic.com

# [ ရှစ် ]

မနေ့ညက သူ့ ရှင်မလေး မျက်နှာမကောင်းပါ။ အားလုံး ပျော်မောပျော်ရွှင်နေပေမယ့် ရှင်မလေးက အရုပ်လေးလို ငြိမ်ငြိမ် လေးထိုင်နေခဲ့သည်။ နေများမကောင်းလို့လား။ ဒါမှမဟုတ် ပြဿနာတစ်ခုခုများ ရှိနေတာလား။ တွေးရင်းနှင့် အခုချက်ချင်း ပင် ရှင်မလေးကို သူ တွေ့ချင်လာသည်။

အိပ်ယာထကတည်းက ဘယ်လိုအကြောင်းပြချက်နှင့် ခေါ်သွားခေါ်ရလျှင် ကောင်းမလဲဟု သူ စဉ်းစားနေသည်။ တွေ့ချင်လို့လာတွေ့တာဟု အခွက်ပြောင်ပြောင်နှင့် ပြောလိုက် လျှင် ဒေါ်ကြီးကတော့ "ဟိုက ပါးပိတ်ရိုက်လိုက်မှာပေါ့" ဟု ပြောပေလိမ့်မည်။ ရှင်မလေးကို ကြည့်ရတာ ရိုင်းစိုင်းကြမ်းတမ်းပုံ ရပါ။ သို့သော် ... ထိုသို့ သက္ကာမဲ့ ပြော၍ မဖြစ်နိုင်မှန်း

www.burmeseclassic.com

www.burmeseclassic.com



သူ့ သိသည်။ မည်သို့ လုပ်ရပါမည်နည်း။ ဒီနေ့ အလုပ် စတက်ရ မှာမို့ နောက်ကျ၍ မဖြစ်ပါ။ ရှင်မလေးကိုတွေ့ဖို့ နည်းလမ်းကို သူ့ အမြန်စဉ်းစားနေရသည်။

သိပ်မစဉ်းစားလိုက်ရ။ ယောကျ်ားတို့တပ်အပ်သော ပညာ များအရ ဥာဏ်နီ၊ ဥာဏ်နက်၊ ဥာဏ်ဝါ၊ ဥာဏ်ပြာတွေက ချက်ချင်းထွက်သည်။ ထို့နောက် ... အမြန်ဆုံးရေမိုးချိုးပြီး ဆင်း လာခဲ့သည်။

ဘုရားသိကြားမလို့ တံခါးလာဖွင့်တာ ရှင်မလေးဖြစ်ပါ စေ။ လေးလေးနက်နက်ဆုတောင်းပြီး တံခါးခေါက်လိုက်သည်။ သူ့ဆုတောင်းပြည့်ပါသည်။ ချစ်စရာကောင်းသော မြသန္တါယ မျက်နှာလေး ပေါ်လာသည်။ မျက်နှာချင်းဆိုင်တွေ့လိုက်ရတော့ ချက်ချင်းလက်ငင်း ဘာပြော၍ ပြောရမှန်းမသိဘဲ၊ ကတ်သီးလေး အထင်လွဲစေမည့်အဖြစ်မျိုး သူ့ပါးစပ်က ပြောထွက်သွားသည်။

"ဟို ... ကြည်နူး ရုံးသွားပြီလား သန္တါ"

"ရှင်"

မိတ်ဆွေ တွေ့ပါရဲ့လား။ သန္တါဆိုသော ကောင်မလေးက ဘယ်လောက်များ အသည်းယားစရာကောင်းလိုက်ပါသလဲ။ စ တွေ့သည်နှင့် 'ရှင်'ဆိုတာက အရင်ကြားရသည်။ သူ့ ဘာမှထပ် မပြောဘဲ ဒေါ်အိနည်းအတိုင်း ဒီအတိုင်းနေလိုက်သည်။ ဒေါ်အိ ပြောတာမှန်သည်။ ခဏကြာတော့ သန္တါက သူမ ဖာသာပဲ ပြန် ဖြေလေသည်။

"ဩော် ... ကြည်နူးလား၊ အလုပ် မသွားသေးဘူး၊ ရှိတယ် ခေါ်ပေးရမလားဟင်"

www.burmeseclassic.com

www.burmeseclassic.com



"အာ ... မခေါ်ပေးနဲ့ ... ရတယ်၊ အဲ ... တစ်ခုတော့ သွားမေးပေး၊ ကျွန်တော်နဲ့အတူ ကုမ္ပဏီကို သွားမလားလို့"

"အင်း ... ခဏစောင့်"

သဒ္ဒါ့ မျက်နှာလေးက မှိုင်းညို့နေသည်ဟု သူ့စိတ်ထဲ ထင်သည်။

သဒ္ဒါကိုယ်တိုင်လည်း စိတ်ထဲ ရှုပ်ထွေး နောက်ကျိ သလို ဖြစ်နေသည်။ "နင်နဲ့ဘာဆိုင်လို့လဲ? နင်ရူးနေပြီလား သဒ္ဒါ" ဟု ကိုယ့်ကိုယ်ကိုယ် သတိပေးရင်း ကြည်နူးအလှုပြင်နေရာသို့လာခဲ့ သည်။ သဒ္ဒါ့ပုံစံက ဘာမှမဖြစ်သလို ပေါ့ပေါ့ပါးပါးပုံစံလေး လုပ်ကာ ...

"ကြည်နူး၊ မိုးချမ်းရောက်နေတယ်၊ သူနဲ့ ရုံးအတူသွားမှာ လား တဲ့၊ အဲဒါ မေးခိုင်းလို့ တို့ လာမေးတာ"

သူ့အမေးစကားကြောင့် ကြည်နူးမျက်နှာက ဂုဏ်ယူ ဝင့် ကြွားဟန်ပေါက်သွားသည်။ သို့သော် ... ကြည်နူးက အရေးမစိုက် သလို၊ စိတ်ရှုပ်သလိုပုံစံမျိုး ချက်ချင်းပြောင်းလိုက်တာ သဒ္ဒါသတိ ထားလိုက်မိသည်။

"ဟာ ... ဘာဆိုင်လို့အတူသွားရမှာလဲ! ကြည်နူးနဲ့သူက ဘာဆိုင်လို့လဲ၊ အဲ့ဒါတွေပေါ့ စိတ်ပျက်တာ၊ အတင်းကြီးပဲ၊ အမိပ္ပါယ်မရှိနော်၊ မသွားဘူး၊ ကိုယ့်ဖာသာသွားလို့ ပြောလိုက် သဒ္ဒါရေ"

ခါးခါးသီးသီးငြင်းနေသော ကြည်နူးကိုကြည့်ကာ သူမ စိတ်ပုပ်ဝင်လာသည်။ မကောင်းဘူးဆိုတာ သိနေသော်လည်း စိတ် က ရွှံ့ချင်နေသည်။ ထို့ကြောင့် ... ကိုလင်းဆိုသူအပေါ် မျှော်လင့်

www.burmeseclassic.com



နေသော ကြည်နူးကို မိုးချမ်းနှင့် အတင်းလှော်ပေးလိုက်သည်။

"ဟယ် ... နင်ကလဲ၊ ဟိုက တကူးတကလာခေါ်တာကို အားနာစရာ၊ သွားလိုက်ပါ၊ အဆောက်အဦးတစ်ခုတည်း အတူတူပဲ ဟာ"

"ဟင့်အင်း၊ မသွားဘူး၊ နောက်နေ့တွေရော လာမခေါ်နဲ့လို့ပြောလိုက်၊ အဲ့ဒါတွေပေါ့ တခါတလေတော့လည်း ငါ့အလှကို ငါ စိတ်ပျက်တယ်၊ မိန်းကလေးတွေလှတာ တကယ်အန္တရာယ်ပဲ"

ဩော် ... ဒုက္ခဟု ရေရွတ်ရင်း မိုးချမ်းဆီပြန်လာခဲ့သည်။ ကြည်နူးပြောတဲ့အတိုင်း မိုးချမ်းကို ပြန်ပြောဖို့အတွက် သဒ္ဒါက ကြားထဲကနေ အားနာနေသည်။

"ဟိုလေ"

"အင်း၊ ပြော သဒ္ဒါ၊ ကြည်နူးက ဘာတဲ့လဲ"

"ကြည်နူးက မပြီးသေးဘူးတဲ့၊ ကြာဦးမှာတဲ့"

"ရတယ်လေ၊ ကျွန်တော် စောင့်မှာပေါ့"

"ရှင်"

သူက ထိုသို့ပြောလိုက်တော့ သဒ္ဒါမျက်ဝန်းလေးတွေက အံ့သြဟန်ဖြင့် ဝိုင်းဝိုင်းလည်နေသည်။ သဒ္ဒါ့စိတ်ထဲကတော့ ကြည်နူးအပေါ် ဒီလောက်ထိ ပျော်ဝင်နေပြီလား မိုးချမ်းရယ်ဟု တွေးသည်။ ထို့နောက် ... သဒ္ဒါ့ပုံစံက ဘာ ဆက်ပြောရမှန်း မသိသည့်ပုံစံ။ 'ရှင်'ဆိုသောအသံလေးကို နားထောင်ရင်း သူ ရယ်ချင်နေမိသည်။ ကြည်နူးကို စောင့်သလိုလိုနှင့် ရှင်မလေးကို စကားပြောမည်။ မနေ့က မျက်နှာမကောင်းတဲ့ အကြောင်းမေးမည်။ သူကတော့ သူ့အကြံနှင့်သူ။ သဒ္ဒါက ...

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး၊ ကြည်နူးက ကိုမန်းချိုး အဲ ... ကိုမိုးချမ်းကို မစောင့်နဲ့လို့ပြောတယ်၊ သူက ဒီနေ့ နောက်ကျမှသွားမှာတဲ့၊ ကိုမိုးချမ်းဖာသာ သွားနှင့်လိုက်ပါတဲ့"

"ဟုတ်လား၊ ဒါဆိုလည်း သွားနှင့်မယ်လေ၊ ဒါနဲ့ သဒ္ဒါ"

"ရှင်"

"မနေ့ညက မျက်နှာမကောင်းဘူးနော်၊ ဘာလို့လဲဟင် နေမကောင်းလို့လား၊ ဒါမှမဟုတ် စိတ်ညစ်စရာတစ်ခုခုများရှိလို့လား၊ ကျွန်တော် ကူညီနိုင်တာဆို ကူညီပါရစေ"

"ရှင်"

သဒ္ဒါက တအံ့တဩပုံစံဖြင့် သူ့ကိုကြည့်သည်။ သူ့စကားက ဘာမှ အံ့ဩစရာ မကောင်းပါ။

သို့သော် ... သဒ္ဒါ့အတွေးကတော့ ထိုသို့မဟုတ်ပါ။ သဒ္ဒါ မျက်နှာမကောင်းတာကို မိုးချမ်းက လာပြီး ဂရုစိုက်ပြနေသလို၊ ကြည်နူးကိုလည်း ပရောပရီ လုပ်နေသည်။ တစ်အိမ်တည်း အတူနေသော မိန်းကလေးနှစ်ယောက်ကို ယခုလို လုပ်နေတာ မိုးချမ်းဆိုသူကို နားမလည်နိုင်တော့ပေ။ ငါးရံ့နှစ်ကောင်ဖမ်းချင်တယ် ဆိုလည်း အိုင်ခပ်ဝေးဝေးမှာ သွားဖမ်းသင့်သည် မဟုတ်လား။

"ဟင်! ကျွန်တော် မေးတာဖြေဦးလေ သဒ္ဒါ"

"ကျွန်မ ဘာမှ မဖြစ်ပါဘူး၊ ဖြစ်လည်း ရှင်နဲ့ မဆိုင်ပါဘူး၊ ဟို ဒါပဲ မဟုတ်လား၊ ကျွန်မ အထဲဝင်တော့မယ်"

ပြောပြောဆိုဆို သဒ္ဒါကတံခါးပိတ်သွားတော့ သူ ငေါင်၍ ကျန်ခဲ့သည်။ ရှင်မလေးကိုကြည့်ရတာလည်း ခါတိုင်းနှင့်မတူ၊ တစ်မျိုးပါပဲ။ တွေ့စကဆို ဘာပဲပြောပြော သူ့အပေါ် ဖော်ဖော်

www.burmeseclassic.com

www.burmeseclassic.com



ရွှေရွှေ၊ အယ်အယ်လာလာဆက်ဆံသေးသည်။ သင်တန်းစာမေးပွဲတွေ နီး၍ စိတ်ဖိစီးနေတာကြောင့်ပဲ ဖြစ်လိမ့်မည် ထင်သည်။

သူ့ နာရီကြည့်လိုက်တော့ အလုပ်သွားဖို့စောနေသေးသည်။ အပေါ်ပြန်တက်ပြီး ဒေါ်ကြီးကိုခေါ်ကာ လက်ဖက်ရည်ဆိုင်ထိုင်ရလျှင် ကောင်းမည်။ ထိုအတွေးကြောင့် အပေါ်သို့ ပြန်တက်ခဲ့သည်။ သူ့ကိုမြင်တော့ ဒေါ်ကြီးက ...

"ဘယ်လိုလဲဟ! ပြောသွားတာတော့ ဆင်ဖမ်းမယ်၊ ကျားဖမ်းမယ်နဲ့၊ မင်းပဲ သဒ္ဓါကိုခေါ်ပြီး မုန့်အတူသွားစားမလို့ဆို"

"သင်တန်းက စာမေးတွေပွဲရှိနေလို့ နောက်မှပဲစားတော့မယ်တဲ့ အဟဲ"

"ဟာ ဟ၊ အွင်းလေ၊ ငါမှ မမြင်ရတာမန်းချိုးရ ... ဒီတော့မင်းပြောသမျှယုံရမှာပေါ့"

"စကားများမနေနဲ့ ဟော့ကောင်၊ အမြန်လုပ်၊ လက်ဖက်ရည်သွားသောက်ရအောင်၊ ငါက ယောကျ်ားလေးချင်းဆို စိတ်ကသိပ်ရှည်တာ မဟုတ်ဘူး"

"ကြော်ငြာမနေနဲ့၊ သိတယ်၊ ပြောစရာကိုမလိုဘူး၊ မင်းနဖူးမှာ တံဆိပ်ကပ်ပြီးသား"

"**Only girl** လို့လား"

"ဟင့်အင်း **Only** နာဘူးလို့"

"ဒါဆို မင်းက မဘူးဖူးပေါ့ ဟုတ်လားဒေါ်ကြီး"

"အေး"

"ဒါဆို မင်းက ဂန်ဒူးပေါ့၊ ဘုရား ဘုရား ငါတို့အဝတော့ကျောချမ်းစရာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"သေကွာ"

တအိအိဖြင့် ဒေါ်ကြီးမခံချင်အောင် သူရယ်ပြလိုက်သည်။ ဒေါ်ကြီးက လဲဝတ်ထားသောရေလဲပုဆိုးကို လုံးထွေးပြီး သူ့ကိုပေါက်သည်။ ချဉ်စုတ်စုတ်နံသဖြင့် မသတီစရာအနံ့က နှာခေါင်းထဲတိုးဝင်လာသည်။

"နံလိုက်တာကွာ၊ အိမ်သာတွင်းထဲကျရင်တောင် ဒီလောက်နံမှာမဟုတ်ဘူး"

တွန်းလိုက်ထိုးလိုက်ဖြင့် ဝုန်းဒိုင်းကျဲကာ သူတို့နှစ်ယောက် ပြေးဆင်းလာကြသည်။ နှစ်ထပ်ရောက်တော့ ရှေ့မှဆင်းနေသော သူ့ရဲ့ ရှင်မလေးကို တွေ့ရ၍ ပျော်သွားရသည်။

"သဒ္ဒါ"

"ရှင် ... ဪ"

"သင်တန်းသွားတော့မလို့လား"

"ရှင် ... ဟုတ်"

"သင်တန်းက ဘယ်မှာလဲ"

"သိပ်မဝေးပါဘူး"

"အတူတူသွားမယ်လေ"

သူ့စကားကြောင့် သဒ္ဒါက ခါးခါးသီးသီးပုံစံမျိုး ကြည့်လာသည်။ သဒ္ဒါဆိုသော ငတိမလေးက သူ့ကို ဘာများ မကြည်လင် ဖြစ်နေပါလိမ့်ဟု တွေးမိသည်။

သဒ္ဒါကလည်း မိုးချမ်းကို အထင်ကြီးခဲ့မိသမျှ အတော့်ကို အသည်းနာမိသည်။ ခုနက ကြည်နူးကို လာခေါ်တုန်းကလည်း အသည်းအသန်။ ကြည်နူးကက မလိုက်ဘူးဆိုတော့ သဒ္ဒါ့ဘက်



www.burmeseclassic.com

www.burmeseclassic.com



လှည့်လာသည်။

"သဒ္ဒါ၊ အတူတူသွားမယ်လို့ ကျွန်တော်ပြောနေတာလေ"

သူက သဒ္ဒါ မကြားလိုက်ဘူးအထင်နှင့် နောက်ထပ်တစ်ခါပြန်ပြောလိုက်သည်။

ဒေါ်ကြီးက ...

"တော်တော် တရားကျဖို့ကောင်းတဲ့ကောင်" ဟု ဆိုကာ အရင်ပြေးဆင်းသွားသည်။ ထိုအခါမှ သဒ္ဒါက ...

"ဟင့်အင်း၊ ကျွန်မက သူငယ်ချင်းကို ဝင်ခေါ်ရဦးမှာ"

ဆိုကာ ခပ်သွက်သွက်ဆင်းသွားလေသည်။ လမ်းပေါ်ရောက်တော့ သဒ္ဒါက တက္ကစီတစ်စီးကိုတားကာ တက်သွားသည်။

"သွားတော့မယ်" ဟု မပွင့်တပွင့် တိုးညင်းသောလေသံလေးနှင့် နှုတ်ဆက်ကာထွက်သွားသောရှင်မလေးကိုကြည့်ကာ သူ ဦးနှောက်ခြောက်နေသည်။ စိမ်းကားသွားတယ်ဆိုတာကိုတော့ သူ့ခံစားချက်က သိနေသည်။ အရင်လို သူ့အပေါ်ကြည့်တဲ့မျက်လုံးလေးတွေမှာ နွေးထွေးမှုမရှိတော့ပြီ။ အေးစက်ငြိမ်သက်နေသည်။

"ဟာ! ဘယ်လိုလဲ၊ ကောင်မလေးနဲ့ လိုက်မသွားဘူးလား"

ခြေသံတဖုန်းဖုန်းကြား၍ လှည့်ကြည့်လာသောဒေါ်ကြီးက သူ့ကိုမြင်၍ တအံ့တသြမေးခြင်းပင်။ သူ, ဘာမှပြန်မပြောမနေဘဲ ခေါင်းသာ ရမ်းပြလိုက်၏။

"သူလေးက အရမ်းအေးစက်သွားသလိုပဲ၊ ဘာဖြစ်သွားတာလဲ မသိဘူး"

"အရင် မင်းကိုင်ကြည့်တော့ နွေးနွေးလေးလား"

"လာမနောက်နဲ့နော် ဒေါ်ကြီး၊ ဒီမှာ မိန်းမကျွမ်းမကြေခဲ့

www.burmeseclassic.com

www.burmeseclassic.com


လို့ ငိုချင်းချရမလိုဖြစ်နေတာ"

"တိုးတိုးပြော ဟော့ကောင်၊ စာသားလေးလှတယ်ဆိုပြီး ဟစ်ဟော့ **Hip Hop** သမားတွေ ဝိုင်းလာဦးမယ်"

"အဲ့ဒီတော့လည်း ရှိ့ ရှိ့ အာ ဟာ အာ ဟာ ဆိုပြီး စိတ်ပြေလက်ပျောက်ဝင်ကလိုက်ရုံပေါ့"

"ဟား ဟား ဟား ဟား"

ဒေါ်ကြီးရယ်သော်လည်း လိုက်မရယ်နိုင်ပါ။ သူ့မှာတော့ စလုံးရေးပင် မစရသေး။ ဦးနှောက် စားနေရပြီ။

လုံးဝ စားနေပြီ။

------ooooo------



www.burmeseclassic.com

www.burmeseclassic.com

# [ ကိုး ]

သူ, ရန်ကုန်မှာနေပြီး ကုမ္ပဏီမှာ အလုပ်လုပ်ရတာ ပျော်နေသည်။ လုပ်ဖော်ကိုင်ဖက်တွေကလည်း ခင်စရာကောင်းသည်။ တစ်ခုပဲရှိ၏။ လေစိမ်းတွေတိုက်ကာ ခပ်စိမ်းစိမ်းဖြစ်သွားသော သဒ္ဒါကြောင့် သူ, နည်းနည်းတော့ စိတ်ညစ်နေမိသည်။

ဒါတင်မက သဒ္ဒါတို့အိမ်က ပန်းကြည်နူးဆိုသော တစ်ယောက်ကလည်း တစ်မျိုးပင်။

ဆရာကြီးလား၊ အထာကြီးလားတော့မသိ။ သူ့ကို အရမ်းရှောင်သည်။ ရှောင်တာမှ ပိုးစိုးပက်စက်ကို ရှောင်သည်။ စဉ်းသွားပြောလျှင် အင်းအဲမလုပ်။ မကြားသလိုလို၊ ကြားသလိုလိုလုပ်သည်။ မဖြစ်မနေပြန်ဖြေရလျှင် မပွင့်တပွင့်နှင့်ဘာပြောလိုက်မှန်း



www.burmeseclassic.com

www.burmeseclassic.com



င် မသဲကွဲပေ။ ဝေးဝေးကမြင်လျှင် ချက်ချင်း သူနှင့်ဆန့်ကျင် ဘက်ကို လှည့်ထွက်သွားတတ်သည်။

မိန်းကလေးတော်တော်များများပြောတဲ့ "အသည်းယား ထိုက်တာပဲ" ဆိုသောစကားကို ယခုမှပင် သူ, သဘောပေါက် တော့သည်။

ဟုတ်ကဲ့။ မိန်းကလေးနှစ်ယောက်ရဲ့ ပြောင်းလဲမှုကြောင့် သူ အသည်းယားခံရခက်နေသည်။ ယောကျ်ားကြီးတန်မဲ့ဟု ပြော ချင်လည်း ခံပါမည်။ ပန်းကြည်နူး မခေါ်မပြောချင်ဘဲ ရှောင်တာ ကို သူ, ခံနိုင်ရည်ရှိသော်လည်း သဒ္ဒါရဲ့ အေးစက်စက်၊ စိမ်းကား ား ပုံစံကိုတော့ မခံနိုင်ပါ။ ပုခုံးနှစ်ဖက်ကနေ ကိုင်လှုပ်ကာ သဘောလဲဆိုပြီး မေးပစ်ချင်သည်။ ဒီလောက် အိမ်ချင်းထပ် တဲ့ဟာကို (ကပ်တာကနယ်၊ ထပ်တာကမြို့) သူစိမ်း စစ်စစ်ကြီး နေနိုင်သည်။ ဖက်လှဲတကင်းကြီး နေရမယ်လို့တော့ မဆိုလိုပါ။ လေးမို့ ရွယ်တူယောကျ်ားလေးနှင့် အတူသွားအတူပြန် လုပ်ချင်တာ ထားပါ။ မေးထူးခေါ်ပြော သူငယ်ချင်းအဆင့် က်တော့ ဆက်ဆံသင့်သည်။

ခုတော့ ... သူ့ကို သဒ္ဒါက ခပ်စိမ်းစိမ်းဆက်ဆံသည်။ ကြည်နူးက မတူမတန်သလို၊ မခေါ်မပြောချင်သလိုလုပ်သည်။ လုပ်လေ သူက ပိုသိချင်၊ ပိုရွှဲ့ခေါ်ချင်လေပင်။

ထို့ကြောင့် ... သူက ပန်းကြည်နူးကို သတိထား စောင့် သည်။ စိတ်ဝင်စားလွန်း၍တော့ မဟုတ်။ ရွဲ့ချင်၍ ဖြစ်သည်။ နဂိုကတည်းက အပေအတေမဟုတ်လား။

ဒီနေ့တော့ ပန်းကြည်နူးအကြောင်းကို သူ, သဘောပေါက်

www.burmeseclassic.com



သွားသည်။ သူ့အပေါ် ကြည်နူးက မည်သည့်အတွက်ကြောင့် ထိုသို့ဆက်ဆံသည်ကို သူ ကောင်းကောင်းသိသွားသည်။

သိဆို ... ဖြစ်ပုံက ဒီလို။ ကိုလင်းဆိုသောလူကို သူက ခုမှ မြင်ဖူးသည်။ ကိုလင်းက ကုမ္ပဏီရှယ်ယာဝင် ဒါရိုက်တာ တစ်ဦးဖြစ်ပြီး လူပုံက ခပ်ဖြောင့်ဖြောင့်ပါပဲ။ ရုံးကိုလာလျှင် ကား အကောင်းစားကြီးစီးလာသည်။ ရုံးက ဝန်ထမ်းတွေအတွက်ဟု ဆို ကာ မုန့်တွေ ဝယ်ခြမ်းလာတတ်သေးသည်။

ထိုလူလာတော့ ကြည်နူးမျက်နှာလေးက မခို့တရို့လား ဘာလား သူပင် ကောင်းကောင်းမဝေခွဲတတ်သော အပြုံးမျိုးနှင့် ရှိနေသည်။ ကိုလင်းဆိုသူကလည်း ကြည်နူးအပေါ် တခြားသော ဝန်ထမ်းမိန်းကလေးတွေထက် သာသာထိုးထိုးလေး ဆက်ဆံတာ တွေ့ရသည်။

သူ့မျက်စိထဲမှာတော့ ထိုလူကို သိပ်ကြည့်မရပါ။ ပုံစံ လူလည် လူရှုပ်ပုံ။ ဒါက ယောကျ်ားလေးချင်းသာ သိသည်။ မိန်းကလေးများ အတော့်ကို ခက်သည်။ မျက်စိတွေတော့ပါပါ မမြင်တတ်ကြ။ မျက်လုံးချယ်တာတွေ များ၍ပဲလား မသိ။

ပန်းကြည်နူးသည် သူက ခင်၍ မင်၍ ကောင်းကောင်း မွန်မွန် ဆက်ဆံတာကို ပြန်လည်မခင်ချင်တောင် လူမှုရေးအရ မရိုင်းသင့်ပေ။ မည်သို့ပင်ဖြစ်စေ သူ့ကို မတူမတန်သလို အထ ကိုင်ထားသော ငတိမကို ပညာတော့ နည်းနည်းပြလိုက်ချင်သေး သည်။ ကြည့်ရတာ ကြည်နူးနှင့် ထိုလူက ရည်းစားအဆင့်သော ရောက်သေးပုံမပေါ်။ သွေးတိုးစမ်းအဆင့်လောက်ပဲ ရှိသေးပုံ သည်။ ဤ အခြေအနေမျိုးမှာ သူ့ နည်းနည်းလောက် ဖယော

www.burmeseclassic.com

www.burmeseclassic.com



ခင်းလိုက်ရုံနှင့် ကိစ္စပြတ်သည်။

သူသည် ထိုသို့တွေးရင်း အချိန်အခါကောင်းကို စောင့်သည်။ အချိန်က ကွက်တိပင်။ ကိုလင်းဆိုသူက ကြည်နူး အနားထပ်ကာ ဘာတွေနူးနပ်နေသည်မသိ။ မရွှေချောက လက်ဝါးလေးဟန်ပါပါအုပ်ကာ ရယ်နေသည်။

သူသည် ကြည်နူးနှင့် ကိုလင်းတို့နှစ်ယောက်အနားလျှောက်သွားလိုက်သည်။ အရိပ်ကျလာ၍ နှစ်ယောက်လုံး သူ့ကိုမော့ကြည့်လာသည်။ သူက ...

"ကြည်နူး၊ ညနေအတူပြန်မှာ မဟုတ်လား၊ ကို စောင့်နေကျနေရာမှာ စောင့်နေမယ်နော်၊ သိပ်တော့ နောက်မကျစေနဲ့"

ပြောပြီး သူလှည့်ထွက်လာခဲ့သည်။ နောက်မှာ ဘာတွေဖြစ်ကျန်ခဲ့မလဲဆိုတာတော့ သူ, မသိ။ သူသိတာက သူ, အလွန်သဘောကျ ကျေနပ်နေခြင်းပင်။

ကြည်နူးကတော့ သူ့ကို သာသနာဖျက်ဆိုပြီး သတ်ပစ်ချင်နေမှာ သေချာသည်။ မည်သို့ပင်ဖြစ်စေ သူ နှောင်တ မရပါ။ ငြင်လည်မှာကိုလည်း မကြောက်ပါ။

လောလောဆယ် သူ, ပျော်နေလေသည်။

------ooooo------

www.burmeseclassic.com

www.burmeseclassic.com

## [ တစ်ဆယ် ]

ဝုန်းဒိုင်းကျဲပြန်လာပြီး ပစ္စည်းတွေ ပစ်ချကာ တရှုံ့ရှုံ့ငိုနေ
သော ကြည်နူးကြောင့် သဒ္ဒါတို့ ဘာလုပ်၍ ဘာကိုင်ရမှန်း မသိ။
ဘာဖြစ်လာတာလဲမေးတော့လည်း ခေါင်းသာရမ်းပြပြီး ငိုပဲငိုနေ
သည်။ ဒီတော့ သဒ္ဒါတို့သုံးယောက် ထိုင်ကြည့်ရုံသာတတ်နိုင်
တော့သည်။ နည်းနည်းကြာသောအခါ ဒေါ်အိက စိတ်မရှည်သော
လေသံဖြင့် ...

"ဒီမှာ ကြည်နူး၊ ငါပြောတာကို အလေးအနက်ထား
နားထောင်စမ်းပါ"

မျက်ရည်များနှင့် မော့ကြည့်လာသော ကြည်နူးပုံစံ
သနားစရာ။ ပြီးတော့ ဒေါ်အိကို ခေါင်းညိတ်ပြသည်။ ထိုအခါ

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အိက စကားဆက်သည်။

"အမှန်တော့ ငါတို့က သူစိမ်းတွေပါ၊ ဒါပေမယ့် — အကြောင်းအမျိုးမျိုးကြောင့် တစ်အိမ်တည်းမှာ အတူနေရဖို့ဖြစ်လာတယ်၊ ဒီတော့ ... အားလုံးက မိသားစုပဲ၊ ဘာဖြစ်ဖြစ် ဆိုးတိုင်ပင်၊ ကောင်းတိုင်ပင်ပေါ့"

ဒေါ်အိ ဘာကိုပြောချင်တာပါလိမ့်ဆိုပြီး ကြည်နူးက စူးစမ်းသလိုကြည့်သည်။ သဒ္ဒါနှင့်ညိုလည်း ဒေါ်အိဘာပြောမလဲဆိုတာ စိတ်ဝင်စားစွာနားထောင်နေမိသည်။

"အတူတူနေမှတော့ မိသားစုဝင်တွေပဲလို့ ငါသတ်မှတ်တယ်၊ ဒီတော့ ... ဘာဖြစ်လာသလဲဆိုတာ ပြော၊ အခုလို ဒီနေပုံထောက်ရင် ပြဿနာက ပေါ့သေးသေး ဟုတ်မယ်မထင်ဘူး နင်က ငါတို့ကို မိသားစုလို သဘောထားရင်တော့ ပြောပြပေါ့၊ မိသားစုစိတ်မထားနိုင်ရင် အတူနေလည်း အလကားပဲ"

ဒေါ်အိစကားဆုံးတော့ ကြည်နူးက ...

"နင်ပြောတဲ့သဘောက ဘာလဲ ဒေါ်အိ၊ ပြောပြရင်ပြ မပြောရင် အိမ်ပေါ်ကဆင်းဆိုတဲ့ အဓိပ္ပါယ်လား"

"ဟယ်"

"အို"

သဒ္ဒါနှင့်ညိုက အလန့်တကြား ကြည်နူးကို ကြည့်လိုက်ကြသည်။ ဒေါ်အိလည်း ပါးစပ်ဟသွား၏။ ဒီလိုကြီးပြောလိုက်လိမ့်မည်ဟု လုံးဝ ထင်မထားပါ။ ဒေါ်အိက ...

"ဒီမှာ ကြည်နူး၊ နင် အဲ့ဒီလောက်ထိ အတွေးတိမ်လိမ့်မယ်လို့ ထင်မထားဘူး၊ ငါတို့ရဲ့ စေတနာတွေကို အသိအမှတ်မပြု

www.burmeseclassic.com



လည်းရတယ်၊ အိမ်ပေါ်က ဆင်းတာ၊ မဆင်းတာကတော့ နင့်သဘောပဲ"

"ဒေါ်အိ"

"ဒေါ်အိကလည်းလေ"

သဒ္ဒါနှင့်ညို၊က ဒေါ်အိနှင့်ကြည်နူးတို့နှစ်ယောက်ကြားဘာလုပ်ရမှန်းမသိ ဖြစ်နေကြသည်။ ဒေါ်အိလည်း တော်တော်တင်းသွားပုံရသည်။

"သဒ္ဒါနဲ့ ညို၊ ... ထ သွားမယ်"

ဒေါ်အိက ထွက်သွားမည်လုပ်တော့ ကြည်နူးက ...

"ဆော ... ဆောရီးပါဟာ၊ ငါ လွန်သွားတယ် ဒေါ်အိရယ်၊ စိတ်တွေ တအားရှုပ်နေလို့ပါ၊ ဖွင့်ပြောရအောင်ကလည်း ငါ့အဖြစ်က ရှက်စရာကောင်းလွန်းလို့ပါ၊ အီး ဟီး ဟီး"

ပြောရင်း ကြည်နူးက တအီးအီးငိုနေတာကြောင့် သဒ္ဒါတို့ဆက်မမေးရက်သလိုဖြစ်သွားသည်။ သဒ္ဒါက ...

"အေးပါ ကြည်နူးရယ်၊ ဒါဆိုလည်း မပြောနဲ့တော့ ဟုတ်ပြီလား၊ ဘဝဆိုတာ ဒီလိုပါပဲဟာ ငိုရတဲ့အခါလည်းရှိတာပေါ့"

ကြည်နူးက 'တက်'တစ်ချက် နှာနှာကျည်းကျည်းခေါက်ကာ အံကြိတ်သံဖြင့် ...

"ဒါတွေအားလုံး ဟိုကောင့်ကြောင့်ဖြစ်ရတာ ... ငါ သူ့ကိုအရမ်းမုန်းတယ်ဟာ၊ သတ်ပစ်ချင်တယ်"

ကြည်နူးပြောသော ဟိုကောင်ဆိုတာဘယ်သူမှန်း သိချင်သော်လည်း သဒ္ဒါတို့မမေးပါ။ ဒီတိုင်း နားထောင်နေလိုက်သည်။

ကြည်နူးက မျက်ရည်တွေကို ပွတ်သုတ်ကာ ကိုယ်ကို

www.burmeseclassic.com

www.burmeseclassic.com


ခြင်ထိုင်သည်။ ပြီးမှ ... သက်ပြင်းတစ်ချက်ချရင်း ...

"မထူးပါဘူးဟာ၊ ငါ ပြောပြပါ့မယ်"

အိမ်ပေါ်က ဆင်းရမှာစိုးလို့တော့ ဟုတ်ပုံမရ။ ကြည်နူးချင်ထဲ အတော့်ကို ခံရခက်နေတာကြောင့်သာ ဖြစ်ရမည်။

"ကိုလင်းက ငါ့ကို အထင်လွဲသွားပြီ၊ အဲဒါ အပေါ်ထပ်ကကိုအကောင်ကြောင့်ပေါ့ဟာ"

"ဟင်"

"ဘယ်သူ"

"အပေါ်ထပ်ကဆိုတော့"

"ဘယ်သူရှိမလဲ? မိုးချမ်းပေါ့၊ အမြဲတမ်း ငါ့ကို အတင်းလိုက်ခေါ်၊ အတင်းလိုက်ရောနေတဲ့ မိုးချမ်းမြေ့ပေါ့၊ သူ့ကို ငါအမြဲတမ်းရှောင်နေတာ နင်တို့လည်းအသိပဲ၊ ဒီနေ့တော့ ..."

"ဒီနေ့ ... နင့် နင့်ကို သူ ဘာများလုပ်လိုက်လို့လဲ"

"ဟို ... လွန်လွန်ကျူးကျူးတွေများ"

ဒေါ်အိန္နင့်ညိုက ဝိုင်းမေးနေကြသော်လည်း သဒ္ဒါအသံကချောက်ဆုံးနေသည်။ မျက်လုံးတို့ပြာဝေလာကာ တုန်ခါချင်နေသောနှုတ်ခမ်းသားတို့ကို အသာဖိကိုက်ထားရ၏။ မိုးချမ်းရယ်အနူးနည်းနဲ့မရတော့ အကြမ်းနည်းပါသုံးလိုက်တာလား။

ဒီလောက်ထိတောင် ကြည်နူးကို ချစ်သွားပြီလား။ သဒ္ဒါက ကြည်နူးမျက်နှာကိုသာ ငေးကြည့်နေမိသည်။ စကားသံတို့ကကြားတစ်ချက်မကြားတစ်ချက်။

ကြည်နူးက သူ့အဖြစ်ကို ပြန်ပြောပြနေခြင်းဖြစ်သည်။

"သူက ငါ့ကို ကိုလင်းရှေ့မှာ သူ့ရည်းစားလိုလို၊ ဘာလိုလို


www.burmeseclassic.com

www.burmeseclassic.com



ထင်အောင် တမင်ပြောပြီး လှည့်ထွက်သွားတာ၊ နင်တို့ပဲ စဉ်းစား ကြည့် သူပြောသွားတဲ့အဓိပ္ပါယ်က ငါနဲ့သူကပဲ ဘာလိုလို၊ ညာလို လို၊ ကိုလင်းဆိုတာ မျက်နှာကို ပျက်ထွက်သွားတာပဲ၊ ပြီးတော့ ငါ့ကိုရော ဘယ်လိုထင်မလဲ? ရည်းစားရှိရဲ့နဲ့ သူ့ကို အထာပေးနေ တယ်ထင်မှာပေါ့"

"အေးဟယ်"

"အဲဒီ မန်းချိုးက ဘာသဘောပါလိမ့်၊ သူ့ကိုကြည့်ရတာ ရိုးသားအေးဆေးတဲ့ပုံပါ"

"ဟင့် ... အဲ့ဒါပြောတာပေါ့၊ သူ ဘယ်လောက်ပဲ ငါ့ကို ကြိုက်နေဦးတော့ ကလိမ်ကကျစ်လုပ်စရာလား"

"အဲ့ဒါ နင် သူ့ကိုခေါ်ပြီး ကိုလင်းရှေ့မျက်နှာစုံညီရှင်းပေါ့"

"အဟင့် ဟင့် ... အဖြစ်ဆိုးတယ်ဆိုတာ အဲ့ဒါပြောတာ ပေါ့ ဒေါ်အိရဲ့၊ ရှင်းကြပြကြတယ်ဆိုတာ ချစ်သူတွေဆို ဟုတ် တယ်လေ၊ ခုဟာက ငါနဲ့ကိုလင်းက အတိအလင်းချစ်သူမဖြစ်သေး ဘူး၊ သွားရှင်းလို့ဘယ်ဖြစ်မှာလဲ? ငါပဲ အရှက်ကွဲမှာပေါ့"

"နင် မန်းချိုးကို သွားမပြောဘူးလား"

"တစ်နေကုန်မတွေ့ရဖူး၊ ငါ့ကို ရှောင်နေတာနေမှာပေါ့၊ ပြီးတော့ ... ဘယ်အချိန် ပြန်သွားသလဲတောင် မသိဘူး"

"လာ ... အခု ... အပေါ်တက်ပြောမယ်"

"အာ ... ဒေါ်အိ မသွားနဲ့၊ တော်ပြီ ထားလိုက်တော့ သူ့ မျက်နှာကို မမြင်ချင်တော့ဘူး၊ အလုပ်ပါ ပြောင်းပစ်မယ်"

"ဘာလို့ပြောင်းရမှာလဲ? သူ့ အရှက်မရှိ မျက်နှာပြောင် တိုက်ပြီး လာခေါ်ရင် ပိတ်ရိုက်ပစ်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်အိရယ်၊ နင်ကတစ်မျိုး၊ ဒီမှာ ကြည်နူးက ဒေါသဖြစ်နေပါတယ်ဆိုတာကို စွတ်ပြောနေတာပဲ၊ မိုးချမ်းကိုကြည့်ရတာ လူရည်သန့်ပုံစံပါ၊ အရမ်းမလုပ်ကြနဲ့ဦး"

အရယ်သန်သောညိုက ရယ်ဖို့မေ့ပြီး ပြေရာပြေကြောင်း ဝင်ပြောသည်။

သဒ္ဒါသည် သူ့နှလုံးသားကို အေးစက်စက်အရာတစ်ခု ဝင်မွှေသလို ခံစားနေရသည်။ အချစ်နဲ့စစ်မှာ မတရားတာ မရှိဆိုသော်လည်း မိုးချမ်းကို ထိုသို့မဖြစ်စေချင်ပါ။ ရိုးရိုးသားသားပဲ ဖြစ်စေချင်တာ သဒ္ဒါ့စေတနာအမှန်ပင်။

"ကိုလင်းက အရမ်းချမ်းသာပြီး ရုပ်လည်းချောတော့ လိုချင်တဲ့ မိန်းကလေးတွေအများကြီးပဲ၊ ဒီကြားထဲကမှ ငါ့ကို မျက်စိကျတာ ဘယ်လောက်ကံကောင်းလဲ"

"သူ နင့်ကို တကယ်ချစ်တယ်ဆိုရင် ရှေ့ဆက်တိုးမှာပါ"

သဒ္ဒါက ထိုစကားတစ်ခွန်းကိုတော့ ဝင်ပြောလိုက်သည်။

ညိုက ...

"ဟုတ်သားပဲ ကြည်နူးရယ်၊ သဘောထားကြီးတဲ့ ယောကျ်ားဆိုရင် ဒီလောက်နဲ့ ဘာမှ မဖြစ်လောက်ပါဘူး"

"မဖြစ်နိုင်ပါဘူး ညိုရယ်၊ သူ ငါ့ကိုကြည့်သွားတဲ့ အကြည့်ကို ငါ နားလည်တယ်၊ ရှေ့ဆက်ဖို့ လုံးဝ မဖြစ်နိုင်တော့ဘူး ထင်ပါတယ်"

ဘာပြောရမှန်းမသိတော့သဖြင့် အားလုံး ငြိမ်သွားသည်။ သဒ္ဒါက သူမ အထင်ကြီးမိသော ယောကျ်ားတစ်ယောက်၏ ချစ်ခြင်းတွေကို ရယူသိမ်းပိုက်ထားသော ကြည်နူးမျက်နှာလှလှလေး



www.burmeseclassic.com

www.burmeseclassic.com


ကိုသာ ငေးကြည့်နေမိသည်။

"ငါ ဒီနေ့ ရုံးမှာလည်း ငိုမိသေးတယ် သိလား၊ အဲ့ဒါ မနွယ်က ကြည်နူးကလေ ငိုထားလည်း လှနေတာပဲ၊ ဘယ်ဘဝက ဆုတောင်းတွေကောင်းခဲ့ပါလိမ့်တဲ့၊ ငါကတော့ ငါ့အလှကို စိတ်ပျက်လှပြီ ... တကယ် ... မလှချင်တော့ဘူး"

ကြည်နူးက ခံစားနေရသည့်ကြားမှ ကြုံရင်ကြုံသလို ကြွားမိအောင် ကြွားလိုက်ပါသေးသည်။

ဒေါ်အိထံမှ "ငါ့နွယ်" ဆိုသော အသံတိုးတိုးလေး ထွက်လာပါသည်။ သဒ္ဒါမျက်လုံးထောင့်စွန်းမှ ညို့ပခုံးလေး လှုပ်သွားတာကိုလည်း တွေ့လိုက်ရလေသည်။

-----ဝဝဝဝဝ-----

www.burmeseclassic.com

www.burmeseclassic.com

[တစ်ဆယ့်တစ်]

သူ အိမ်ပြန်ရောက်တော့ ထူးထူးဆန်းဆန်းပင် ဗလနှင့် အာကာက ရောက်နှင့်နေပြီ။ သူ့ကိုမြင်တော့ အာကာက ...

"ဟ! စောလှပါလား"

"အေး"

"မင်းစောတာ အတော်ပဲမန်းချိုး၊ ငါတို့လည်း တစ်ဝိုင်း ဆုပ်ရအောင် ဘဲကင်ဝယ်လာတယ်"

"ဟိုကောင် ဒေါ်ကြီးရှော"

"ကြွက်တွင်းက ငါတို့ဝယ်လာတာ မဝမှာစိုးလို့ဆိုပြီး ထပ် သွားဝယ်နေလေရဲ့"

"ဂွတ်တာပေါ့၊ နေဦး ... ငါ ငါးမုန့်ကြော်လိုက်မယ်၊ မြိုင်သွားအောင်"

www.burmeseclassic.com

www.burmeseclassic.com



"အကောင်းဆုံးပေါ့"

သူ့အဖေသာမြင်လျှင် "အလေနတောကောင်၊ ဒါကြောင့် ရန်ကုန်မှာနေချင်တာလား" ဟု မေးလိမ့်မည်။

ငါးမုန့်ကြော်ပြီးတာနှင့်ဒေါ်ကြီး ပြန်ရောက်လာသည်။

"အောင်မာ၊ ဒါမျိုးကျ တယ်ပြီး ဇီရိယကောင်းကြပါလား"

"မင်းကများ ပြောရတယ်ရှိသေး ဒေါ်ကြီးရာ"

သောက်ကြစားကြ၊ စကားပြောရယ်မောကြဖြင့် ဝိုင်းလေးက စိုပြည်နေသည်။

"အောက်ထပ်က ကောင်မလေးတွေပါခေါ်ပြီး ဝိုင်းရရင် ကောင်းမယ်ကွာ"

ဒေါ်ကြီးက တောင့်တောင့်တတပြောသည်။ အနည်းငယ် ရစ်နေပြီဖြစ်သောဗလကလည်း သွားခေါ်မည်တကဲကဲလုပ်နေ၍ ဝိုင်းဆွဲထားရသေးသည်။

"မင်းတို့ကောင်တွေပြောပုံက ထောင်နုတ်ခမ်းတော်တော် နီးတယ်"

အာကာက မိန်းကလေးများနှင့် ပတ်သက်လျှင် သွေးနည်းသူမို့ ထိုသို့သော စကားမျိုးကို ဆိုသည်။

"ငါ မင်းတို့ကို ပြောစရာရှိတယ်"

သူ့စကားကြောင့် ရေချိန်ကိုက်နေကြပြီမို့ အားလုံးက ရီဝေဝေ၊ ရစ်တစ်တစ် ကြည့်ကြသည်။ ပြီးမှ ...

"ဟေ့ကောင် ... မင်းအဲသလိုတော့ လူပါး မဝနဲ့ မန်းချီး"

အသားလွတ်ကြီးကောလာသောစကားကြောင့် အကော တော်တော်ဒေါင်းနေပြီဟုထင်ကာ သူ့ မော့ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြောပြစရာရှိ၍ပြောမှာကို လူပါး၀တယ်တဲ့။ အသစ်ပါလား။

"ဘာလဲဟ! အာကာရ၊ အသားလွတ်ကြီးပါလား"

"ပြောစရာရှိရင် မင်းပိုက်ဆံနဲ့တိုက်တဲ့ဝိုင်းကျမှ ပြောပေါ့၊ ခုတော့ ... မင်းက ငါတို့ဝိုင်းထဲထိုင်ပြီးပြောမယ်ဆိုတော့ ဒါလူပါး၀တာ မဟုတ်ဖူးလား"

သူ ခုမှ သဘောပေါက်သွားသည်။ ဗလက ဝုတ်တယ် ဝုတ်တယ်ဆိုကာ ခေါင်းတဆတ်ဆတ်ညိတ်နေသည်။

"ဗလ၊ တော်တော့ ... မင့်ခေါင်းကျိုးကျမယ်"

သူ ဟောက်လိုက်မှ ဗလက ကြောင်တိကြောင်တောင် ကြည့်သည်။ ဗလပုံစံကြောင့် သူတို့ရယ်ကြသည်။

"အိုကေ၊ ငါ ပေါက်ပြီ၊ မင်းတို့အားတဲ့အချိန်ကြိုက်တဲ့ နေရာသွားမယ်လေ၊ အခုတော့ အရင်ပြောပါရစေဦး"

"ဒီလိုမှပေါ့၊ ကဲ ... ကဲ သံတော်ဦးတင်စေဗျား"

သူ ဒီနေ့ရုံးမှာ ကြည်နူးနှင့်ပတ်သက်၍ ဖြစ်ပျက်ခဲ့သမျှ ပြောပြလိုက်သည်။

"အဲ့ဒါ ငါ့လုပ်ရပ်မှားလား မှန်လား ဝေခွဲမရဘူး၊ ကြည်နူး က ကိုလင်းဆိုတဲ့လူကို ကြွေနေပုံပဲ၊ မင်းတို့လည်း သိပါတယ်ကွာ ခွေချင်းခြေမြင်တယ်ဆိုတာ ငါ့အမြင်မှာတော့ အဲ့ဒီကောင်က ... ကွ"

"မင်းက ငွေးမြင်ပေမယ့် သူက မင်းသားထင်နေမှာပေါ့၊ ... အဲ့လိုသွားလုပ်တော့ ကလိန်ကကျစ်ကောင်ဆိုပြီး မင်းပဲ ခုတ်... သွားမှာ"

ဒေါကြီးက စဉ်းစဉ်းစားစားပြောတော့ သူ့ရင်ထဲ လေးလံ

www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ သူ အဲ့ဒီလောက် မစဉ်းစားမိတာအမှန်ပင်။ တကယ် တမ်းကျ ပန်းကြည်နူးဆိုသော အလကားနေရင်း ဘဝင်မြင့်နေ သည့် ငတိမကို ကြည့်မရ၍ သက်သက် ဝင်နှောက်လိုက်ခြင်းပင်။

"နိုး နိုး နိုး ဒေါ်ကြီးပြောတာမှားတယ်၊ ယောက်ျားပဲ ကိုယ် ချစ်နေတဲ့မိန်းကလေးသူများနောက်ပါမသွားဖို့ နည်းမျိုးစုံသုံးခွင့်ရှိ တယ်"

အာကာ့မှတ်ချက်ကြောင့် သူ ဘီယာပင် သီးမတတ်ဖြစ် သွား၏။ ဗလက ဝုတ်တယ်လုပ်နေပြန်သည်။ သူ မျက်လုံးပြူး မျက်ဆံပြူးဖြင့် ...

"ဟာ ... မဟုတ်ဘူး အာကာ၊ မင်းထင်သလို မဟုတ် ဘူး၊ ငါ ကြည်နူးကို ချစ်လို့ အဲသလို လုပ်လိုက်တာမဟုတ်ဘူး၊ ငါ ချစ်နေတာက တစ်ယောက်ကွ"

"ဘာ!"

"ဟင် ... ဒါဆို ဘယ်တူရဲ၊ ဒေါ်အိလား ဟာ ... ဒေါ်အိ တော့ မရဘူးနော် ... ငါ့ဟာ"

အရေးထဲ ဗလဆိုတဲ့ကောင်က သူ့တွင် ရည်းစားတစ် ယောက် ရှိသွားနှင့် စမန်ခုတ်နေသေးသည်။ အာကာက အာလေး လျှာလေးကြီးနှင့် အကျယ်ကြီးအော်မေးသည်။

"ဒါဆို မင်းချစ်နေတာ ဘယ်သူလဲ မန်းချို"

"မြသဒ္ဒါယု"

"သေလိုက် ဟော့ရောင်၊ မင်း သွားသေလိုက်၊ မင်းလုပ် လိုက်တဲ့ပုံစံက ကြည်နူးကိုချစ်နေတယ်လို့ လုံးဝ ထင်ချင်စရာပဲ"

အာကာက အားရပါးရကို ဩဘာပေးသည်။ သူ့, ထိုအခါ

www.burmeseclassic.com

www.burmeseclassic.com



မှ ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။ မီးလောင်နေပါတယ်ဆိုမှ ဒေါ်ကြီးက လေပါပင့်ပေးလိုက်သေးသည်။

"မင်း တော်တော် အထူအပါး နားမလည်တာပဲ မန်းချိုးရှ တစ်အိမ်တည်းနေတဲ့ကြည်နူးကရော သဒ္ဒါတို့ကို ဒီ အကြောင်း ပြန်မပြောပြဘဲနေမလား၊ ကြည်နူးက မင်းကြားထဲက ခလောက် သွားတဲ့ကိစ္စကို တင်းမှာပဲ၊ ပြီးတော့ သဒ္ဒါလည်း ငါတို့ ထင်သလို မင်း ကြည်နူးကို ကြွေနေလို့ အဲသလိုလုပ်လိုက်တာလို့ တစ်ထစ်ချ ထင်မှာ သေချာတယ်"

"ဟာကွာ ... ဒါ ဒါဆို ငါ ငါ ဘယ်လိုလုပ်ရမလဲ? သဒ္ဒါ့ ကို သွားရှင်းပြရင်ရော"

"သောက်တလွဲကောင်၊ အဲ့ဒီလိုသွားရှင်းပြရအောင် မင်းနဲ့ သဒ္ဒါက ဘာဆိုင်လို့လဲ? ပြီးတော့ ... မင်းက ကြည်နူးကို ချစ်နေ တယ်လို့ ထင်နေမယ့်ဥစ္စာ၊ သွားရှင်းလိုက်မှ ပိုရှုပ်ကုန်မယ်"

သူ့ခေါင်းထဲ သပွတ်အူတွေ အထွေးလိုက်ရောက်လာ သလို ခံစားရသည်။ သူ ဒါတွေကို လုံးဝ မစဉ်းစားမိခဲ့ပါ။ ယခုမှ ချောက်မီးခဲကိုင်မိသလိုဖြစ်နေရပြီဆိုတာ ကောင်းကောင်းသဘော ပေါက်သွားသည်။ ရင်ထဲကအပူကြောင့် သောက်ထားသမျှ ဘီယာတွေ လည်ချောင်းတစ်လျှောက် ပို၍ ပူလောင်ခါးသက်လာ သလိုပင်။

"ပြီးတော့ နောက်အရေးကြီးတာတစ်ခုရှိသေးတယ်"

အာကာ့စကားကြောင့် သူ ဒိတ်ခနဲဖြစ်သွားပြန်သည်။ သူ အာကာ့ကို မျက်နှာငယ်လေးဖြင့်သာ ကြည့်နေမိသည်။

"အကယ်၍များ မင်းထင်သလို ကိုလင်းဆိုတဲ့လူဟာ

www.burmeseclassic.com

www.burmeseclassic.com


ငွေး မဟုတ်ဘဲ လူကောင်းတစ်ယောက်ဖြစ်ခဲ့မယ်ဆိုရင်ကော"

"ဟင့်အင်း၊ အဲ့ဒါ ငါနဲ့လုံးဝ မဆိုင်ဘူးလေ၊ သူ့ဟာသူ ဘာဖြစ်ဖြစ်ပေါ့၊ ဒါပေမယ့် ... အဲဒီကိုလင်းဆိုတဲ့ငနဲက အဖြူထည်ဆိုတာ လုံးဝ မဖြစ်နိုင်ဘူး၊ ငါ လောင်းရဲတယ်၊ ငါက အထာကိုင်တဲ့ ကြည်နူးကို ရွဲ့တာဆိုပေမယ့် နှမချင်းစာနာစိတ်နဲ့ဆိုရင် အဲသလိုကောင်ရဲ့ အလိမ်အညာမိမှာ စိုးတယ်"

"အေး ... အဲ့ဒါကို ငါ လက်ခံတယ်၊ ဒါပေမယ့် စကားပုံတောင်ရှိတယ် မဟုတ်လား၊ မမှားသောရှေ့နေ မသေသောဆေးသမားတဲ့၊ မင်းအထင်သာမှားခဲ့ရင် ကောင်မလေးအဖို့ သူချစ်တဲ့သူနဲ့လည်းလွဲရမယ်၊ လူကောင်းတစ်ယောက်လည်း ဆုံးရှုံးသွားရမယ်၊ မင်းကိုလည်း မင်းချစ်သူက အထင်လွဲ၊ အထင်အမြင်သေးသွားမယ်"

သူ ဘာမှမပြောနိုင်တော့။ စိတ်ထဲ လေးလံ၍ လာသည်။

"အရမ်းလဲ စိတ်ညစ်မနေပါနဲ့ကွာ၊ မင်းပြောသလို ကိုလင်းဆိုတဲ့လူက လူရှုပ်လူပွေဆိုတာသိရင် ကြည်နူးက မင်းကို ကျေးဇူးတင်မှာပါ၊ ပြီးတော့ ... သဒ္ဒါကို မင်းချစ်တဲ့အချစ်က နက်နဲရင် ဆုံရမှာပါကွာ"

အာကာ့နောက်ဆက်တွဲစကားက သူ့ကို အသက်ရှူချောင်သွားစေသည်။ သို့သော် ... သူ့ကိုယ်သူတော့ ငတုံးငတုံးဟုအော်ကာ တိုင်နှင့်ခေါင်းသာ ပြေးဆောင့်လိုက်ချင်တော့၏။

"ဟေ့ကောင်၊ ရောက်တာမှ မကြာသေးဖူး၊ အသည်းနှလုံးကိစ္စက အသဲအသန်ဖြစ်နေပါလားကွ၊ အချိန်တွေ ရှိပါသေးတယ်ကွာ၊ ဒီလောက်ထိ ဟတ်ထိမနေပါနဲ့ ... ငါတို့တင်တွေ အရပ်

www.burmeseclassic.com

www.burmeseclassic.com



လည်းကူ၊ လူလည်းဝိုင်းပေးပါ့မယ်” [illegible]
[illegible] ရင်မချောင်တော့
[illegible] ဖြစ်ပေါ်ခင် [illegible]
မကောယ်နိုင်ဖြစ်သွားခဲ့ညီမ [illegible] ... [illegible]
[illegible] (၁၀၀) [illegible] မြည့်ကွဲ၊ မန်းချိုးရဲ့
အချစ်ရေး အောင်မြင်ဖို့အတွက် အမှတ်ပေါ့” [illegible]

“ချိုးယား”

“မန်းချိုးနဲ့ မြသဒ္ဒါယုတို့ရဲ့ချစ်ခရီး၊ ရက်ပေါင်း (၁၀၀) တိုင်အောင် ချစ်နိုင်ပါစေ” ☺☺☺☺☺------

## “ဘာ”

ဒေါ်ကြီးရဲ့ နောက်ဆုံးဆုပေးစကားအဆုံး သူက အလန့်တကြားဖြင့် အကျယ်ကြီး အော်လိုက်သည်။ သူ့အော်သံကြီးကြောင့် ငေတိသုံးယောက် အမူးပြေမတတ်ပင် ဖြစ်သွားပုံရ၏။

“အောင်မလေး သောက်ခွေး၊ လန့်လိုက်တာ၊ ဘာဖြစ်လို့ ဒါလောက်ကြီး ကုန်းအော်ရတာတုန်း မန်းချိုးရ”

“ဟုတ်ပါ့ကွာ၊ ဖီလင်တောင် ငုပ်သွားပြီ”

“ချစ်သူရည်းစားတွေအတွက် အကောင်းဆုံးဆုပေးတာကို ဘာဖြစ်ရတာလဲ”

သူက ...

“ဘာအကောင်းဆုံးဆုပေးတာလဲ ဒေါ်ကြီးရ၊ မင်းကိုလေး အတ်တောင်ပစ်ချင်တယ် သိလား၊ ဟင်း ... တောက်”

“အလို၊ ဖြစ်မှ ဖြစ်ရပလေ ... အကောင်းလည်းစေတနာ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဆုတောင်းပေးရသေးတယ်"

"မင်း ဆုတောင်းပေးတာကို မင်းဖာသာ ပြန်စဉ်းစားစမ်းပါဦး ခေါ်ကြီးရာ၊ ရက်ပေါင်း (၁၀၀) တိုင် ချစ်နိုင်ကြပါစေဆိုတော့ ... သုံးလကျော်ကျော်လေးပဲ ချစ်ခွင့်ရှိရမှာလား"

"အဲ ... မဟုတ်ဖူး၊ မဟုတ်ဖူး၊ နှစ်ပေါင်း (၁၀၀)တိုင် အောင်ပြောတာ၊ မှားသွားလို့ ... ရက်ပေါင်းနဲ့ နှစ်ပေါင်း မှားသွားလို့ပါကွာ၊ ဆောရီး ဆောရီး"

------၀၀၀၀၀------

www.burmeseclassic.com

www.burmeseclassic.com

## [တစ်ဆယ့်နှစ်]

သူ, အလုပ်သွားဖို့ အောက်သို့ ဆင်းလာရင်း သဒ္ဒါတို့ အိမ်ရှေ့တံခါးဝတွင် ရပ်နေမိသည်။ သဒ္ဒါနှင့်ပတ်သက်ပြီး ဒေါ်အိကိုပဲ နားပူ နားဆာတိုက်ရလျှင် ကောင်းမည်လားဟု တွေးသည်။ ဒေါ်အိကတော့ သူ, ရေလည်အောင် ရှင်းပြလျှင် နားလည်လောက်သည်။ ပြီးမှ ... ဒေါ်အိက တစ်ဆင့် သဒ္ဒါ့ကို ပြန်ရှင်းပြခိုင်းရလျှင် ကောင်းမည်။

ထိုအတွေးနှင့်အတူ သူသည် သဒ္ဒါတို့အိမ်တံခါးကို ခေါက်လိုက်သည်။ ဒေါ်အိပဲ တံခါးလာဖွင့်ပါစေလို့ ဆုတောင်းမိသည်။ သူ့ဆုတောင်းမပြည့်ပါ။ သူ တွေ့ချင်နေပေမယ့် မတွေ့ရဲသော မျက်နှာလေးပေါ်လာ၏။ ထင်သည့်အတိုင်းပင် ရှင်မလေးက သူ့ကို

www.burmeseclassic.com


စူးစူးဝါးဝါးကြည့်ကာ ...

"ရှင် ဘာလာလုပ်ပြန်တာလဲ! တော်တော် မျက်နှာပြောင်တိုက်ပါလား၊ ကြည်နူးက ရှင့်မျက်နှာ မမြင်ချင်ဘူးတဲ့"

"ဟာ ... စွတ်တင်နေပါလား၊ ဒီကရော သူ့မျက်နှာမြင်ချင်လို့လာတယ်များထင်နေလား"

"ဘာ! ရှင် ရှင် ဘယ်လိုပြောလိုက်တယ်၊ ရှင့်ကြောင့်ချစ်တဲ့သူနဲ့ကွဲပြီး ငိုနေရတဲ့မိန်းကလေးကို ရှင်ကပဲ ပြောင်းပြန်"

"အဲ့ဒီအကြောင်းတွေ ရှင်းပြမလို့ပဲ၊ ဒေါ်အိကိုခေါ်ပေး"

"အမ်"

ရန်တွေ့နေတာရပ်သွားပြီး 'ရှင်' ဟုပင်မလုပ်နိုင်တော့ဘဲ 'အမ်' ဖြစ်သွားသော သဒ္ဒါကိုကြည့်ကာ သူ စိတ်ရှုပ်သွားသည်။ ရှင်မလေးလည်း တော်တော်မျက်စိလည်သွားပုံရသည်။

အဘယ့်ကြောင့်ဆိုသော် သူက ယခင်က ကြည်နူးကိုခေါ်ပေးမှာ ပြောနေရာမှ ယခု ဒေါ်အိကို ခေါ်ပေးဟု ဖြစ်သွားသောကြောင့်ပင်။

"ဘာလဲ" ဒေါ်အိကတစ်ဆင့် ကြည်နူးကို နားချိုင်းမလို့ပေါ့လေ၊ ရှင့်အကြံ ဒါအကုန်ပဲလား"

တလွဲကြီး။ လုံးဝ လွဲနေသည်။ ကတ်သီးလေးမကကို လွဲနေသည်။

"ကဲပါ၊ ဒေါ်အိကိုသာ ခေါ်ပေးစမ်းပါ၊ မြန်မြန်"

"အမယ်၊ ခေါ်မပေးနိုင်ဘူး၊ ပြန်တော့"

ပြောပြောဆိုဆို တံခါးပိတ်လိုက်သောကြောင့် ကပျာကယာ သူ တွန်းထားလိုက်ရသည်။ ပါးစပ်မှလည်း ...

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်အိ … ဒေါ်အိ"

"ဟဲ့ … ဘယ်သူလဲ"

ဒေါ်အိက ပါးစပ်ကမေးရင်း ထွက်လာသည်။ သူ့ကို မြင်မှ …

"ဩော် … မိုးချမ်း"

"ဒေါ်အိ … ရုံးမသွားခင် ကျွန်တော့်ကို အချိန်နည်းနည်း လောက်ပေးပါလား"

"သူ့ကို ဘာအချိန်မှပေးစရာမလိုဘူး ဒေါ်အိ"

စကားသံတွေကြ နောက်ထပ်ပေါ်လာပြန်သည်။ သူတို့ အားလုံး အသံလာရာကို လှည့်ကြည့်မိကြသည်။ ဒေါ်အိက …

"ဟင် … ကြည်နူး"

မီးစွင်းစင်းတောက်မျက်စိုးများနှင့် တချွန်းရဲမလေးလိုဖြစ် နေသော ကြည်နူးမှာ ဘယ်အချိန်က ထွက်လာမှန်းမသိ။ ခရူ တော်တော်လေး စိတ်လေသွားရသည်။ ဒေါ်အိကို တိုးတိုး တိုတိုက် ရှင်းပြရင်ဖွင့်ပါမည်ဆိုမှ မိုရှမ်ကာန့်တော့မည်။

"ရှင့်တော်တော့်အရှက်မရှိတဲ့လူပါလား ဟင် ရှင့် လုပ် သွားတဲ့ကိစ္စ ပုပ်နွေးနွေးကြီးရှိနေတာတောင် ကျွန်မရှေ့မှာ မျက်နှာ ပြဝံ့သေးတယ်"

ဒီအချိန်မှာ ကြည်နူး ဘာပြောပြောခံရမှာပဲ ဖြစ်သည်။ ခေါင်းလမ်းကူး စားတေးမိပြီကိုး။ သူ ဒေါ်အိကို မျက်နှာငယ်လေး ကြည့်လိုက်သည်။

"လုပ်ပါ ဒေါ်အိရယ် ကျွန်တော် ပြောစရာရှိလို့ပါ။ တောက်ထပ်လက်မတိုးရည်ဆိုင်ကျ ရှိုစောင့်နေမယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို သူ ထွက်ခဲ့၏။ နောက်ဘက်မှ 'တက်' တစ်ချက်ခေါက်သံကို ကျယ်လောင်စွာကြားလိုက်ရသည်။

ထို့နောက် ... ဘာတွေ ဖြစ်ကျန်ခဲ့မှန်း သူ, မသိတော့ပါ။

သဒ္ဒါတို့မိန်းကလေးတွေမှာတော့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြသည်။ ဒေါသဖြင့် စကားစလာသူကား ပန်းကြည်နူး။

"ကြည့်စမ်း၊ သူ, လုပ်သွားတဲ့အချိုးကို ကြည့်စမ်း၊ ဒေါ်အိ လုံးဝသွားစရာ မလိုဘူးနော်"

"အေးပါ ကြည်နူးရယ်၊ အေးပါ၊ မသွားပါဘူး"

ဒေါ်အိက ပါးစပ်ကသာပြောနေသော်လည်း မိုးချမ်းမှာ တစ်ခုခု ပြောစရာရှိတယ်ဆိုတာ သိနေသည်။ ဒါတင်မက ... မိုးချမ်းသည် ကြည်နူးပြောသလို သဘောမနောဆိုးသူ မဟုတ်ဆို တာ ဒေါ်အိ စိတ်ထဲက သိနေသည်။ မိုးချမ်းမှာ ခင်မင်ချင်စရာ လည်း ကောင်းသည်။

ထို့ကြောင့် ... ဈေးမှာ တစ်ခုခုသွားဝယ်မလိုလိုနှင့် အောက်ဆင်းလာခဲ့သည်။ လက်ဖက်ရည်ဆိုင်အပြင်ဝိုင်းတွင် မိုးချမ်း ထိုင်စောင့်နေတာတွေ့ရသည်။ ဒေါ်အိက မိုးချမ်းဆီ မသွား ဘဲ သူမနောက်က လိုက်လာဖို့ လက်ဟန်ခြေဟန်ပြလိုက်သည်။ အပေါ်ထပ်က လှမ်းကြည့်လျှင် ကြည်နူးမြင်သွားမှာ စိုးရသည် မဟုတ်ပါလား။ တော်ကြာ ... ဘာမဟုတ်တာလေးနှင့် တစ်အိမ် တည်းနေ သူငယ်ချင်း အချင်းချင်း စိတ်ဝမ်းကွဲနေဦးမည်။ မိုးချမ်း ပြောမည့်စကားကို ဒေါ်အိက စိတ်ဝင်စားသည်။

လက်ဟန်ခြေဟန်ပြကာ ဆက်လျှောက်သွားသော

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အိနောက်ကို သူ့ သဘောပေါက်စွာလိုက်သွားလိုက်သည်။ ဒေါ်အိကိုမှီအောင် သူ ခပ်သွက်သွက် လျှောက်သည်။ မီလာမှ

"ဒေါ်အိ"

"အင်းပါ၊ ရှင့်ကို မြင်ပါတယ် ... မြန်မြန်လာပါ၊ ကျွန်မ အလုပ်သွားရဦးမယ်"

"ဘယ်ကို သွားမှာလဲ"

"ဈေးနားက လက်ဖက်ရည်ဆိုင်ပေါ့၊ ဒါမှ ... ဘယ်သူမှ မမြင်မှာလေ၊ တော်ကြာ ... သူငယ်ချင်းတွေကြား ကျွန်မပါ ကောင်းဖြစ်နေမှာစိုးလို့"

"အားနာလိုက်တာဗျာ၊ ကျွန်တော့်ကြောင့် စိတ်ညစ်ကုန် ကြပြီထင်တယ်"

"ထားပါ၊ ရှင် ... ဘာတွေ လျှောက်လုပ်နေတာလဲ"

သူက ဒေါ်အိအမေးကို ချက်ချင်းမဖြေသေးဘဲ လက်ဖက် ရည်ဆိုင်တွင် ထိုင်ပြီးမှ ဖြေသည်။

"ကျွန်တော် ... အဲဒီကိစ္စကို ရှင်းပြချင်လို့ပဲ ဒေါ်အိ"

"ဟုတ်ပါပြီ၊ ရှင့် လုပ်ပုံကြောင့် ကျွန်မတောင် ကြောင် တောင်တောင်ဖြစ်ကုန်ပြီ၊ ပြဿနာဖြစ်တာကတစ်ယောက်၊ နား ထည်မှုလွဲခံရတာက တစ်ယောက်၊ ရှင်းပြတာကတစ်ယောက်"

ဒေါ်အိပြောတာလည်း မလွန်ဟု သူ့ ထင်သည်။ သူက အချိန်ဆွဲမနေတော့ဘဲ သူ့ရင်ထဲက ခံစားချက်အမှန်ကို ပြောဆို ရှင်းပြလိုက်သည်။ သူ့စကားဆုံးတော့ ဒေါ်အိက ...

"ကျွန်မလည်း ထင်ပါတယ်၊ တကယ်တမ်း ရှင် စိတ်ဝင် စားနေသူက သဒ္ဒါပဲဖြစ်ရမယ်လို့လေ"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အိထင်မြင်ချက်ကြောင့် သူ့ စမ်းမြောက်ဝမ်းသာ ဖြစ်သွားရသည်။

"သိတယ်၊ သိတယ်၊ ဒေါ်အိပဲ အဲ့ဒီလိုတွေးပေးမယ်ဆိုတာ သိတယ်။ ဒါကြောင့်... ဘယ်လိုပဲဖြစ်ဖြစ် ဒေါ်အိကိုရှင်းပြမယ်လို့ ဆုံးဖြတ်ထားတာ"

"ကြည်နူးနဲ့ကိစ္စကတော့ ရှင့် မလှည့်ရှုပ်လုပ်တာပဲ"

"ဒါတော့ မဟုတ်ဖူး ဒေါ်အိ၊ ကျွန်တော် မလှည့်တာလည်း မဟုတ်ဖူး၊ ရှုပ်တာလည်း မဟုတ်ဖူး"

"ဒါဆို ဘာလုပ်တာလဲ"

"ဒေါ်အိ သူငယ်ချင်း ကြည်နူးက ကျွန်တော့်ကို မတူမတန်သလို ဆက်ဆံတာနဲ့ တမင်ရွဲ့မိတာပါဗျာ"

"အင်းလေ... မဟုတ်မှာပါ၊ ကြည်နူးစရိုက်ကို ကျွန်မတို့ သိသွားမဲ့ဟာ"

အခုမှပဲ သူ့ရင်ထဲ ရှင်းဆန်းသွားရသည်။ အငြိုးအခြေး ရှင်မနေလေး။ ဒေါ်အိသဘောတူကြောင်း သူ့အပေါ် နားလည်မှုမရှိပါ။ ပြီးတော့ သူ့ကို ရန်စွာလိုက်သေးသည်။ နေနှင့်ဦးပေါ့။ နောက်မှ နှမှုန်းကို နှလှနှလောင်းတွေပစ်လိုက်ဦးမည်။

"အခုဒါလည်း ကျွန်တော်ကို အကြီးအကျယ်အထင်လွဲနေတယ်။ ကျွန်တော်က ကြည်နူးကို ချစ်နေတယ်ဖြဲထင်နေတာ"

"အဲ့ဒါအချစ်ရွှေပေါ့ သဘော်တွင်မကဘူး... ကျွန်မလည်း အစက အဲသလို ထင်ခဲ့တာပဲ၊ ရှင်က လဲလေ နေစမ်းပါဦး။ ရှင်က ကြည်နူးကို မချစ်ဘဲ ဘာလို့ အဖြင်းသိုက်လုပ်နေတာလဲ"

"ဗျာ' အတင်းမပြောပါဘူးဗျာ၊ အိမ်နီးနားချင်းလည်း ဟုတ်

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ တစ်ရုံးထဲလုပ်သည်းလုပ်တယ်ဆိုတော့ ခင်ခင်မင်မင်နဲ့ ခေါ်ပြော "ဆက်ဆံမိတာပါ"

ဖြစ်နိုင်ပါသည်။ ကြည်နူးကို နာမည့်ပြောင်ခေါ်တာကိုက ကျုံကြွားလို့ခေါ်တာသာကြည့်ရှု နည်းနည်းဆိုလည်း များများပို ပြောတတ်သည့် ကြည်နူးပင်။ ခုမှပဲ ဇာတ်ရည်လည်တော့သည်။

"ခေါ်အိတို့ ညီကိုကိုဆိုရင်လည်း ဒီလိုပဲ ခေါ်ပြောဆက်ဆံမှာပဲလေ"

"ဟုတ်သလားမဲ"

"အဲ့ဒါ ခေါ်အိရယ်၊ သဒ္ဒါကို နားလည်အောင် ရှင်းပြမေးပါနော်၊ ကျွန်တော် သူ့ကို ခေါ်ကြီးနဲ့ခေါ်အိမှားတဲ့နေ့"

"အဲ့ဒါ"

"အဲ ... စကားမှားလို့ ခေါ်ကြီးနဲ့ခေါ်အိကို နာမည်ချင်း မှားကြားလွဲတဲ့နေ့ ... အဲဒီနေ့ကတည်းက သူ့ကို ကျွန်တော် ချစ်မိသွားတာပဲ၊ ဒါကြောင့်လည်း အိမ်မပြန်ဘဲ ဒီမှာ အလုပ်ရှာပြီး နေဖို့ဆုံးဖြတ်ချက်ကယ်ပိုင်ခိုင်မာသွားရတာပေါ့"

"အမယ်လေးတော်၊ ခုမှ ကြားရတဲ့ကာလူ နားရှက်အောင် လာပြောနေတယ်၊ နေဦး ရှင်မပြောမှ ကျွန်မ စဉ်းစားမိလာပြီ"

"ဘာကိုလဲ"

"သဒ္ဒါလည်း ရှင့်အပေါ် ခံစားချက်ရှိလိမ့်မယ်ထင်တယ်"

"မဟုတ်မှ နဲ့ခေါ်အို၊ ကျွန်တော် ဘယ်သူ့ရှိတော့မှာလား၊ နေ့တိုက်တာမှ မဟုတ်ဘဲပါ ဖူးနော်"

"မှန်တယ်၊ ဘာလို့လဲဆိုတော့ ရှင့် ကြည်နူးနဲ့အဲဒီပုံကိစ္စတွေဖြစ်နေတာ သဒ္ဒါ မျက်နှာမကောင်းဘူး၊ အိပ်ရာထဲ ဝင်ခွေနေ

www.burmeseclassic.com

www.burmeseclassic.com



လို့ ကျွန်မတောင် သဒ္ဒါ နေမကောင်းဘူးလားလို့မေးတော့ ကောင်းပါတယ် စာမေးပွဲနီးလို့ စိတ်ပင်ပန်းနေတယ်လို့ပြောတာ"

"ဟင် ... ဟုတ်လား"

"နေပါဦး ... စကားမဆုံးသေးဘူး၊ ခုဟာက မျက်ရည်တွေ ပါဝိုင်းနေတာ၊ ငိုချင်တာကို မနည်းအောင့်ထားရတဲ့ပုံမျိုး၊ စာမေးပွဲ ဖြေတာ ငိုစရာပါလို့လား၊ ခါတိုင်းလည်း သင်တန်းပေါင်းစုံတက်ပြီး စာမေးပွဲပေါင်းစုံဖြေဖူးနေတာပဲ"

"ဒေါ်အိ၊ ဒေါ်အိ' တကယ်လား? သဒ္ဒါ အဲသလိုဖြစ်တာ တကယ်လား ... အား ကျွန်တော် ရင်တွေခုန်လာပြီ"

"ခစ် ... ဖြစ်ရမယ်၊ လုပ်တုန်းကတော့ မဟုတ်တာတွေ လျှောက်လုပ်ထားပြီး ခုမှ အရပ်ကယ်ပါလူဝိုင်းပါဖြစ်နေတယ်"

"အားကိုးပါတယ် ဒေါ်အိရယ်၊ ကျွန်တော့်ကို ကူညီပါ"

"ကျွန်မက ဖြစ်နိုင်တယ်လို့ပြောတာနော်၊ ဟုတ်ကိုဟုတ်တယ်လို့မဆိုလိုဖူး၊ သူ့ဖာသာ တခြားအကြောင်းရှိလို့ငိုချင်တာလည်းဖြစ်နိုင်တယ်၊ တအားလဲ မျှော်လင့်မထားနဲ့ပေါ့"

"ဟာဗျာ ခင်ဗျားကလဲ"

လူကို အမြင့်ကဆွဲချသလို ခံစားရသည်။

"ပြီးတော့ တစ်ခုရှိသေးတယ်"

"ရှိသေးတယ်"

"ဘယ်လိုပဲဖြစ်ဖြစ် ကြည်နူးရော၊ ကျွန်မတို့အားလုံးကပါ ရင်ချစ်နေတာ ကြည်နူးပဲလို့ တရားသေတွက်ထားကြတဲ့ကိစ္စကို အခုမှ ကြည်နူး မဟုတ်ဘူး၊ သဒ္ဒါပါလို့ထပြောလိုက်ရင် အရင်ဆုံး အရမ်းရှက်သွားမှာက ကြည်နူးပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်'"

"နောက်တစ်ခု"

"ဟင်'"

"သဒ္ဒါကလည်း ရှင့်အချစ်ကို ယုံချင်မှယုံမှာ၊ ကြည်နူးက ခါလိုက်လို့ သူ့ဘက်လှည့်လာတာလို့ပဲထင်မှာ"

"ဟူး"

သူ ခလောက်ခဲ့တဲ့ကိစ္စက သူ့နှလုံးသားကို ကောင်းကောင်းအမွှေခံနေရပြီ။

ဤသို့ဖြင့် ... သူ့နှလုံးသားရေးရာကိစ္စသည် သူနှင့်သဒ္ဒါတို့အကြား ကတ်သီးလေး လွဲနေဦးမည် ထင်ပါသည်။

------၀၀၀၀၀------

www.burmeseclassic.com

www.burmeseclassic.com



## [တစ်ဆယ့်သုံး]

-------၀၀၀၀၀-------

ရုံးရောက်တော့ အတတ်နိုင်ဆုံး ကြည်နူးနှင့် မဆုံဖြစ်အောင် ရှောင်နေလိုက်သည်။

ရန်ကုန်လာပြီး အသည်းအကွဲခံသလိုဖြစ်နေရသော သူ့အဖြစ်ကို သြချမိ၏။ တွက်ကြည့်လိုက်တော့လည်း အားလုံး သူ့အပြစ်ချည်းသာ။ ကိုယ့်ဇာတ် ကိုယ်မနိုင်ဖြစ်သွားသည်။ ဒေါ်ကြီးပြောသလို "မင်းကွာ တော်တော် အနေအထိုင်မတတ်တဲ့ကောင်၊ ကိုယ်နဲ့အလွတ်ကြီးဟာကို သွားငြိနေတယ်" တဲ့။ ဖြစ်ပြီးသွားမှတော့ မတတ်နိုင်ပါ။

အလုပ်လုပ်ခဲ့သမျှ ယနေ့အပင်ပန်းဆုံးဟု ခံစားရသည်။ အမှန်က ခါတိုင်းလုပ်နေကျအလုပ်တွေပဲဖြစ်သည်။ သူ့စိတ်ကိုက

www.burmeseclassic.com

www.burmeseclassic.com



ပင်ပန်းနေခြင်းဖြစ်သည်။ ဘဝတွင် ပထမဆုံးချစ်ဖူးသောအဖြစ်နှင့် သူ့စိတ်တွေက စားစားသွားသွား သဒ္ဒါနှင့်ပတ်သက်သော အကြောင်းသာတွေးရင်းခံစားနေမိသည်။ ငယ်စဉ်ကတည်းက ထင်ရာမြင်ရာ တစ်ဖွတ်ထိုးလုပ်တတ်သောသူသည် အချစ်နှင့် တွေ့သောအခါတွင်တော့ ထင်ရာမြင်ရာ တစ်ဖွတ်ထိုး မလုပ်ရဲပါ။

သူသည် မွေးရာပါကျိုးမနပ်သော သားဆိုးသားမိုက် မဟုတ်တောင် တော်တော်အသုံးမကျသောသားဟု ဆိုက ဆိုနိုင်ပေသည်။ ခါကို မျက်ရည်ကျအောင်လုပ်ထားခဲ့သောသူမို့ သူ့နှလုံးသားကလည်း တစ်ဖန်ပြန်ခံစားနေရလေသလားမသိ။

သူသည် ဟိုတွေးသည်တွေးဖြင့် မည်သို့မည်ပုံ အိမ်ပြန်ရောက်လာမှန်းပင် မသိ။ သူ့ အိမ်ထဲဝင်ဝင်ချင်း ဒေါ်ကြီးက ဆီးပြောသည်။

"ဟော့ကောင် မန်းချိုး၊ ငါ ဒေါ်အိနဲ့ လမ်းထိပ်မှာ တွေ့ခဲ့တယ်၊ သူက မင်းကို မနက်ဖြန်မနက်ကျရင် ဈေးထိပ်က လက်ဖက်ရည်ဆိုင်မှာစောင့်နေတဲ့၊ ပြောစရာရှိတယ်တဲ့၊ ဘာတွေလဲဟ၊ ငါတို့ကိုလည်းပြောပြပါဦး"

"ဒေါ်အိကို ငါ အကူအညီတောင်းထားတယ်၊ မမျှော်လင့်ဘဲဖြစ်သွားတဲ့ အထင်လွဲမှုကို ရှင်းပြပြီး၊ ဒေါ်အိကတစ်ဆင့် သဒ္ဒါ ဆီအောင်ပေါ့ကွာ"

"အဲ့ဒီတော့"

"အားပေးက ကြည်နူးကို ငါ ချစ်နေတယ်ပဲထင်နေခဲ့ရင် သဒ္ဒါကိုဖွင့်ပြောလိုက်ရင် ရှုပ်ကုန်မယ်တဲ့၊ ကြည်နူးရဲ့ မျက်နှာကိုလည်း ထည့်တွက်ရဦးမယ်တဲ့"

www.burmeseclassic.com

www.burmeseclassic.com


"ဒါလည်း ဟုတ်တာပဲ"

"ဟူး ... အဲ့ဒါနဲ့ပဲ ငါရဲ့နှလုံးသားကို အကျဉ်းချထားရတော့မှာလား၊ ငါကဖြင့် သဒ္ဒါကို ချစ်ချင်လှပြီ"

"ထင်ရာတွေ လျှောက်လုပ်ခဲ့ပြီးတော့ ခုမှ ... လာလွမ်းပြမနေနဲ့ ..."

*အပြစ်တင်လည်း ခံရမှာပါပဲ။*

တစ်ညလုံး တလူးလူးတလိမ့်လိမ့်နှင့် မိုးမြန်မြန်လင်းပါစေဟု ဆုတောင်းမိသည်။ သူ့ဆုတောင်းကို ဂရုမစိုက်သည့်အလား ညကတော့ ဖြည်းဖြည်းမှန်မှန်သာ ကုန်ဆုံးနေ၏။

မနက်ကျတော့ သူ, ကောင်းစွာ အိပ်ရေးမဝပါ။ သို့သော်သူ, စိတ်စောစွာပင် လက်ဖက်ရည်ဆိုင်သို့ အစောကြီးသွားထိုင်နေမိသည်။ သူ ရောက်၍ တစ်နာရီနီးပါးကြာမှ ဒေါ်အိရောက်လာသည်။

"ဘာလဲဟင် ဒေါ်အိ၊ ကျွန်တော့်ကို ဘာပြောစရာရှိလို့လဲ၊ သဒ္ဒါက ဘာပြောလို့လဲ"

"ထိုင်ပါရစေဦး မိုးချမ်း"

သူ့ရဲ့ အလောသုံးဆယ်အမေးကြောင့် ဒေါ်အိပင် အမောဆို့သွားပုံရသည်။

"ဆောရီး ဒေါ်အိ၊ ထိုင် ... ထိုင် ... ဘာသောက်မလဲ"

"အဲသလိုလုပ်စမ်းပါ"

ဒေါ်အိက ကော်ဖီဆို၍ သူ, မှာပေးလိုက်သည်။ သူ သိချင်စိတ် စောနေမှန်းသိ၍ ကော်ဖီ ရောက်မလာခင် ဒေါ်အိက စကားစ, သည်။


www.burmeseclassic.com

www.burmeseclassic.com



"ရှင်ပြောတဲ့ ရှင်းပြစကားတော့ သဒ္ဒါကို ကျွန်မ [illegible] လိုက်ရဘူးမိုးချမ်း"

"ဗျာ ... ဘယ်လို"

"ဟုတ်တယ်၊ သဒ္ဒါ မနေ့က အထုပ်အပိုးတွေပြင်ပြီး သင်တန်းက သူငယ်ချင်းတစ်ယောက်အိမ်သွားတယ်တဲ့၊ ကျွန်မနဲ့ မတွေ့လိုက်ရဘူး၊ ညီနဲ့ တော့တွေ့လိုက်တယ်တဲ့"

"ဒုက္ခပါပဲဗျာ၊ သူ့သူငယ်ချင်းအိမ်က ဘယ်မှာလဲဟင်"

"ဒါတော့မသိဘူး၊ ပြောမသွားဘူးတဲ့"

"ဟာဗျာ"

"ဒါ ... ရှင့်အတွက်တော့ ဝမ်းသာစရာသတင်းပေါ့"

"ဟာ ... ဒေါ်အိ မနောက်နဲ့ဗျာ၊ ကျွန်တော့်အတွက် ရင်ပူနေရတဲ့ကြား ... ဘယ်လိုဝမ်းသာစရာသတင်းရမှာလဲ"

"သြော် ... တကယ်၊ ရှင်ပဲစဉ်းစားကြည့်လေ၊ သဒ္ဒါပြောသွားတာတော့ စာမေးပွဲရှိလို့ သူငယ်ချင်းအိမ်သွားနေမယ်တဲ့၊ သူတစ်ခါမှ အဲသလိုသူများအိမ်သွားမအိပ်ဖူးဘူး၊ ခု ရှင့်ကို မမြင်ချင်လို့၊ ရှင်နဲ့မတွေ့ချင်လို့ ရှောင်သွားတာနေမှာပေါ့"

"အဲ့ဒါ ဝမ်းသာစရာလားဗျာ"

"ရှင်ကလည်း တုံးနေပြန်ပါပြီ၊ သာမန်အနေအထားဆို ဘာရှောင်သွားစရာလိုလဲ၊ အေးဆေးပေါ့၊ ခုဟာက သူလည်း ရှင့်ကို ခံစားချက်ရှိလို့ပေါ့၊ ရှင် ... တကယ်ပဲ ကြည်နူးကို ချစ်နေတယ်ဆင်ပြီး ဟတ်ထိသွားတာလေ"

ဒေါ်အိပြောတာကို သူ စဉ်းစားကြည့်လိုက်တော့ ဟုတ်သလိုလိုတော့ရှိသား။ မိန်းကလေးစိတ်ကို မိန်းကလေးချင်းပဲ ပိုသိ

www.burmeseclassic.com



သည်မတော့တော့လော်း။ သြော့ ဖမ်းသတ်ဘွဲ့အိသည်။

"အဲဒီလိုဖြစ်ပါစေလို့ ဆုတောင်းရမလိုဖြစ်နေပြီ"

"တကယ်ပဲ ရောင်ပြေးသွားတာဆိုရင် ရှင်းပြရတာလွယ်ပါတယ်။ သူ့စိတ်ထဲမှာလည်း တကယ်မှမ ရှင်ရှိနေတယ်ဆိုရင်ပေါ့"

"ဘာပြီးနေ့ဖြန်လော်မယ်မပြော်သွားခဲ့တော့တောင်"

"အဲဒါကျေတော့ ရှင်ပဲ တော်ဆိုးအွာအံဖြန်ရော့"

"ဒေါ်အိကလိုဗျာ၊ စကားပြောရတာလဲ တောင်တက်ရတာကျနေတာပဲ၊ တက်လိုက်ရ၊ ဆင်းလိုက်ရနဲ့"

"ခစ် ... ပြောရော့မယ်"

"ပြောဗျာ၊ ကော်ဆိုးလည်း မတတ်နိုင်ဘူး၊ သိချင်လှပြီ"

"တမေးပွဲပြီးရင် အိမ်ပြန်မလာသေးဘူးတဲ့"

"ဗျာ"

"သူ့သူငယ်ချင်းအိမ်ကနေ မိဘအိမ်ခဏပြန်မယ်တဲ့"

"ဒုက္ခပါပဲ၊ သူ့သူငယ်ချင်းအိမ်ကလည်း မသိဘူးဆိုတော့ ဘယ်လိုက်ရမှန်းမသိဘူး၊ အဲ ... ဆင်တာန်းရော၊ သူ့သင်တန်းက ဘယ်မှာလဲ"

"ဘာလုပ်မလို့လဲ"

"သင်တန်းမှာ သွားစောင့်မယ်လေ၊ တွေ့ရင် ကိုယ့်ဖာသာ မိရှင်းပြလိုက်တော့မယ်၊ စောက်ကြာ... ကြာသွားရင် ကျွန်တော့ အတွက် အလှာအလာမကောင်းဘူး၊ ပိုပြီး အထင်အမြင်တွေ လွဲ သွားနိုင်တယ်"

"ရှင်နော် ... ကျွန်မ သူငယ်ချင်းကို စိတ်ညစ်အောင်တော့ မလုပ်နဲ့ ... သူ့ဒါက နဂိုကမှ ခပ်အေးအေး၊ ညက်ပြက်ကလေး

www.burmeseclassic.com


ရယ်၊ သဘောမနောလည်း ဖြူစင်တယ်၊ အေးအေးဆေးဆေးနဲ့ ပြောရာပြောကြောင်း ဖြည်းဖြည်းချင်းပြောပြ"

"စိတ်ချပါဗျာ၊ ခင်ဗျားတို့ကသာ တစ်အိမ်တည်းနေပြီး ချောက်နှာလွှဲခဲ့ပစ်နေတတ်လိုက်ကြတာ"

"အံမယ်၊ ဒီလိုနေလာတာ နှစ်တွေပဲ မနည်းတော့ဘူး၊ အာပြဿနာမှ မရှိခဲ့ဘူး၊ ခု ရှင်ရောက်လာမှ ဖယားတွေရှုပ်ကုန်တာ"

"ဟာဗျာ၊ ပြောရှေ့မယ်၊ ကျွန်တော်လည်း ဘာမှ မလုပ်ရတဲ့ ... ဖယားရှုပ်တာက ခင်ဗျားတို့သူငယ်ချင်း ပန်းကြည်နူးဗျ"

"ရှင်နော်၊ ဒီလိုမပြောနဲ့ ... အရင်က ကြည်နူးလည်း သူ့အသာသူနေတာ ... ခုမှ ... ရှင့်ကြောင့် ... ဟွန်း"

ဒေါ်အိနှင့်လမ်းခွဲပြီးနောက် သူ့ စိတ်ညစ်ညစ်နှင့် ခေါင်းငိုက်စိုက်ချလျှောက်လာမိသည်။ နောက်က ခြေသံကြား၍ ဒေါ်အိ အစ်ခုခုပြောစရာကျန်၍ လိုက်လာလေသလားဟု လှည့်ကြည့်မိတော့ ခွေးတစ်ကောင်ဖြစ်နေသည်။

ထိုခွေးကို သူ့ ကောင်းကောင်းသိပါ၏။ သူတို့တိုက် လှေကားတွင် အမြဲတမ်းဝင်နေသော ခွေးဖြစ်သည်။ တစ်အိမ်အိမ်က ခွေးလား၊ ခွေးလေခွေးလွင့်လားဆိုတာတော့ သူ့ မသိ။ အာကာခင်ကျော်ကတော့ လိပ်စာမေးထားမည်ဟု ပြောဖူးသည်။

မေးပြီးပြီလား၊ မမေးသေးဖူးလားဆိုတာကိုတော့ သူ့ လည်း မသိ။ ရှိပါစေတော့ ...။

------ooooo------


www.burmeseclassic.com

www.burmeseclassic.com

## [တစ်ဆယ့်လေး]

သဒ္ဒါ စိတ်လေနေသည်။ သဒ္ဒါ့ဘဝမှာ ပထမဆုံး စိတ်နှင့် ကိုယ် အစေးမကပ်ခြင်း ဖြစ်သည်။ မိုးချမ်းကို ရင်ဆိုင်ဖို့ အင်အား မရှိသဖြင့် ရှောင်ပြေးခဲ့သည်။ သင်တန်းပြီးတာနှင့် စိတ်ပြေလက် ပျောက်ဖြစ်သွားအောင် ပုသိမ်ရှိ မိဘအိမ်ပြန်ခဲ့သည်။

မိဘ၊ မောင်နှမတွေနှင့် ပြန်ဆုံရတော့ စိတ်အနည်းငယ် ပြန်လန်းဆန်းသွားရသည်။ သို့သော် ... ခဏတစ်ဖြုတ်သာဖြစ် ပြီး သဒ္ဒါ့ရင်ထဲ ဝမ်းနည်းကြေကွဲခြင်းတို့က ကြီးစိုးလာပြန်သည်။

အိမ်ရောက်၍ နှစ်ရက်အကြာ ဒေါ်အိရုံးကို ဖုန်းဆက်ခဲ့ သည်။

"ဒေါ်အိလား"



www.burmeseclassic.com

www.burmeseclassic.com



"အေး သဒ္ဒါ၊ နင်, ဘယ်တော့ ပြန်လာမှာလဲ"

"တစ်ပတ်လောက်နေဦးမှာပေါ့"

"ဟဲ့ ... အကြာကြီးမနေနဲ့ ... နင့်ကို ငါ ပြောစရာရှိတယ်"

"အင်း၊ ပြောလေ ဒေါ်အိ"

"အခု မပြောသေးဘူး၊ နင်ပြန်လာမှ ပြောမယ် သဒ္ဒါ"

"ဟာမ်' ဘာ"

"ဟော လုပ်ပြီ၊ နင်ပြန်လာမှ ပြောမယ်လို့ပြောတာ၊ ဟူး မောလိုက်တာ၊ နင်က ဘာလို့ ချက်ချင်းကြီးပြန်သွားရတာလဲ၊ ဒီမှာဖြင့် မိုးချမ်းတစ်ယောက် သေတော့မယ်"

"ဟယ်"

"ဟုတ်တယ်၊ အဲဒါနင့်ကြောင့်လေ၊ သူက နင့်ကို ......."

ဒေါ်အိက ဖုန်းထဲကနေ အကျဉ်းချုံး၍ သဒ္ဒါကို ရှင်းလင်းပြောပြသည်။ သဒ္ဒါက ...

"ဟင်၊ ဟုတ်လို့လား၊ လျှာအရိုးမရှိ ပလီပလာလျှောက်ပြောသမျှ နင်က ယုံနေတယ်ပေါ့"

"ဩော် ... ယုံသင့်လို့ ယုံတာပေါ့ဟ၊ နင်လည်း ကြည်နူးအကြောင်းသိသားနဲ့ ... မိုးချမ်းက ကြည်နူးကို တမင်အရွဲ့တိုက်တာနဲ့ အဲသလိုတွေ ဖြစ်ကုန်တာဟေ့"

"အဟုတ်"

"ရော် ... အဟုတ်ပါဆို၊ ငါက နင့်ကို မဟုတ်မဟတ်တွေ ပြောပါ့မလား၊ နင်က ငါ့ညီမလေးလို ချစ်ရတဲ့ သူငယ်ချင်းမလေး ... နင့်ကို မဟုတ်တာတွေ ပြောပါ့မလားဟဲ့"

"ဩော် ... အဲသလိုလား! မိုးချမ်းက တော်တော့်ကို

www.burmeseclassic.com

www.burmeseclassic.com


အနေအထိုင်မတတ်တဲ့လူပဲနော်"

"အမှန်က မိုးချမ်းက တဖွတ်ထိုးတဖောက်ကန်းလေးဟ၊ သူ့အိမ်ကနေ ရန်ကုန်ကိုထွက်လာတဲ့အဖြစ်ကိုပဲ ကြည့်လေ၊ သူ့အမေက ဈေးမှာ သံပုရာသီးဝယ်ခိုင်းတာ ... သူငယ်ချင်းနဲ့တွေ့ပြီး ရန်ကုန်တစ်ခါတည်း လိုက်လာတာတဲ့၊ အမေဖြစ်သူများ သေသွားရင် သူ့ တစ်သက်လုံး နောင်တမရပေဘူးလား"

"အင်းနော်"

"သူက တဖွတ်ထိုးဆိုပေမယ့် ရိုးသားဖြူစင်ပါတယ်၊ ပြီးတော့ ... နင့်ကို တကယ်အလေးအနက်ထားတာ ... နင်ကရော သူ့ကို ချစ်နေတယ် မဟုတ်လား"

"အံမာ ... ဒေါ်အိနော်၊ ဘာလို့ အဲသလိုပြောရတာလဲ' ငါ သူ့ ကိုမချစ်ပါဘူး၊ အဝေးကြီး အမြင်ကတ်လိုက်တာမှ"

"ဟိုး ဟိုး၊ တကယ်လား၊ ဒါဆို ဘာလို့ အိမ်ကို ပြန်ပြေးတာလဲ ဟင်"

"ဟဲ့ ... သူ့ကြောင့်ပြန်တာ မဟုတ်ဘူး၊ ငါ့ဘာသာငါ ပြန်တာ"

"ဟုတ်လို့လား"

"ဒေါ်အိနော်၊ တော်ပြီ၊ ဖုန်းချလိုက်တော့မယ်"

"အေး ... အေး၊ ဒါဆို ဒါပဲနော်"

ဖုန်းချလိုက်ပြီးမှ သဒ္ဒါရင်ထဲ ကတုန်ကရင်ဖြစ်ကျန်ခဲ့၏။ ဒေါ်အိပြောပြသောအကြောင်းအရာတွေကို ယုံချင်သလိုလို မယုံချင်သလိုလိုနှင့် ဝေခွဲမရ ဖြစ်နေရသည်။

သဒ္ဒါကို မိုးချမ်းက တကယ်ပဲ ချစ်နေတာလား။ ချက်


www.burmeseclassic.com

www.burmeseclassic.com



ချင်းပင် ရန်ကုန်ကို ပြန်ပြေးသွားချင်စိတ်ပေါက်သွားသည်။ မဖြစ်သေးပါ။ ထိုသို့ ... ပြန်သွားရအောင်ကလည်း တကယ့်ကို ရှက်စရာကြီး။ သဒ္ဒါတစ်ယောက်တည်း ယောက်ယက်ခတ်နေ၏။

"သဒ္ဒါ"

အတွေးလွန်နေဆဲ မေမေ့ခေါ်သံကို ကြားရသည်။

"ရှင်"

"ဖုန်းပြောပြီး ဘာတွေငိုင်နေတာလဲ"

"ရှင်"

"ဟယ် ... ဒီကောင်မလေးဟာ တရှင်ရှင်နဲ့ ... နင် အဲဒီ အံကျင့်ကြီးကို ဖျောက်စမ်းပါ၊ ဒီမှာ ... နင့်အဖေကို ထမင်းလာခူးပေးစမ်း"

"ရှင်၊ ဩော် ... ဟုတ်ကဲ့ မေမေ"

သဒ္ဒါ လျှာထုတ်ပြောင်တော့ မေမေက မျက်စောင်းထိုးလေသည်။

------ooooo------

www.burmeseclassic.com

www.burmeseclassic.com

# [တစ်ဆယ့်ငါး]

ကံတရားက သူ့ဘက်ကိုပဲ မျက်နှာလိုက်တာလား၊ ကြည်နူးကိုပဲ ကယ်တင်လိုက်တာလား၊ နှစ်ခုလုံးလည်းဖြစ်နိုင်ပါသည်။

ဒီမနက် သူ, ရုံးရောက်တော့ သတင်းတစ်ခုက ရုံးမှာပျံ့နေပြီ။ သူ, ရောက်ရောက်ချင်းပင် ကိုရဲနောင်က ...

"သိပြီးပြီလား မိုးချမ်း"

"ဟင့်အင်း၊ ဘာတုန်း ကိုရဲ၊ ခင်ဗျားမိန်းမက လစဥ်စရိတ်တိုးတောင်းလို့လား"

"ဖွ ... လွဲပါစေ၊ ဖယ်ပါစေ၊ စောစောစီးစီး မိုးချမ်းရယ် ငါ့ကို သွေးတိုးအောင် လာလုပ်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား ဖြစ်ရမယ်၊ ကဲ ဆိုပါဦး ဘာလဲ"

"ကိုလင်းပေါ့၊ အခု အချုပ်ထဲမှာတဲ့၊ လွတ်ဖို့တော့မလွယ်ဘူးပြောတယ်"

"ဟင်! ဟုတ်လား၊ ဘာဖြစ်လို့တုန်း"

"လောင်းကစားဝိုင်းတဲ့၊ မိတ္တာမှ တကယ့်ကြေးကြီးသမားတွေချည်းဆိုပဲ၊ ဒါ ထားလိုက်ပါဦး၊ နောက်ဆက်တွဲ ပိုဆိုးပါ့"

"အင်း"

"အဲ့ဒီထဲမှာ ကောင်မလေးတွေပါတယ်တဲ့ကွာ၊ ငယ်ငယ်ချောချော အလန်းလေးတွေဆိုပဲ၊ ဒီလူက တကယ့် ငရှုပ်အကြီးစားပဲကွ၊ လောင်းကစားရော၊ မိန်းမရော"

"ဩော်"

"ဒီလူ ကျိတ်ပုန်းခုတ်နေတာ ကြာပြီထင်တယ်၊ အနေအထိုင်က ပိရိတော့ ဘယ်သူမှ မထင်ကြဖူး၊ အခုလိုဖြစ်တော့ လူမွဲထိ နာမည်ပျက်တာပေါ့ကွာ"

"ဒါက မဆိုင်ပါဘူး ကိုရဲရာ ... ခြေမ မကောင်းခြေမ၊ လက်မမကောင်းလက်မပေါ့"

သူ့ ပြောသာ ပြောလိုက်ရသော်လည်း စိတ်ထဲမကောင်းပါ။ သတင်းဆိုးတွေကြားမှာ ကြည်နူးမျက်နှာလေး ငုံ့နေရှာသည်။ မည်သို့ပင်ဖြစ်စေ ကြည်နူးနှင့်ကိုလင်းက အတိုင်းအတာတစ်ခုထိ ပတ်သက်နေတာကို တစ်ရုံးလုံးက သိနေသည် မဟုတ်လား။ ဒီတော့ ... မလိုသူတွေ ပြောတာဆိုတာ ခံရနိုင်သည်။ မေးငေါ့ကြမည်။ သဒ္ဒါနှင့်တစ်အိမ်တည်းအတူနေသည့်သူငယ်ချင်းမို့ သူ့စိတ်တော့ မကောင်းပေ။

www.burmeseclassic.com

www.burmeseclassic.com



ကြည်နူးနှင့် သူမျက်လုံးချင်းဆုံမိတော့ ဘာရယ်ဟု အဓိပ္ပါယ်မကွဲပြားသည့်အရောင်တချို့ ကြည်နူးမျက်ဝန်းတွင်တွေ့ရ သည်။ အခုနေ ... သူ့ကို ကျေးဇူးတင်နေမလား ဒါမှမဟုတ် ယခုလိုဖြစ်တာကို သူကပဲ ဝမ်းသာနေသည်ဟု ထင်နေမလား။

ဝမ်းသာသည်ဆိုလည်း နှမချင်းစာနာ၍ ကိုလင်းလို အပေါယံသကာဖုံးထားသော လူပွေ လူရှုပ်တစ်ယောက်နှင့် ကြည်နူးလို အဖိုးတန်သမီးပျိုလေးတစ်ဦး အချိန်မီလွဲရသည်ကို ဝမ်းသာခြင်းပဲ ဖြစ်ပေလိမ့်မည်။

သူသည် သူနှင့်မဆိုင်သောကိစ္စတွေကို ခေါင်းထဲက ထုတ်ပစ်လိုက်ပြီး သဒ္ဒါနှင့်သူ အဆင်ပြေဖို့အတွက်သာ စဉ်းစားတော့သည်။ သဒ္ဒါနှင့် နှစ်ရက်သုံးရက် မတွေ့ရမှ သဒ္ဒါ့ကို သူ ဘယ်လောက်ချစ်မှန်း သိတော့သည်။ လွမ်းစိတ်ကြောင့် သူ့တွင် ပျော်ရွှင်မှုတွေ ဆိတ်သုဉ်းနေသည်။

အိမ်အပြန်လမ်းသည် ခြောက်ကပ်တိတ်ဆိတ်လွန်း၍ လှေကားထစ်တွေကို ခေါင်းငိုက်စိုက်ချပြီး တစ်ထစ်ချင်းတက်လာခဲ့သည်။ သူ့ရှေ့ လှေကားဆယ်ထစ်လောက်က တက်သွားသော ဗလကိုပင် မမြင်မိပါ။ ကန့်လန့်၊ ကန့်လန့်လာလုပ်နေသော ခွေးကိုတော့ စိတ်တိုတိုဖြင့် အော်လိုက်သည်။

"တောက် ... ဟောဒီခွေးဟာ တော်တော့်ကို အလိုက်ကန်းဆိုးမသိတာပဲ၊ ဟေ့ကောင် ဘေးကပ်ကွာ"

သူ့အသံကြောင့် ရှေ့ကတက်နေသော ဗလက လှည့်ကြည့်လာတာကိုလည်း သူ သတိမထားမိပါ။ ခွေးကလည်း လူစကား နားမလည်။ ဘေးကပ်ပါဆိုတာကို ရှေ့ကနေ လှည့်ကြည့်၊

www.burmeseclassic.com



လှည့်ကြည့်လုပ်ကာ အမြီးနှံ့ပြနေသေးသည်။

"ခွေးအစုတ်ပလုတ်၊ ငါ့ကို အမြီးနှံ့ပြမနေနဲ့ ... မင်းက ငါ့အတွက် ဘယ်နေရာ အသုံးကျလို့လဲ၊ ဟော့ကောင် ... ပြောနေတဲ့ကြားက တစ်ကိုယ်လုံးခါနေပြန်ပြီ၊ မင့် အမွေးညစ်ပတ်တွေက ငါ့အကျီမှာ လာကပ်ကုန်မယ်ကွ"

အပေါ်ဆက်မတက်ဘဲရပ်နေသောဗလကို အနားရောက်မှ သူ့ မြင်တော့သည်။ သူ့ကို ဗလက ...

"ကိုယ့်ဖာသာကိုယ် ဘာဖြစ်လာမှန်းမသိဘဲ ခွေးကို ပြဿနာရှာနေတယ်၊ မင်းနဲ့တွေ့မှ သူလည်း ခွေးဖြစ်ရတဲ့ဘဝကို တော်တော် စိတ်နာပေလိမ့်မယ်"

"စကားမများနဲ့ ... မင်းပါ အဆစ်ပါချင်သလား ဗလ"

"မလုပ်ပါနဲ့ကွာ၊ ကြောက်ပါတယ်၊ ငါက ယောက်ျားချင်းဆို ဖက်မကိုက်ရဲ့ဖူးကွ၊ ဟဲ ဟဲ"

"သေနာကျလေး၊ မင်းတော့ ... ဒီစိတ်တွေနဲ့သေမှာပဲ"

"လောလောဆယ် မင်းကိုယ်မင်းသာ ပြန်ကြည့်စမ်းပါ မန်းချိုးရာ ... မင်းပုံစံက ထမင်းတစ်လမစားရတဲ့ပုံ ... မိန်းမပစ်သွားတဲ့ တစ်ခုလပ်ပုံ"

"မိန်းမပစ်သွားတာတော့ မဟုတ်ဖူးပေါ့၊ ရည်းစားက ပစ်သွားတာ"

"တန်ရာတန်ရာ ပြောစမ်းပါကွာ၊ မုန့်ဆီကြော်က ဘယ်နေမှန်းမသိဘဲနဲ့ ... မင်း တော်တော်ညံ့တဲ့ကောင်ပဲ မန်းချိုး"

"ဟော့ကောင်ဗလ၊ ရည်းစားလေးတစ်ယောက်ရှိတာနဲ့ ကြီးကျယ်မနေစမ်းပါနဲ့ ... တစ်နေ့ ... မင်းကို ငါ့အကြောင်းပြမယ်"

www.burmeseclassic.com

www.burmeseclassic.com



သူတို့ စကားနိုင်လု တက်လာရင်း သဒ္ဒါတို့အခန်းရှေ့ ရောက်လာသည်။ ထိုအချိန်တွင် အခန်းတံခါးမှာလည်း ချပ်ခနဲ ပွင့်လာလေ၏။ ခေါင်းပြူထွက်ပြီး ကြည့်လာသူက ဒေါ်အိ ...

"ဒေါ်အိ"

"မိုးချမ်းတို့ကို ရန်ဖြစ်နေကြတယ်မှတ်လို့ ထွက်ကြည့်တာ ... ဘာဖြစ်ကြတာလဲ"

"ဗျာ"

သူရော၊ ဗလပါ အောင့်သက်သက်ဖြစ်သွားကြသည်။ သူတို့အဖြစ်က ငါးစိမ်းသည်တွေရန်ဖြစ်သလို တော်တော့်ကို နူတ်ကြမ်း၊ လျှာကြမ်းဖြစ်နေပြီလား။ ဗလက ...

"အဟဲ၊ ဘာမှမဖြစ်ပါဘူး၊ ပျင်းလို့ ... ကစားလာကြတာ"

"ရှင်"

"ဒါနဲ့ ဒေါ်အိ"

"ပြော ... မိုးချမ်း"

"သဒ္ဒါက ပြန်မလာသေးဖူးလားဗျ"

"နောက်တစ်ပတ်မှ ပြန်လာမှာတဲ့"

"မရတော့ဘူးဗျာ၊ ကျွန်တော် ပုသိမ်လိုက်သွားမယ်"

"ဟာ ... ဘယ်လိုဖြစ်နေလဲ မိုးချမ်းရဲ့ ... အချိန်တန် လာမှာပေါ့၊ ရှင် တော်တော်အကဲပိုနေပါလား"

"ဩော ... ခင်ဗျားက မချစ်ဖူးသေးတော့ ... ဒီလိုပဲ ပြောမှာပေါ့ ဒေါ်အိရဲ့"

"တော်ပါ၊ ရှင်တို့ကိုကြည့်ပြီး စိတ်ကုန်လွန်းလို့ ... အေးအေးပဲ နေပါရစေတော့ ..."

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက အေးပေမယ့် ကျွန်တော်က မအေးနိုင်ဘူးဗျ၊ သဒ္ဒါက ကျွန်တော် ဖုန်းဆက်တော့လည်း မပြောချင်သလိုလို၊ ပြောချင်သလိုလိုနဲ့၊ အကြောင်းစုံသိတာတောင် ပြန်မလာတာ ဘာသဘောလဲ"

"အလိုတော်၊ အခု ရှင်က ကျုပ်ကို ရန်ထောင်နေတာ လား"

"အဟဲ ... မဟုတ်ပါဘူး၊ ဒေါ်အိက သဒ္ဒါကို နားချမပေး ဘူးလား"

"ပေးပါ့၊ သူ့ဖာသာသူ မလာသေးတာကို"

"ဒါကြောင့် လိုက်သွားမယ်လို့ပြောတာပေါ့"

"တာ်းမရလည်း သဘော၊ ပြီးမှ ဟိုက ရိုက်လွှတ်လည်း ကိုယ့်ထိုက်နဲ့ကိုယ့်ကံပဲ"

"ဒေါ်အိပဲပြောတာလေ၊ သဒ္ဒါလည်း ကျွန်တော့်ကို ချစ် နေတယ်ဆို၊ ဒါဆို ဘယ်ရိုက်မလဲ"

"ကျုပ်က ဖြစ်နိုင်တယ်ပဲပြောတာလေ"

"သိဘူး၊ ဘာပဲဖြစ်ဖြစ် လိုက်သွားမှာပဲ"

"ဒါဆိုလည်း ကြိုက်တဲ့လမ်းကသာ ကြွ"

ဒေါ်အိက ပြောပြီး စိတ်ဆိုးမာန်ဆိုးဖြင့် တံခါးကို ဝုန်းခနဲ ပိတ်သွားသည်။ ဗလက ...

"မင်းတော့ ထောင်နှုတ်ခမ်းနဲ့ နီးပြီ မန်းချိုး၊ ငါ ကဲတယ် ဆိုတာ မင်းလောက်တောင် သရုပ်မပျက်ဖူးကွ"

"ဟ ... ငါက ငါချစ်တဲ့တစ်ယောက်ပဲလေ၊ မင်းသာ ရည်း စားကြီး ငုတ်တုတ်ရှိရဲ့နဲ့ တွေ့သမျှ၊ မြင်သမျှမိန်းမလေးတိုင်း

www.burmeseclassic.com



လိုက်ပတ်သက်ချင်နေတဲ့ဥစ္စာ”

“ဘာပဲဖြစ်ဖြစ်၊ နည်းနည်းလေးတော့ ဣန္ဒြေဆည်ဦးမှပေါ့၊ အခု မင်းဖြစ်နေပုံက ခုနက ခွေးလိုပဲ၊ နည်းနည်းမှ ဂရုမစိုက်ဘူး”

“အွန်”

------ooooo------

www.burmeseclassic.com

www.burmeseclassic.com

## [တစ်ဆယ့်ခြောက်]

"သမီးရေ၊ ဧည့်သည်လာတယ်၊ သမီးနဲ့တွေ့ချင်လို့တဲ့"

မေမေ့စကားကြောင့် သဒ္ဒါ စဉ်းစားမရ ဖြစ်သွားသည်။ ဒီတာသူငယ်ချင်းတွေလာလျှင် မေမေက ဧည့်သည်လာတယ်မပြော ပါ။ ဘယ်သူဘယ်ဝါ လာတယ်ဟုသာ နာမည်တပ်ပြောသည်။

"ဘယ်သူလဲ မေမေ"

"မိုးချမ်းမြေ့တဲ့"

"ရှင်"

တွေ့လိုက်ရသော ဧည့်သည်ကြောင့် သဒ္ဒါ မျက်လုံးပြူး သွားသည်။

"မိုးချမ်း၊ ရှင် ... ရှင်"

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုမြင်သည်နှင့်တရှင်ရှင်ဖြစ်ကာ ထိတ်လန့်အံ့ဩသွားသော ရှင်မလေးကို ကြည့်ရင်း အတိုင်းမသိချစ်မြတ်နိုးသွားသည်။ သူက ရှင်မလေးကို "မင်းဘယ်ပြေးမလဲ မိချိုသဲ" ဆိုသောအပြုံးဖြင့် စိုက်ကြည့်နေလိုက်သည်။ ပြီးမှ ...

"အဝေးကလာတဲ့ ဧည့်သည်ကို အိမ်ထဲဝင်မထိုင်ခိုင်းတော့ဖူးလား သဒ္ဒါရဲ့"

"ရှင့်ကို ကျွန်မ ဖိတ်ခေါ်မထားဖူးလေ"

"မခေါ်ဘဲလာတဲ့ဧည့်သည်ဆိုလည်း ယဉ်ကျေးမှုအရ ထိုင်ခိုင်းရမှာပဲ မဟုတ်လား"

"နေစမ်းပါဦး၊ ရှင်က ဒီအထိလာပြီး ဘာကိစ္စလဲ"

"သိချင်ရင်တော့ ပြောပြရသေးတာပေါ့၊ ဒါပေမယ့် ... ဒီအချိန်၊ ဒီနေရာ၊ ဒီလိုကြီး ပြောလို့တော့ အဆင်မပြေဘူး"

"ဖြစ်ရပြန်ပြီ"

သူ့စကားကြောင့် သဒ္ဒါက အတော် စိတ်ရှုပ်သွားပုံရသည်။ မျက်စောင်းထိုးရင်း အိမ်ထဲခေါ်ရအခက်၊ မခေါ်ဘဲနေရအခက်နှင့် ဝေခွဲမရ ဖြစ်နေပုံရသည်။

"ဟဲ့ သမီး၊ သူငယ်ချင်းကို အိမ်ထဲဝင်ထိုင်ခိုင်းလေ၊ ဘယ့်နှယ် အပေါက်ဝမှာ မတ်တတ်ကြီး စကားပြောနေရတာလဲ"

သဒ္ဒါ့မိခင် လှမ်းအော်မှ ထွက်ပေါက်ရသလို ဖြစ်သွားသည်။

"ရှင်နဲ့တော့ ဒုက္ခပါပဲ၊ လုပ်ချင်ရာတွေကို စွတ်လုပ်နေတော့တာပဲလား"

"ဘာလုပ်လို့လဲ' ကိုယ် မင်းကို ဖုန်းဆက်ပြီးခေါ်သားပဲ

www.burmeseclassic.com


မင်းက ပြန်မှ မလာတာ ...”

“ရှင် ... ပြောချင်ရာတွေ စွတ်ပြောမနေနဲ့ ... ကျွန်မ အမေ ကြားသွားလို့ ... ရန်ကုန်ကို လုံးဝ ပြန်မလာရဘဲ ဖြစ်နေမှ ဟုတ်ပေ့ဖြစ်နေဦးမယ်”

“အင်းပါ၊ ကိုယ် နားလည်ပါတယ်”

သူက မင်းတွေ၊ ကိုယ်တွေသုံးနှုန်းပြောဆိုနေသည်မို့ သဒ္ဒါက ခပ်မဲ့မဲ့ပြုံးလိုက်တာ တွေ့ရသည်။

“ကဲ ... ထိုင်၊ ရှင်၊ ထမင်းစားခဲ့ပြီလား”

“ဟင့်အင်း”

“ဒါဆို ဒီမှာ ထမင်းစားသွား၊ ပြီးရင် ပြန်”

“တော်ပါပြီ၊ မစားပါဘူး၊ ကိုယ့်ယောက္ခမအိမ်မှ မဟုတ်သေးတာ ... မစားရဲသေးပါဘူး၊ ရှက်တယ်”

“အောင်မာ၊ ပြောထားရဲ့နဲ့ ပေါက်ကရတွေ ပြောနေပြန်ပြီ”

“သဒ္ဒါ မေမေ မကြားပါဘူး၊ ဟိုမှာ သူ့ဟာသူ ဘာတွေ အလုပ်ရှုပ်နေလဲ မသိဘူး”

“အလုပ်ရှုပ်ချင်ယောင်ဆောင်ပြီး ကျွန်မတို့ကို အကဲခတ်နေတာရှင့်”

“ဒါဆိုလည်း ကောင်းတာပေါ့၊ ဒါမှ ရွှေသမက်၊ ငွေသမက်လေးကို တွေ့ပြီး တစ်ခါတည်း သဘောကျသွားမှာ ...”

“ဩော် ... ရှင်က တော်တော့်ကို အူမြူးကြွနေတယ်နော်၊ ဘယ်သူကများ မြှောက်ပေးလိုက်တာလဲ”

“ဘယ်သူက မြှောက်ပေးရမှာလဲ၊ အချစ်ကပေါ့”

www.burmeseclassic.com

www.burmeseclassic.com



"ရှင်၊ တော်တော့်ကို အတင့်ရဲလှပါလား၊ ထမင်းမစားရင်လည်း ကော်ဖီသောက်ပြီး ပြန်တော့ ..."

"ဒီမှာ ရှင်မလေး"

"ဘာရှင့်"

"အဲ ... ယောင်လို့ သဒ္ဓါရယ်၊ ကိုယ့်ကို မသနားဘူးလား၊ ဒီမှာ ဘယ်လောက် ... "

"တော်တော့၊ အမေတို့ကြားလိမ့်မယ်"

"ဒါဆို ... အပြင်သွားမယ်လေ၊ အပြင်ရောက်မှ ပြောကြတာပေါ့"

"ရန်ကုန်ရောက်မှ ပြောပါလားရှင်၊ ဒီပုံအတိုင်း ကျွန်မအပြင်ထွက်လို့ လွယ်ပါ့မလား၊ ဒါကို ရှင်၊ ထည့်စဉ်းစားဦးလေ"

"ဆောရီး သဒ္ဓါရယ်၊ ကိုယ် စိတ်စောသွားတယ်၊ ဒါဆို မနက်ဖြန် ပြန်လာမလား"

"ချက်ချင်းဆို မေမေတို့ ရိပ်မိသွားမှာပေါ့၊ သဘက်ခါ မနက်ပြန်လာပါ့မယ်၊ ဒါဆို ပြီးရောမဟုတ်လား၊ ရှင်၊ ဒီလောက်တော့ ကျွန်မကို စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်နဲ့ ..."

"အင်းပါလေ၊ ကိုယ့်ကြောင့် သဒ္ဓါ စိတ်အနှောင့်အယှက်ဖြစ်တယ်ဆိုရင်လည်း ပြန်ပါတော့မယ်"

"ဟင်၊ ရှင်က ယောကျ်ားကြီးတန်မဲ့ စိတ်ကောက်တတ်သေးသလား"

"ယောကျ်ားကြီးလည်း အသည်းနဲ့ပဲဟာ"

"ကဲပါ၊ ခဏထိုင်နေဦး၊ ကျွန်မ ကော်ဖီသွားဖျော်လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို သဒ္ဒါက ထသွားသည်။ သဒ္ဒါမိခင်က သူ့ကိုလိုလို၊ သဒ္ဒါကိုလိုလိုဖြင့် လှမ်းမေးသည်။

"သမီးသူငယ်ချင်းက ဘယ်သူလဲ၊ အရင်က မမြင်ဖူးပါဘူး၊ ရန်ကုန်ကလား"

သူကပဲ ဖြေလိုက်ပါသည်။

"ဟုတ်ကဲ့အန်တီ၊ အခုလောလောဆယ်တော့ ရန်ကုန်ကလို့ပဲ ပြောရမှာပါပဲ၊ ကျွန်တော်လည်း နယ်ကနေ ရန်ကုန်မှာ အလုပ်လာလုပ်တာပါ"

"အေးကွယ်၊ မင်းတို့ခေတ်က လူငယ်တွေက ကိုယ့်အိမ်၊ ကိုယ့်နယ်မှာ မပျော်ကြဖူး၊ မိဝေးဖဝေးမှာနေပြီး အလုပ်လုပ်ချင်ကြတယ်၊ အလုပ်ဆိုတာ ကိုယ့်နယ်မှာလည်းကိုယ် လုပ်လို့ရပါတယ်"

"ဒါတော့ အန်တီရယ်၊ မြို့ကြီးပြကြီးမှာက ပိုပြီး အမြင်ကျယ်သလို၊ ပိုပြီး တိုးတက်ဖို့ အခွင့်အလမ်းတွေ ရှိတာကိုး ... ကျွန်တော်တို့က တိုးတက်ချင်တဲ့လူတွေမဟုတ်လား"

သူက အခွင့်အရေးပေးတုန်း အမှတ်ဝင်ယူလိုက်သည်။ သဒ္ဒါမေမေ သဘောကျသွားမှာတော့ အမှန်ပင်။

"အေးလေ၊ ကြိုးစားပေါ့ကွယ်၊ ဒါမှ ... သူများထက် အောက်မကျမှာ ... အခု ... ပုသိမ်ကို ဘာကိစ္စနဲ့ လာတာလဲကွယ့်"

ရုတ်တရက်မို့ သူ, ဘာပြန်ဖြေရမှန်းမသိ ဖြစ်သွားသည်။ ဒါနဲ့ ...

"ကုမ္ပဏီအတွက် ဈေးကွက်လာကြည့်တာပါ အန်တီ၊ အဲဒါ ဒီရောက်တုန်းဆိုတော့ ... သဒ္ဒါ့ဆီ ဝင်လည်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... အေးကွယ်၊ ထမင်းစားပြီးမှ ပြန်လေ"

"ကျေးဇူးတင်ပါတယ် အန်တီ၊ ထမင်းတော့ မစားတော့ပါဘူး၊ အလုပ်ကိစ္စလေးတွေရှိလို့ ခဏဆို ပြန်မှာပါ"

ကော်ဖီဖျော်ပြီး မီးဖိုချောင်ထဲကထွက်လာသော သဒ္ဒါက သူ့ကို မျက်စောင်းလှမ်းထိုးသည်။

မေမေက ပြုံးကာ ခေါင်းတညိတ်ညိတ်လုပ်နေသည်။ မေမေ့အပြုံးက "အမေလည်း ငယ်ရာကကြီးလာတာပါ" ဟု ဆိုနေသယောင်ယောင်။ သဒ္ဒါ့ပုံစံက ရှက်ဝဲဝဲဖြစ်နေပုံရသည်။

သဒ္ဒါ အနေမခက်စေရန် ကော်ဖီသောက်ပြီး မြန်မြန်ပြန်ရန် သူ တွေးမိသည်။

"ယောက္ခမလောင်းကြီးက သဘောကောင်းတယ်နော်"

"ရှင်"

သူက အဖွားကြီး မီးဖိုဘက်ထွက်သွားတုန်း သဒ္ဒါ့ကို တိုးတိုးလေး ပြောလိုက်သည်။

"သဒ္ဒါ တရှင်ရှင် လုပ်ပုံနဲ့တော့ ... သူခိုးလူမိဖြစ်မှာ သေချာတယ်ဗျ"

မဖြစ်ချေ။ သူ သဒ္ဒါ့ကို ရည်းစားစကားပြောလျှင် ထောက်ကြံ့သချိုင်းလိုနေရာမျိုး သွားပြောမှ ဖြစ်ပေမည်။

------ooooo------



www.burmeseclassic.com

www.burmeseclassic.com

[တစ်ဆယ့်ခြောက်]

"နေပါဦး သဒ္ဒါရဲ့ ... အနောက်က ကျားလိုက်နေတဲ့ အတိုင်းပဲ"

"ကျားထက်ဆိုးတဲ့သူလိုက်လို့ပေါ့"

"ပြောရက်လိုက်တာ ရှင်မရယ်"

"ရှင်နော် ... တော်တော်အသားယူနေပါလား"

"ဟင် ... သဒ္ဒါပဲ တရှင်ရှင်နဲ့ဆိုတော့ ရှင်မပေါ့၊ ကိုယ် ပြောတာမှားလို့လား"

"စကားတတ်တိုင်း လျှောက်ပြောမနေနဲ့"

"တကယ်ပါ သဒ္ဒါရယ်၊ ကိုယ်လေ မင်းမရှိလို့ဖြစ်ဘူး ထင်ရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ... ကျွန်မက ဘာလုပ်ပေးရမှာလဲ"

"ကိုယ်လေ ... တွေ့စကတည်းက သဒ္ဒါကိုပဲ ချစ်ခဲ့မိတာပါ သဒ္ဒါရယ်"

"ဩော် ... ကြည်နူးပြောတာတော့ အဲသလို မဟုတ်ပါဘူး၊ ရှင်က သူ့ကို သွားသွားရောတာဆို"

"သူပြောတဲ့စကားကို ယုံသလား၊ ကိုယ့်စကားကို ယုံသလား၊ အဲဒီအကြောင်း ရှင်းပြပြီးပြီလေ"

"တော်ပါ"

"အဟီး ... ကံကောင်းလို့ သဒ္ဒါနဲ့ဝေးရတော့မလို့"

"အံမယ် ... ခုရောနီးပြီလို့ ရှင့်ကို ဘယ်သူပြောလဲ"

"အဲ့ဒီလိုတော့ မရက်စက်ပါနဲ့သဒ္ဒါရယ်၊ ကိုယ်က အဝေးကြီးက တစ်ယောက်တည်း လာနေရတာ ... အားငယ်တတ်တယ်"

သူက မျက်နှာလေးကို ဖီးရွက်လောက် ငယ်ပြလိုက်သည်။

"ထားပါတော့ ... ရှင့်ရဲ့ မလည်ရှုပ်ပုံစံကြောင့် အဓိပ္ပါယ်က တစ်မျိုးထွက်နေပြီ၊ ကြည်နူးက ရှင် သူ့ကို ကြိုက်တယ်ဖဲထင်နေတာ"

"ကိုယ် ပွင့်ပွင့်လင်းလင်းပြောပြလိုက်မယ်လေ"

"ဟာ ... အဲ့လိုပြောလို့တော့ ဘယ်ဖြစ်မလဲ' ကြည်နူးအရမ်းရှက်သွားမှာပေါ့"

"ဒါဆို တစ်နည်းပဲရှိတယ်"

"ဘယ်လိုလဲ'"

"ကိုယ်တို့နှစ်ယောက် အမြန်လက်ထပ်လိုက်မယ်လေ'

"ဟင် ... ဘာဆိုင်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com


"ဪ ... ဘာလို့မဆိုင်ရမှာလဲ သဒ္ဒါရဲ့ ... အဲဒါဆို ပါးစပ်တွေအကုန်လုံး သူ့အလိုလို ပိတ်သွားကြလိမ့်မယ်"

"တော်ပါ၊ ရှင်၊ နစ်နာနေပါဦးမယ်"

"ကဲပါ သဒ္ဒါရယ်၊ ကိုယ်က ချက်ချင်းကြီး ပြန်ချစ်ခိုင်းနေတာမဟုတ်ပါဖူး၊ အဖြစ်မှန်ကို သဒ္ဒါသိသွားပြီး နားလည်ရင်ပြီးတာပါပဲ၊ ကျန်တဲ့ကိစ္စကတော့ နောက်မှ ဆွေးနွေးကြတာပေါ့"

"ရှင် ... အဲ ဘာကိစ္စကျန်သေးလို့လဲ"

"အဲသလိုတော့ အတည်ပေါက်ကြီးနဲ့ မနောက်ပါနဲ့ သဒ္ဒါရယ်၊ ကိုယ်က အသည်းနုလို့ပါ"

"ဟုတ်ပါပြီ ကိုအသည်းနုရယ်၊ ရှင် သွားစရာရှိတာ သွားပါတော့ ... ကျွန်မ စဉ်းစားချိန်တန်ရင် စဉ်းစားပေးပါ့မယ်၊ အခုတော့ အေးအေးဆေးဆေးနေပါဦး၊ အချိန်တွေရှိပါသေးတယ်၊ ဟုတ်ပြီလား"

"အင်းလေ၊ ခုတော့ ... ဒီလောက်နဲ့ပဲ ကျေနပ်လိုက်ပါ့မယ် သဒ္ဒါရယ်"

သဒ္ဒါက မျက်စောင်းရွရွလေးထိုး၍ ထွက်သွားလေသည်။ သူ့ မျက်စိတစ်ဆုံးငေးမောကြည့်ရင်း ကျန်ရစ်ခဲ့သည်။ အင်း ... အနာဂတ်က မဝေးတော့ပြီပဲ။ သူ့ တွေးရင်း ရင်တစ်ချက်ခုန်သည်။ အချစ်သည် တစ်ခါတရံ၌ လူကို ခွန်အားတွေလည်း ပေးစွမ်း၏။ အားမာန်သစ်တွေလည်း ဖြစ်ထွန်းစေ၏။

သူသည် နောက်ပိုင်းကာလများ၌ နေ့စဉ်နှင့်အမျှ သဒ္ဒါကို အရိပ်လို စောင့်ကြည့်နေမိသည်။ သဒ္ဒါနှင့်ပတ်သက်လာလျှင် ဘာမွှကိသည်လည်းအရေးမကြီး၊ အလုပ်မပြီးတာလည်း အရေး

www.burmeseclassic.com

www.burmeseclassic.com



မကြီး၊ အချိန်နှောက်ကျတာလည်း ဂရုမစိုက်နှင့် ဖြစ်လာသည်။ ထို့ကြောင့် ... အလုပ်မှ သတိပေးခြင်းကို မကြာခဏ ခံနေရသည်။ ဒါကို သဒ္ဒါသိသွားတော့ သူ့ကို ဆူပူပြစ်တင်မာန်မဲလေတော့သည်။

"ရှင်က အလုပ်ကို ဘယ်လိုလုပ်နေတာလဲ၊ အများနဲ့လုပ်ရတဲ့အလုပ် ပေါ့ပျက်ပျက်နဲ့ ကလေးကစားသလို သွားလုပ်မနေနဲ့လေ၊ အလုပ်တစ်ခုကို လေးလေးစားစား၊ အပိုးကျိုးကျိုးလုပ်မှပေါ့၊ မဟုတ်ရင် ရှင့်ကို ဘယ်နေရာ သွားသုံးစားမလဲ"

"အဲဒါ သဒ္ဒါ့ကြောင့်"

"ဘာ"

"အောင်မလေး အော်လိုက်တာ သဒ္ဒါရယ်၊ လန့်သွားတာပဲ၊ ကိုယ်ပြောချင်တာက ..."

"ဘာမှ မပြောနဲ့ ... ရှင့်ဖာသာရှင် အလေနတောလုပ်တာကို ကျွန်မအပေါ် အပြစ်ပုံချတယ်ပေါ့ ဟုတ်လား"

"မဟုတ်ရပါဘူး သဒ္ဒါရယ်၊ ကိုယ်လေ သဒ္ဒါ့ဆီက အချစ်ကို ပိုင်ပိုင်နိုင်နိုင်မရမချင်း ရတက်မအေးလွန်းလို့ပါ သဒ္ဒါရယ်"

"ဖြစ်ရပါပြီ၊ ရှင့်ကိုစွမှာ ကျွန်မက ဘာလို့ ပါနေရတာလဲ"

"ချစ်လို့ပါ"

"ရှင်နော် ... ကဲပါ၊ ရှင့်ကို ကျွန်မ ပြောမယ်၊ သေချာနားထောင်၊ နောက်ထပ် အလုပ်က ဘာသံ ညာသံမကြားချင်ဘူး၊ ရှင်, အလုပ်ကို ကြိုးကြိုးစားစားလုပ်၊ အဲဒါဆို သိပ်မကြာခင် ရှင့်ကို ကျွန်မ အဖြေပေးပါ့မယ်၊ အဲ ... တစ်ခုတော့ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှုများလဲ သဒ္ဒါရယ်၊ ကိုယ့်မှာ ဝမ်းသာရတော့မလိုလို ခဲ့ အကယ့်ကို တထိတ်ထိတ်ပါပဲလား"

"နားထောင်ပါဦး၊ ကျွန်မ ဆိုလိုတာက ဒီကြားထဲ ကျွန်မ စိတ်တိုင်း မကျရင်တော့ ... ဆောရီးပဲနော် ကိုမိုးချမ်းမြေ့"

*"စိတ်တိုင်းကျ၊ ချစ်သူ စိတ်တိုင်းကျ ဖြစ်စေရပါ့မယ်ဗျာ"*

"ဟွန်း"

------ooooo------

www.burmeseclassic.com

www.burmeseclassic.com

## [တစ်ဆယ့်ခုနစ်]

"ဟဲ့ မိုးချမ်း၊ သဒ္ဒါက သူ့အိမ်က လှမ်းခေါ်လို့ ပုသိမ် ပြန်သွားတယ်"

သူ့ကိုမြင်တော့ ဒေါ်အိက လှမ်းပြောသည်။ ဒေါ်အိဘေး၌ ကြည်နူးကိုပါ တွေ့ရသည်။ သူ့ကိုတွေ့တော့ ကြည်နူးက ခေါင်းကို ငုံ့ထား၏။ ဘာမှလည်း မဆိုင်ဘဲ သူ့မှာ နှုတ်ဆက်ရ မလို၊ နှုတ်မဆက်ရမလိုနှင့် အတော့်ကို ကိုးရိုးကားယားနိုင်လှ သည်။ ဒီကြားထဲ ဒေါ်အိစကားကြောင့် သူ့ရင်ဘတ်ထဲက အောင့် သွားရပြန်သည်။

"သဒ္ဒါက ကျွန်တော့်ကိုတောင် ဘာမှ ပြောမသွားဘူး"

"ရှင့်ကိုတွေ့ရင်တော့ ပြောလိုက်ပါလို့ ကျွန်မကို မှာသွား ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာမျှားဖြစ်လို့ပါလိမ့်"

"အဲဒါ သူလည်းမသိဘူး၊ ခေါ်လို့သာ ကတိုက်ကရိုက် ပြန်သွားရတာ ... ပြန်လာမှပဲ အကျိုးအကြောင်း သိရတော့မယ်"

"အင်းလေ၊ သူက ဆရာမကြီးပဲ၊ ဘာမျှားတတ်နိုင်မှာ မို့လဲဗျာ"

"ကဲပါ၊ ဒါလေးနဲ့ မျက်နှာကြီးက ဖြစ်မသွားပါနဲ့ ... တစ်သက်လုံး ပြန်မလာမှာလည်း မဟုတ်ဘဲ"

"ဖြစ်နိုင်ရင် ကျွန်တော်က တစ်စက္ကန့်တောင် မခွဲချင်တဲ့ သူပဲလေ"

"ရှင်တို့ယောကျ်ားတွေမျှား ... လျှာအရိုးမရှိတိုင်း သိပ်ပြောတတ်တာပဲနော်၊ ယုံစရာရော ရှိလို့လား"

"ဒါတွေကို မချစ်တတ်တဲ့ ဒေါ်အိ ဘယ်နားလည်မလည်လေ၊ နားလည်ချင်ရင် ဒေါ်အိလည်း ချစ်ကြည့်ပေါ့"

သူ့စကားကြောင့် ပန်းကြည်နူးမျက်နှာ ရဲခနဲဖြစ်သွားတာကို သတိထားမိသည်။ သူ့စကား မှားသွားပြီလား။

"အခုလို ပြောပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော်တို့ မင်္ဂလာဆောင်ကျရင် အဝသာစား သိလား ဒေါ်အိ"

"စွမ်းမယ်ထင် လုပ်လိုက်စမ်းပါလေ"

ဒေါ်အိကလည်း မခေပါ။ ပျော်ပျော်နေတတ်သည်။ အလိုက် အထိုက်လည်း ပေါင်းတတ်၊ သင်းတတ်သည်။ သူ့ ထွက်လာတော့ ပန်းကြည်နူးကို နှုတ်မဆက်တော့ပါ။ တော်ကြာ ရောဘယ်ထင်မှာ စိုးရသည်။ တစ်ခါသေဖူး ပျဉ်ဖိုးနားလည်ပါပြီ။

သူသည် ဒီနေ့တော့ အလုပ်ကို စောစောစီးစီး ရောက်နေ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ မန်နေဂျာက 'ဒီလိုမှပေါ့'ဟူသော အကြည့်မျိုးဖြင့် သူ့ကို ကြည့်သည်။ သူ, လှလှပပလေး ပြုံးပြလိုက်ပါသည်။ သူ့ဝန်းကျင်မှာ ချစ်သူ မရှိလည်း ချစ်သူ့စကားကို မြေဝယ်မကျနားထောင်ရမည်မဟုတ်ပါလား။ အင်း ... မိဘတွေသာ ဒီအကြောင်းသိလျှင် သူ့ကို ဗိုက်ထဲ ပြန်သွင်းချင်စိတ် တကယ့်ကို ပေါက်သွားကြပေလိမ့်မည်။

ချစ်သူအရိပ်ကလေးကို မမြင်ရတာ နှစ်ရက်သုံးရက်ကြာလာတော့ အလွမ်းစိတ်က ကြီးစိုးလာပြန်သည်။ ချစ်သည်၊ လွမ်းသည်၊ တွေ့ချင်သည်၊ မြန်မြန်နီးချင်သည်။

ညနေ လေးနာရီလောက်မှာတော့ ဒေါ်ကြီးဆီက ဖုန်းသတင်းဝင်လာသည်။ သဒ္ဒါပြန်ရောက်နေပြီ ဆိုပါလား။

သို့နှင့် ... အလုပ်ကနေ သူ, ခပ်စောစောလေး လစ်ထွက်လာခဲ့သည်။ ချစ်သူလေးကို တွေ့ချင်လှပြီမဟုတ်လား။ သူ, စောစောပြန်သွားတာကို မန်နေဂျာသိလျှင်တော့ မနက်ဖြန်အလုပ်ဆင်းလျှင် ကြိမ်းမောင်းဆူပူခံရပြန်ဦးမည်။ မတတ်နိုင်တော့ ...။

သူတို့နေသော တိုက်ခန်းတွေရှေ့ရောက်တော့ လှေကားထစ်တွေကို ပေါ့ပါးသွက်လက်စွာ ကျော်တက်နေမိသည်။ အမော်လွန်ပြီး နေ့စဉ် တွေ့နေကျ ခွေးကိုတောင် ဘာမဆိုင်ညာမဆိုင် ပြုံးပြလိုက်မိသေးသည်။

သဒ္ဒါတို့ တိုက်ခန်းရှေ့ရောက်တော့ အားမနာနိုင်တော့ဘဲ တံခါးကို ခပ်သွက်သွက်ပင် ခေါက်လိုက်မိသည်။ တော်ပါသေးရဲ့ ... တံခါးလာဖွင့်ပေးသူက ဒေါ်အိ။

"ဟဲ့ မိုးချမ်း၊ ခုနလေးကပဲ သဒ္ဒါ အိပ်ပျော်သွားတယ်

www.burmeseclassic.com


သူ့ကိုကြည့်ရတာ မလန်းဘူး၊ တစ်ခုခုဖြစ်လာသလိုပဲ၊ မျက်နှာလည်း မကောင်းဘူး၊ ပြီးတော့ ...”

“ဟုတ်ပါပြီ၊ ပြောမှာသာမြန်မြန်ပြောစမ်းပါ ဒေါ်အိရယ်”

“ပြောနေတာပဲ၊ နင်ကလည်း ... သူလည်း နင့်ကို တွေ့ချင်တယ်တဲ့၊ ပြောစရာ ရှိပုံပဲ”

“ဒါများဗျာ၊ အခုချက်ချင်း သဒ္ဒါကို နှိုးပေး ဒေါ်အိ”

“သူ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတာ အိပ်ပါစေ မိုးချမ်းရယ်၊ နိုးလာတော့မှ ဝရန်တာကနေ ငါ ကြိုးဆွဲလိုက်ပါ့မယ်၊ နင်က သဒ္ဒါကို ချစ်တယ်ပြောပြီး သနားကြင်နာစိတ်ကို မရှိဘူး”

“ဒါတွေမသိဘူး အပျိုကြီးရဲ့၊ တွေ့ချင်တာပဲ သိတယ်”

“သေလိုက်”

ဒေါ်အိက အနိုင်နှင့်ပိုင်းပြီး တံခါးကို ဆောင့်ပိတ်သွားသည်။ မချစ်ဖူးသူတွေက ချစ်ဖူးသူတွေကို အမြင်ကပ်တာ အဆန်းတော့ ဟုတ်မည် မထင်ပါ။

သူသည် မချင့်မရဲဖြင့် အပေါ်သို့ ဆက်တက်လာခဲ့သည်။ အိမ်ထဲဝင်ဝင်ချင်း ဒေါ်ကြီးက ...

“မင်းလည်း ရန်ကုန်မြို့ အလုပ်လုပ်မယ်ဆို တက်လာပြီး အတွေမှန်းမသိ ရှုပ်နေတာပဲ၊ မိန်းမရင်လည်း မြန်မြန်ရမှ နားအေးမှာပဲ”

“သွားစမ်းပါကွာ၊ ဆရာကြီး လာလုပ်မနေစမ်းပါနဲ့”

“ငါ .........”

ဒေါ်ကြီးက သူ့ကို တစ်တစ်ခွခွဆဲသည်။ ပြီးမှ ...

“နေစမ်းပါဦး၊ ဖင်းနဲ့မြသဒ္ဒါယုက ဘယ်အခြေအနေ


www.burmeseclassic.com

www.burmeseclassic.com



ရောက်နေပြီလဲ”

“ဒါတွေ မင်း သိစရာမလိုပါဘူး”

“တောက် ... သေနာကျလေး”

ဒေါ်ကြီး တော်တော်တင်းသွားသည်။

“တစ်ခုခုဆို ငါ့ ဘာမှ လာမပြောနဲ့နော်၊ မင်းထိုက်နဲ့ မင်းကံပဲ”

ဒီလိုကျတော့လည်း မဖြစ်သေးချေ။ တော်ကြာ ... အရေးအကြောင်းဆို ဒီကောင်တွေပဲ အားကိုးရမှာ အမှန်ပင်။

“သယ်ချင်းကလည်းကွာ၊ စိတ်ကြီးပဲ၊ ငါက ချစ်လို့ ကျီစားတာပါ၊ အဟဲ”

ချော့တော့လည်း ဒေါ်ကြီးက ပျော့သွားသည်ပင်။ အလွန် အင်မတန် ပျော့လွယ်သော ဒေါ်ကြီးပါတကား။

သူသည် ရေပင်မချိုးနိုင်ဘဲ ဒေါ်အိဆွဲလာမည့် ခေါင်းလောင်းသံကို နားစွင့်နေမိသည်။ ဒေါ်ကြီးက သူ့ကိုကြည့်ပြီး ‘ဒုက္ခ ဒုက္ခ ဩော် ဒုက္ခ’ဟု ညည်းသည်။ သူ့ ဘာမှ ပြန်ပြောမနေပါ

“ကလင်”

ဟော ... ခေါင်းလောင်းဆွဲသံ။

“နေ နေ၊ ဒေါ်ကြီး၊ ငါ ထွက်ကြည့်လိုက်မယ်”

ဝရန်တာသို့ ခြေလှမ်းပြင်နေသော ဒေါ်ကြီးကို အ... အသန်တားကာ သူ့ အပြေးတစ်ပိုင်းထွက်ခဲ့သည်။ အောက်ထပ် ဝရန်တာကို ငုံ့ကြည့်လိုက်တော့ ဒေါ်အိ။

“ဆင်းခဲ့”

ဒေါ်အိက လက်ဟန်ခြေဟန်ပြ၍ သူ့ကို ...မ်းခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဝုန်း'ခနဲနေအောင် သူ့ ပြေးထွက်သွားတော့ ဒေါ်ကြီးက အလန့်တကြားလိုက်ကြည့်နေရှာသည်။

"လှေကားကို ဖြည်းဖြည်းဆင်း၊ မသာပေါ်နေဦးမယ်"

မကြားတော့။ ခုနေ ... သူ့ကို ဘယ်သူဘာပြောပြော မကြားတော့ပါ။

ဒေါ်အိတို့အခန်းရှေ့ရောက်တော့ တံခါးဝတွင် အဆင်သင့်စောင့်နေသော သဒ္ဒါကို တွေ့ရသည်။ သဒ္ဒါက ...

"အင်းယားကန် သွားရအောင်၊ မိုးချမ်း အားတယ် မဟုတ်လား"

"သိပ်အား၊ အရမ်းအားပေါ့ သဒ္ဒါရယ်"

"သွား သဒ္ဒါရေ၊ သူ့မှာ အဲသလိုအားချင်လွန်းလို့ နေ့တိုင်းကို စောင့်နေတာ"

ဒေါ်အိက ဝင်ပြောသည်။ သဒ္ဒါက ခပ်ယဲ့ယဲ့သာ ပြုံးနေသည်။ ထို့နောက် ... သူနှင့်သဒ္ဒါ အင်းယားကန်ဘက် တက္ကစီတစ်စီးငှား၍ ထွက်ခဲ့ကြသည်။ ဝမ်းသာကြည်နူးစိတ်နှင့် သူက ရွှင်မြူးချင်နေသော်လည်း မှုန်မှိုင်းမှိုင်းဖြစ်နေသော သဒ္ဒါ့မျက်နှာကြောင့် မရွှင်မြူးရဲတော့ပေ။

"သဒ္ဒါ နေမကောင်းဖူးလား၊ မျက်နှာလည်း မကောင်းဖူး"

"နေကောင်းပါတယ်"

"ဒါဆို ဘာဖြစ်လာတာလဲ"

"ပြောပါ့မယ်၊ ပြီးတော့ ... အေးအေးဆေးဆေး ပြောမယ် ခုတော့ ... ဘာမှ မမေးနဲ့ဦး"

သဒ္ဒါ့စကားကြောင့် သူ့ ငြိမ်နေလိုက်သည်။ ကန်ဘောင်

www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာတွင် အေးအေးဆေးဆေး ထိုင်မိကြတော့မှ သဒ္ဒါက စကားပြောလာသည်။

"အိမ်ကလှမ်းခေါ်လို့ အလောသုံးဆယ် ကျွန်မ ပြန်သွားတာ ..."

"ဒေါ်အိပြောလို့ ကိုယ်, သိထားတယ်"

"အင်း၊ အဲသလို ပြန်ရတဲ့ကိစ္စကို ပြောချင်လို့"

"ပြောလေ"

"အိမ်က ကျွန်မကို အိမ်ထောင်ချပေးမလို့တဲ့"

"ဟင်'"

"ဒီလိုကိစ္စမျိုး အရင်က မရှိခဲ့ဘူး၊ အခုမှ ဘယ်လိုဖြစ်ပြီး ကောက်ခါငင်ခါ ပြောင်းလဲသွားမှန်းမသိဘူး"

"ကိုယ့်ကြောင့်များလား"

"ကျွန်မလည်း စဉ်းတော့ စဉ်းစားမိတယ်၊ ရှင်, ပုသိမ်ကို လိုက်လာပြီးမှ ဒီကိစ္စဖြစ်လာတာပဲလေ"

"ဒုက္ခပါပဲ၊ ဘယ်တော့တဲ့လဲ၊ ဘယ်သူနဲ့တဲ့လဲ"

"ကျောင်းတုန်းက ဖေဖေ့မိတ်ဆွေရဲ့သားလို့ ပြောတာပဲ။ သဒ္ဒါစိတ်မဝင်စားလို့ သေချာမမေးခဲ့ဘူး၊ သူတို့ပြောတာ စိတ်မပါဘဲ နားထောင်ခဲ့တယ်"

"အတင်းအကျပ်စီစဉ်မှာတဲ့လား"

"အဲသလိုတော့ မဟုတ်ဖူး၊ မိဘတွေက သဒ္ဒါကို ရွေးချယ်ခွင့်ပေးထားတယ်"

"ဟုတ်လား၊ ဘာတဲ့လဲ"

"သူတို့ပေးစားတဲ့သူကို ယူချင်ယူ၊ မဟုတ်ရင် အိမ်က

www.burmeseclassic.com

www.burmeseclassic.com



ပြန်လာပြီး အိမ်ကလုပ်ငန်း၊ ဆိုင်ခန်းတွေမှာကူချင်ကူ၊ အဲဒီ နှစ်ခု ထဲက ကြိုက်ရာရွေးတဲ့"

"ဟင်၊ ကိုယ့်အတွက်တော့ တစ်ခုမှ မကောင်းဖူး"

"သဒ္ဒါ့အတွက်လည်း မကောင်းဖူး၊ အဲဒါ အချုပ်သပ်တား၊ ပြီးတော့ ... အိမ်ပြန်သွားရင် အဲဒီလူနဲ့ သဒ္ဒါ့ကို ပေးစားမှာပဲ"

"ဒါဆို သဒ္ဒါက ဘာလုပ်ဖို့ စဉ်းစားထားလဲ၊ ရှုပ်ပါတယ် သဒ္ဒါရာ၊ ခေါင်းစားစိတ်ရှုပ်ခံပြီး ဘာမှ စဉ်းစားမနေနဲ့ ... ကိုယ့် နောက်သာ လိုက်ခဲ့ပေတော့ ..."

"အဲ"

သူ့စကားကြောင့် သဒ္ဒါက ကြောင်အမ်းအမ်း ဖြစ်သွား သည်။ ပြီးမှ ...

"ဘာမှလည်း မဆိုင်ဘဲနဲ့ ... ဘယ်ကိုလိုက်ရမှာလဲ"

"နယ်က ကိုယ့်အိမ်ကိုပေါ့၊ ကိုယ့်နောက်သာ သဒ္ဒါလိုက် လာရင် ဖေဖေနဲ့မေမေက အားရဝမ်းသာဆီးကြိုမှာသေချာတယ်"

"အံမယ်၊ အဟုတ်ကြီးပေါ့"

"အဟုတ်ပြောတာပါ၊ ဖေဖေက ကိုယ့်ကို အိမ်မှာပဲနေပြီး သူ့အလုပ်တွေထဲ ကူလုပ်စေချင်တာ ... တစ်ယောက်တည်းဖြစ် ပြီး၊ သဒ္ဒါနဲ့နှစ်ယောက်တွဲဖြစ်ဖြစ် အိမ်ပြန်လာရင်ပြီးရော ... သူတို့ ပျော်ကြမှာ"

"သဒ္ဒါ စဉ်းစားပါဦးမယ်"

"မြန်မြန်စဉ်းစား၊ တော်ကြာ ဟိုလူ့နောက် ပါသွားဦး မယ် ကြားလား သဒ္ဒါ"

"အင်းပါ"

www.burmeseclassic.com



ထိုနေ့ ဆွေးနွေးပွဲက ညကြမှနှင့် ပြီးသွားခဲ့သည်။ သူ့အတွက် အလားအလာ ကောင်းသည်။ သဒ္ဒါကို နားဝင်အောင် နားချပြီး သူ့ဘက်ပါအောင် ဆွဲရမည်။ မဟုတ်လို့ကတော့ သူနှင့် သဒ္ဒါ တစ်သက်လုံး ဝေးရပေလိမ့်မည်။

အိမ်ပြန်ရောက်တော့ သူ့ဆီကို သတင်းတစ်ခုက ဆီးကြိုနေခဲ့ပြန်သည်။

"ဟေ့ကောင် မန်းချိုး၊ မင်း ဖုန်းမေ့ကျန်ခဲ့တာလား၊ ဒီမှာ မင်းဖားသားကြီးဆက်တယ်၊ မင်း ပြန်ရောက်ရင် ပြန်ဆက်ပါတဲ့"

"တခြား ဘာပြောသွားသေးလဲ ဒေါ်ကြီး"

"ပြောတာပေါ့ကွ၊ မင်းအကြောင်းတွေကို စုံနေအောင် မေးသွားတာပဲ"

"မင်း၊ မဟုတ်မဟပ်တွေတော့ မပြောလိုက်ပါဘူးနော်"

"မပြောပါဘူး၊ အဲ ... တစ်ခုတော့ ပြောလိုက်တယ်"

ဒေါ်ကြီးရဲ့တစ်ခုကို သူ ရင်ထိတ်သွားသည်။

"ဘာလဲ"

"မင်းနဲ့ လေ့ကားက ချွေးမကြီးနဲ့ မတွဲဘူးလို့"

"အာ ... ဒီမသာ"

-----ooooo-----



www.burmeseclassic.com

www.burmeseclassic.com

## [တစ်ဆယ့်ခုနစ်]

“နှစ်ခုထဲက မင်းကြိုက်တာ တစ်ခုကိုရွေး မိုးချမ်း၊ တစ်ခုမှ နားမထောင်ဘဲ ကလန်ကဆန် လုပ်လို့ကတော့ ဒီတစ်ခါ မင်း ငါ့အကြောင်း သိစေရမယ်၊ တစ်သက်လုံး အမွေပြတ်ကို စွန့်လွှတ်ထိုက်မယ်၊ ကြားလားဟေ့ကောင်”

ဩော် ခက်ပဲခက်ရချည်ရဲ့ ...။

သူနှင့် သဒ္ဒါက အဖြစ်ချင်း တိုက်တိုက်ဆိုင်ဆိုင် လာတူနေပါသည်။ သူ့မိဘတွေကလည်း သူ့ကို မိန်းမပေးစားမည်တဲ့။ အဖေ့သူငယ်ချင်းတစ်ယောက်ရဲ့ သမီးနဲ့ဆိုပါလား။ သူတို့ပေးစားသော မိန်းမကို မယူချင်လျှင် အိမ်ပြန်လာပြီး အိမ်ကလုပ်ငန်းတွေ ကူလုပ်ရမည်တဲ့။

ထိုနှစ်ခုထဲက ကြိုက်ရာတစ်ခုရွေးဖို့ ခွင့်ပြုသည်။ [illegible] [illegible] ဘယ်တစ်ခုကိုမှ မလိုက်နာနိုင်တာခက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကို သူက သဒ္ဒါကို ပြောပြမိတော့ ...

"တော်ကြာ အမွေပြတ်စွန့်လွှတ်လိုက်ရင် ဘယ်လိုလုပ်မလဲ မိုးချမ်းရဲ့"

"အင်း၊ အဲဒါခက်တာပေါ့၊ ဟာ ဟုတ်ပြီ၊ ကိုယ်တစ်ခု စဉ်းစားမိပြီ"

"ဘာလဲ"

"သူတို့ပေးစားတဲ့မိန်းမတော့ မယူနိုင်ဘူး၊ အိမ်ပြန်လာဆိုရင်တော့ ပြန်လာမယ်"

သူ့စကားကြောင့် သဒ္ဒါ့မျက်နှာကလေး ငြိုးသွားလေသည်။ သူက ...

"အဟဲ၊ အိမ်ပြန်နိုင်တယ်ဆိုတာက ကိုယ်တစ်ယောက်တည်း ပြန်နိုင်တာကို ပြောတာ မဟုတ်ဖူး၊ သဒ္ဒါပါမှပါ၊ အခုချိန်မှာ ကိုယ် သဒ္ဒါ့ကို မခွဲနိုင်ဘူးလေ၊ အဲဒါ ... သဒ္ဒါ့ကိုပါ ခေါ်သွားချင်တာ၊ သဒ္ဒါဘက်က ဆုံးဖြတ်ချက်ပဲကျန်တော့တယ်"

"အဲ"

"ကိုယ်တို့ တစ်ချက်ခုတ်၊ နှစ်ချက်ပြတ် လုပ်လိုက်ရအောင်လား သဒ္ဒါ"

"ဟင်၊ ဘယ်လို"

"သဒ္ဒါ အိမ်ကပေးစားတဲ့သူကို ယူမှာလား"

"အိုး၊ မယူနိုင်ပါဘူး၊ သိလည်းမသိ၊ ချစ်လည်းမချစ်"

"ကိုယ်လည်း သဒ္ဒါကလည်းလွဲရင် ဘယ်သူ့ကိုမှ ယူနိုင်ဘူး၊ အဲဒီတော့ ... သဒ္ဒါပဲ ကိုယ့်နောက်ကို လိုက်ခဲ့ပေတော့ ဒါဆိုရင် ... ကိုယ်လည်း အမွေဖြတ်မခံရတော့ဘူး၊ ချစ်သူနဲ့လည်း

www.burmeseclassic.com

www.burmeseclassic.com



မခွဲရတော့ဘူး"

"ဩော် ... ဒါဆို သဒ္ဒါကကျတော့ မိဘတွေကို ကယောင်ကဆန် လုပ်ရမယ်ဆိုတဲ့ သဘောပေါ့"

"ခဏတော့ စိတ်ဆိုးခံရမှာပဲ သဒ္ဒါ၊ ဒါပေမယ့် ... ကိုယ့်မိဘတွေက သမီးပြန်အပ်ရင် သဒ္ဒါ့မိဘတွေ ကျေနပ်သွားမှာပါ၊ ကိုယ့်မိဘတွေက အပြောကောင်း၊ သဘောကောင်းတယ်၊ ပြီးတော့ ... ကိုယ်က မိန်းကလေးရှင်တွေ အတော်များများ လက်ခံနိုင်တဲ့သူပါ"

"အံမယ်၊ သူ့ကိုယ်သူများ"

"တကယ်ပြောတာ သဒ္ဒါရဲ့ ... ကိုယ့်မိဘတွေနဲ့တွေ့ပြီးရင် သဒ္ဒါ့မိဘတွေ စိတ်ဆိုးပြေသွားမှာပါ"

"သူပြောတာယုံပြီး မိန်းကလေးက စွန့်စားရမလိုဘဲ"

အခြေအနေက မဆိုးပါ။ ဒီပုံအတိုင်းဆို သဒ္ဒါ သူ့ဘက်ပါနိုင်သည်။ သဒ္ဒါ့အဖြစ်က သူ ပြောသလို မလုပ်၍ မဖြစ်မှန်း သူ ကောင်းကောင်း သဘောပေါက်သည်။

"သဒ္ဒါ့အနေနဲ့ သူငယ်ချင်းတွေနဲ့လည်း တိုင်ပင်လိုက်ပါဦးလေ၊ အချိန်တော့ နည်းနည်းရပါသေးတယ်၊ အဲ ... ဒီရက်အတွင်းဆုံးဖြတ်ပေါ့"

"အင်း"

သူတို့နှစ်ယောက် အအေးသောက်ပြီး ပြန်ခဲ့ကြသည်။ အပေါ်ထပ်နှင့် အောက်ထပ်ဆိုသော်လည်း သဒ္ဒါနှင့်ခွဲရမှာကို သူ လွမ်းနေသည်။ ပိုရန်ကောဟု ဆိုချင်လည်းဆိုပေရော့ ...

နောက်တစ်နေ့ရောက်တော့ ... သဒ္ဒါက သူ့ကို ဝမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



စရာစကား ပြောလာသည်။

"ဒေါ်အိနဲ့ညီကြတော့ ရှင့်ဘက်ကို မဲပေးတာပဲ မိုးချမ်း"

"ဟင်၊ ဘယ်လို"

"သူတို့က သဒ္ဒါကိုပြောတယ်၊ ကိုယ်မသိ၊ ကိုယ်မချစ်တဲ့သူကို မိဘပေးစားလို့ လက်ထပ်မယ့်အစား ရှင် ခေါ်ရာနောက်ကိုသာ ယုံကြည်စိတ်ချစွာနဲ့ လိုက်သွားပါတဲ့လေ"

"ကောင်းလိုက်တဲ့ အတွေးအခေါ်ပဲ၊ ကိုယ့် ဘော်ဒါတွေကလည်း ဒေါ်အိတို့လိုပဲ ထောက်ခံအားပေးကြတယ်၊ ကဲ ... ပြော၊ သဒ္ဒါကရော ကိုယ့်ကို ချစ်သလား"

"ခုမှတော့ ... ချစ်ရတော့မှာပေါ့"

"ဩော်၊ မတတ်သာလို့ ချစ်ရတော့မယ့်ပုံပါလား"

"အဟင်း၊ အဲသလိုလည်း မဟုတ်ရပါဘူးရှင်၊ သဒ္ဒါကိုယ်တိုင်လည်း ရှင့်ကို ချစ်နိုင်လို့ပေါ့ရှင်"

"ဝမ်းသာလိုက်တာ သဒ္ဒါရယ်၊ အဲသလို လုပ်စမ်းပါ၊ ဒါဆို ကိုယ်တို့ လစ်ရုံပဲ ရှိတော့တာပေါ့နော်"

"သဒ္ဒါ ကြောက်နေတယ်"

"ဘာမှ ကြောက်စရာမလိုဘူး၊ ကိုယ့်ကိုမယုံဘူးလား"

"ယုံတာ၊ မယုံတာထားပါ၊ ဟိုရောက်ရင် သဒ္ဒါမိဘတွေဆီ ချက်ချင်းလိုက်တောင်းပေးရမယ်နော်"

"စိတ်ချစမ်းပါ သဒ္ဒါရယ်၊ အခုကတည်းက ကိုယ့် ဖေဖေနဲ့ မေမေကို ကြိုတင်အကြောင်းကြားထားပါ့မယ်၊ ဘာမှ စိတ်ပူမနေနဲ့ ... စိတ်အေးလက်အေးသာနေ ... ဟုတ်ပြီလား သဒ္ဒါ"

-----ဝဝဝဝဝ-----

www.burmeseclassic.com

www.burmeseclassic.com

## [တစ်ဆယ့်ရှစ်]

"တို့မျှားသားနဲ့ အကြောင်းပါသူဆိုတော့ တို့မျှားသမီးပဲ ပေါ့ကွယ်၊ သား သဘောကျသူကို မေမေတို့က သဘောမတူနိုင်စရာအကြောင်း ဘာမှ မရှိဘူး၊ သမီးတို့ကို ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနားကို လက်ထပ်ပေးဦးမှာ"

သူ့မိခင်ရဲ့ နွေးထွေးလှိုက်လှဲစွာ ကြိုဆိုမှုကြောင့် သဒ္ဒါ ...နှာလေး လန်းလာသည်။ အားငယ်ရိပ်တွေ ပျောက်ကွယ်သွား... တွေ့ရသည်။

ဒါတင်မက ... သူ့ဖခင်ကလည်း အားပေးသည်။ သဒ္ဒါ ...နာမည်မေးသည်။

"သမီးရဲ့ မိဘတွေက ပုသိမ်ကဆိုတော့ ဘယ်သူတွေ

www.burmeseclassic.com

www.burmeseclassic.com



များလဲကွယ့်”

“ဦးမြဦးနဲ့ ဒေါ်တင်တင်ယုပါ”

“ဟော၊ ရွှေမေတ္တာ ပုသိမ်ဟာလဝါ ဦးမြဦးလား”

“ဟုတ်ကဲ့”

“ဟား ဟား ဟား ဟား၊ ကံကောင်းလို့ပါလားဟေ့၊ ကတ်သီးကတ်သတ် လွဲတော့မလို့ ... ဦးရဲ့သား မိုးချမ်းနဲ့ပေးစားမယ့် ဦးရဲ့မိတ်ဆွေဆိုတာ ဦးမြဦးပဲပေါ့”

“ရှင်”

“ဗျာ”

“မြဦးကြီးသာ သိရင်တော့ တော်တော့်ကို ဝမ်းသာရှာမှာပဲဟေ့၊ ငါ့သားနဲ့ ညည်းကလည်း ကြံကြံဖန်ဖန်ပါလားကွယ့်”

“ဟော် တော့်”

“မင်းတို့နှစ်ယောက်က ဘယ်သူ၊ ဘယ်ဝါဆိုတာတောင် မမေးဘဲ ပေးစားမယ်ဆိုတာနဲ့ လစ်ကြတော့တာကိုး ... ဟား ဟား ဟား ဟား”

“ဟုတ်ပါရဲ့ရှင်၊ ခုတော့ ... ဟန်ကျသွားတာပေါ့”

သူ့မိခင်လည်း ဝမ်းသာနေသည်။ သူနှင့် သဒ္ဒါကတော့ အံ့သြမဆုံး ဖြစ်ရသည်။

“ဦးရဲ့သူငယ်ချင်းမြဦးက သူ့သမီးလေး ရန်ကုန်မှာနေပြီး ဘယ်ကမှန်းမသိ၊ အကြောင်းမသိဘာမသိတဲ့ လူငယ်တစ်ယောက်နဲ့ မဖြစ်သင့်တာ ဖြစ်မှာစိုးပြီး ရင်ဖွင့်ပြောပြရာက ဦးတို့လူကြီးချင်း လူငယ်တွေကို နေရာချထားပေးဖို့ အကြံရသွားတာပေါ့”

“ဩော်”

www.burmeseclassic.com

www.burmeseclassic.com



“မသိပါဘူး အဖေရယ်၊ ကျွန်တော်က မိန်းမပေးစားမယ် ဆည်းကြားရော လန့်သွားတာပဲ၊ ဒီလိုမှန်းသိ သဒ္ဒါကို ခက်ခက် ခဲခဲ မပိုးပမ်းခဲ့ပါဘူးဗျာ၊ ဖေဖေတို့ပေးစားတာပဲ ဇိမ်နဲ့လက်ခံလိုက် ရင် ပြီးရော ... ခုတော့ ... အာပေါက်မတတ် ပြောယူရတာဗျ”

“ဟယ်၊ ဘာတွေ လျှောက်ပြောနေတာလဲ မိုးချမ်းရဲ့၊ ရှက် စရာကြီး”

“ကဲပါ သမီးရယ်၊ ခုမှတော့ ရှက်မနေပါနဲ့တော့ ... သမီး မိဘတွေကို အခုပဲ အမေတို့ ဖုန်းဆက်လိုက်တော့မယ်”

အားလုံး ပျော်တပြုံးပြုံးဖြစ်သွားကြသည်။ သူနှင့်သဒ္ဒါ အလည်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး ပြုံးမိကြ သည်။

“တော်ပါသေးရဲ့ သဒ္ဒါရယ်၊ ကိုယ်တို့နှစ်ယောက် ကတ် သီးလေး လွဲတော့မလို့နော်”

“အင်းနော်၊ မိဘတွေပေးစားတာ မိုးချမ်းမှန်း မသိဘဲ ငြင်း ဆိုက်မိရင်ရော၊ မိုးချမ်းနောက်မလိုက်ဘဲ နေလိုက်မိရင်ရော ဆိုရင် လွဲပြီပေါ့”

“ကိုယ်တို့နှစ်ယောက်ရဲ့ဖူးစာ မှန်တာကိုး”

ထို့နောက် ... သူနှင့်သဒ္ဒါတို့ရဲ့ မင်္ဂလာပွဲကို သူ့မြို့မှာ ခြိမ့်ခြိမ့်သဲ ကျင်းပသည်။ ပြီးလျှင် ... သဒ္ဒါတို့ပုသိမ်မြို့တွင်လည်း တစ်ခါ ကျင်းပသည်။

“ရန်ကုန်မှာတော့ ညည့်ခံပွဲလေးပဲလုပ်လိုက်ပေါ့၊ ဒါမှ နယ် ကို မလိုက်ဖြစ်တဲ့ သူငယ်ချင်း၊ အပေါင်းအသင်းတွေအတွက် အဆင်ပြေမှာ ...”

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ... ရန်ကုန်မှာလည်း ညည့်ခံပွဲတစ်ပွဲလုပ်ဖြစ်သည်။ သူတို့နှစ်ယောက်ကိုကြည့်ကာ အံ့ဩနားမလည်နိုင်သူတစ်ယောက် ရှိနေသည်။ သူကတော့ ပန်းကြည်နူးပင် ဖြစ်သည်။ ဘာတွေ ဘယ်လိုတွေဖြစ်ကုန်မှန်း ပန်းကြည်နူးခမျာ နားလည်ပုံမရပါ။ နောက်တစ်ခုက ကြည်နူးသည် သူ့ကို ယခုလောက်ထိချမ်းသာလိမ့်မည်ဟု ထင်ထားပုံမရပါ။ နယ်ကနေ အလုပ်လာလုပ်သော သာမန်လူတစ်ယောက်ဟုသာ ထင်ထားခဲ့ပုံရသည်။

ပန်းကြည်နူးမမျှော်မှန်းထားခဲ့သော ခမ်းနားထယ်ဝါမှုကမင်္ဂလာညည့်ခံပွဲတစ်ခုကပင် ထင်ပေါ်နေပေသည်။ ကြည်နူးရင်ထဲနမြောသလို၊ အောင့်သက်သလို ခံစားချက်က ရင်ဝဆို့နေသည်။ အပြင်ပန်းမှာတော့ အပြုံးမပျက် ထုံးစံအတိုင်း လှလှပပလေး ပြုံးနေမိသည်။။

သဒ္ဓါက ဘာရယ်မဟုတ် ကြည်နူးကို ကြည့်မိခိုက်ကြည်နူးက ဒေါ်အိနှင့် ညို့ကို တီးတိုးကပ်ပြောလိုက်တာတွေ့ရသည်။ ဘာပြောလိုက်မှန်းတော့ မသိ။ သို့သော် ...

ကြည်နူးပြောတာ နားထောင်ပြီးသွားသောအခါ ညို့ပခုံးလေးလှုပ်သွားပါသည်။ ညို သဘောကျစွာ ရယ်နေပြီ။ ဒေါ်အိကတော့ ခပ်မှုံမှုံ ပြုံးနေတာ တွေ့ရသည်။

-----၀၀၀၀၀-----



www.burmeseclassic.com

www.burmeseclassic.com

[တစ်ဆယ့်ကိုး]

## မင်္ဂလာဦးည။

"ကဲ ... ကဲ ... အဲဒါ ... ရှင့်ကြောင့် ... ရှင့်ကြောင့်၊ ကျွန်မ အခုလိုပြောခံရတာ ရှင့်ကြောင့် သိရဲ့လား"

"အား ... နာတယ်၊ နာတယ် ရှင်မရ၊ ဘာလဲ၊ ဘာကို ကိုယ့်ကြောင့်ပြောခံရတာလဲ"

"ဘာကိုရမလဲ! ရှင် အနေမတတ်အထိုင်မတတ်ခဲ့လို့ ခုလို အပြောခံရတာပေါ့"

"အာ ... ဘာတွေလဲ"

"ဒီနေ့ မင်္ဂလာဧည့်ခံပွဲမှာ ကြည်နူးက ဘာတွေပြောသွားတယ် မှတ်လဲ"

"အဲဒါ ကိုယ် ဘယ်သိမှာလဲ"

"ကြည်နူးက ပြောတယ်တဲ့၊ သဒ္ဒါက မိုးချမ်းကိုရတာ

www.burmeseclassic.com

www.burmeseclassic.com


အရမ်း ကံကောင်းတယ်တဲ့"

"အဲဒါ ဟုတ်တာပဲလေ"

"ဘာဟုတ်တာပဲလဲ! အဲ့ဒီ ကံကောင်းခြင်းကို ကြည်နူးက ပေးတာတဲ့"

"ဘယ်လို"

"ရှင့်ကို သူ့, မယူချင်လို့ ကျွန်မက ရတာတဲ့လေ ... ကဲ"

"ဘယ်လိုပဲရရလေ၊ ရရင်ပြီးရောပေါ့၊ ဟုတ်ဖူးလား ... အား အား၊ နာလိုက်တာ မိန်းမရာ"

"ရှင့်ကို သူက မကြိုက်ခဲ့လို့တဲ့၊ ပြော ... ကြည်နူးပြောတဲ့ အတိုင်း ဟုတ်တယ်မို့လား ... သူသာ ပြန်ကြိုက်ရင် ရှင်လည်း ကြိုက်မှာပဲ မဟုတ်လား"

မိုးချမ်းက သဒ္ဒါ့လက်လေးကို နူးညံ့ညင်သာစွာ ဆုပ်ကိုင် လိုက်သည်။ ပြီးမှ ...

"သဒ္ဒါရယ်၊ အဲသလိုမဟုတ်ရပါဘူး၊ ကိုယ်လေ ကြည်နူး ကို လုံးဝ စိတ်မဝင်စားခဲ့ဘူး၊ အဲ နှစ်ယောက်စလုံး ယှူဆို ယှူပစ် လိုက်ဦးမယ်၊ ချစ်တာတော့ သဒ္ဒါတစ်ယောက်တည်းကိုပါကွာ"

"ဟင် ... လူဆိုး၊ သွား ... သွား၊ ရှင့်ကို ကျွန်မ, လုံးဝ မပေါင်းနိုင်ဘူး၊ ဒါပဲ"

မေတ္တာများစွာဖြင့်
ထူးမြတ်ကြယ်

www.burmeseclassic.com

# ထူးမြတ်ကြယ်

## ထွက်ရှိပြီးသော လုံးချင်းဝတ္ထုများ


၁။ ထိချက်ပြင်းတဲ့မြား

၂။ ပန်းနားလည်တဲ့လိပ်ပြာလေး

၃။ ပန်းပွင့်လမင်း (Power King) ဗွီဒီယို

၄။ ဆွဲလက် (Power King) ဗွီဒီယို

၅။ အလင်းသစ်နဲ့ ကောင်းကင်နှစ်

၆။ အချစ်ကယ် (Power King) ဗွီဒီယို

၇။ ရင်ခုန်ထူးခြား (Power King) ဗွီဒီယို

၈။ မမီမကမ်းနဲ့ မလွမ်းချင်ဘူး

၉။ ဖွ ... ဟဲ့

၁၀။ နှလုံးသားချင်းဆိုင်

၁၁။ ကြောင်ခြစ်တဲ့ဖူးစာ

၁၂။ နင်နဲ့ငါ (Power King) ဗွီဒီယို

၁၃။ တံ

၁၄။ ဟုတ်


www.burmeseclassic.com